## မြန်မာနိုင်ငံ၂၀၁၉ ခုနှစ်၊ လူ့အခွင့်အရေးအစီရင်ခံစာ

## အနှစ်ချုပ်

မြန်မာနိုင်ငံတွင် လွှတ်တော်တစ်ပိုင်း အစိုးရစနစ်ရှိပြီး လွှတ်တော်က သမ္မတကို ရွေးချယ်တင်မြှောက်သည်။ လွှတ်တော်အမတ်နေရာ လေးပုံတစ်ပုံကို တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများအား ရွေးချယ်ခန့်ထားရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များက ခွင့်ပြုထားသည်။ စစ်တပ်သည် ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် ဒုတိယသမ္မတ နှစ်ဦးအနက် တစ်ဦးတို့ကို ခန့်ထားနိုင်သည့်အပြင် သမ္မတက နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာခဲ့လျှင် အစိုးရ၏ အာဏာအရပ်ရပ်ကို စစ်တပ်ကရယူပိုင်ခွင့်ရှိသည်။ ၂၀၁၅ ခုနှစ်က တစ်နိုင်ငံလုံးတွင် ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲသည် ပြည်သူ့ဆန္ဒကို ထင်ဟပ်ပြီး စိတ်ချယုံကြည်ဖွယ် ဖြစ်သည်ဟု လူထုကကျယ်ကျယ်ပြန့်ပြန့် လက်ခံခဲ့ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အရပ်သားအစိုးရ၏ ခေါင်းဆောင်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များက သူမအား သမ္မတဖြစ်လာခြင်းမှ ဟန့်တားထားခြင်းကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံရာထူးတွင်သာ ဆက်လက်တည်ရှိ နေခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန (တာဝန်ထမ်းဆောင်ဆဲ ဗိုလ်ချုပ်ကြီးတစ်ဦး ဦးဆောင်သော) လက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) သည် ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ယူရသည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် MPF ၏ အုပ်ချုပ်မှုဆိုင်ရာ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း လုပ်ငန်းလည်ပတ်မှုအရ ကွဲပြားခြားနားသည်။ ကာကွယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များသည် ပြည်ပကာကွယ်ရေးအတွက် တာဝန်ရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအား ဆန့်ကျင်တိုက်ခိုက်ရေးအပါအဝင် ပြည်တွင်းလုံခြုံရေးတွင် ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်ဘက်အာဏာပိုင်များတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်မရှိဘဲ လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လုံခြုံရေးတပ်ဖွဲ့များအပေါ် ထိရောက်သောကွပ်ကဲမှုကို ဆုပ်ကိုင်ထားသည်။

မွတ်ဆလင်ဘာသာဝင်များဖြစ်ကြသည့် လူနည်းစုရိုဟင်ဂျာလူထုအား အလွန်အကျူး ဆန့်ကျင်ဖိနှိပ်ခြင်းများနှင့် ခွဲခြားဆက်ဆံမှုများသည် ရခိုင်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။ ဇန်နဝါရီလတွင်ဖြစ်ပွားခဲ့သော တပ်မတော်နှင့် တိုင်းရင်းသား ရခိုင်တပ်မတော် (AA) တို့အကြား ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ထောင်ပေါင်းများစွာသော အရပ်သားများ နေရာစွန့်ခွာထွက်ပြေးခဲ့ကြရပြီး လုံခြုံမှုမရှိသောပြည်သူများအား လူသားချင်းစာနာမှုအခွင့်ရေးကို ပြတ်တောက်စေခဲ့သည့်အပြင် အရပ်သားများအတွင်း ဆိုးရွားသော မတရားပြုမှုများ ဖြစ်ပေါ်စေခဲ့သည်။ တပ်မတော် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ခိုက်မှုအပြင် ထိုဒေသရှိ တိုင်းရင်းသား

လက်နက်ကိုင်အဖွဲ့များအချင်းချင်း တိုက်ခိုက်မှုတို့ကြောင့် ထောင်ပေါင်းများစွာသောလူများသည် ယာယီအားဖြင့် စစ်ဘေးရှောင်ခဲ့ကြရပြီး အရပ်သားသေဆုံးမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အတင်းအကျပ်တပ်သားသစ်စုဆောင်း မှုများအပါအဝင် မတရားပြုမှုများ ဖြစ်ပေါ်စေခဲ့သည်။

သိသာထင်ရှားသော လူ့အခွင့်အရေးပြဿနာများတွင် -- လုံခြုံရေးတပ်ဖွဲ့များက စီရင်ပိုင်ခွင့်ကိုကျော်လွန်၍ ထင်ရာစိုင်းသတ်ဖြတ်မှုများ၊ လုံခြုံရေးတပ်ဖွဲ့များကြောင့် ပျောက်ကွယ်သွားမှုများ၊ လုံခြုံရေးတပ်ဖွဲ့များက ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် အခြားပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အစိုးရက ထင်သလိုဖမ်းဆီးထိန်းသိမ်းခြင်းများ၊ ပြင်းထန်၍ ရုံဖန်ရံခါ အသက်ကိုခြိမ်းခြောက်သော အကျဉ်းထောင်အခြေအနေများ၊ နိုင်ငံရေးအကျဉ်းသားများ၊ ပုဂ္ဂလိကလွတ်လပ်မှုအား ထင်သလို သို့မဟုတ် ဥပဒေမဲ့ စွက်ဖက်မှုများ၊ တရားစီရင်ရေး၏ လွတ်လပ်သောတရားစီရင်ရေးနှင့်ပတ်သက်သည့် ထင်ရှားသောပြဿနာများ၊ သတင်းထောက်များကို တစ်ဖက်သတ်ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းအပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ပြင်းထန်စွာ တားဆီးကန့်သတ်ခြင်း၊ ငြိမ်းချမ်းစွာဆန္ဒပြသူများအား ဖမ်းဆီးခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှုအပေါ် ကန့်သတ်ပိတ်ပင်ခြင်း၊ ဘာသာရေးလွတ်လပ်ခွင့်ကို အထူးသဖြင့် ရိုဟင်ဂျာများအပေါ် အပြင်းအထန်တားဆီးကန့်သတ်ခြင်း၊ အချို့အရာရှိများ၏ သိသာထင်ရှားသော အဂတိလိုက်စားမှုလုပ်ရပ်များ၊ အချို့သောဥပဒေနှင့်မညီသည့် လူသစ်စုဆောင်းမှုနှင့် ကလေးစစ်သားများ အသုံးပြုခြင်း၊ လူကုန်ကူးခြင်း၊ နိုင်ငံသား၊ လူမျိုးစုနှင့် ဘာသာရေးလူနည်းစုများကိုပစ်မှတ်ထားသည့် အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုများပါဝင်သည့် ရာဇဝတ်မှုများ၊ ဥပဒေများသည် အာဏာသက်ရောက်မှု မရှိသလောက်ရှားပါးသော်လည်း အရွယ်ရောက်ပြီးသူများအကြား နှစ်ဦးသဘောတူ လိင်တူ ဆက်ဆံခြင်းကို ရာဇဝတ်မှုအဖြစ် ဥပဒေများသတ်မှတ်ထားခြင်းနှင့် ကလေးအလုပ်သမားများ အတင်းအကျပ် အသုံးပြုခြင်းတို့ပါဝင်သည်။

တပ်မတော်က ယခင်ကရော ဆက်လက်ကျူးလွန်ဆဲ မတရားပြုမှုများအတွက် လုံးဝနီးပါးကင်းလွတ်ခွင့်များ ဆက်လက် ရှိနေခဲ့သည်။ အမှုအနည်းငယ်တွင်သာ အစိုးရက မတရားပြုမှုများအတွက် တာဝန်ရှိသည့်အရာရှိများအား ကန့်သတ် အရေးယူခဲ့သော်လည်း ရာဇဝတ်မှု၏ပြင်းထန်မှုနှင့် အရေးယူမှုတို့မှာ အချိုးအစားညီမျှခြင်းမရှိပေ။

သတ်ဖြတ်ခြင်း၊ ဥပဒေနှင့်မညီသော ကလေးစစ်သားများ အသုံးပြုခြင်း၊ အရွယ်ရောက်ပြီးသူများနှင့် ကလေးသူငယ်များအား အဓမ္မအလုပ်စေခိုင်းခြင်းတို့ကို တိုင်းရင်းသားလက်နက်အဖွဲ့အချို့က လူ့အခွင့်အရေးအလွဲသုံးမှုများကို ကျူးလွန်ခဲ့ကြပြီး ပဋိပက္ခဇုန်များ အတွင်းရှိ အရပ်သားများအား အကာအကွယ်ပေးရန် ပျက်ကွက်ခဲ့ကြသည်။

## အပိုင်း ၁။ လွတ်လပ်ခွင့်အပါအဝင် လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာအပေါ် လေးစားမှု

### က။ တစ်ဖက်သတ်စီရင်မှုကြောင့်အသက်ဆုံးရှုံးစေခြင်းနှင့် ဥပဒေနှင့်မညီညွတ်သော သို့မဟုတ် နိုင်ငံရေးအရ လှုံ့ဆော်သော သတ်ဖြတ်ခြင်း

လုံခြုံရေးတပ်ဖွဲ့များကကျူးလွန်ခဲ့သော ထင်ရာစိုင်း သို့မဟုတ် ဥပဒေနှင့်မညီသောသတ်ဖြတ်မှု အစီရင်ခံစာများစွာရှိပါသည်။ (အပိုင်း ၁၊ ဆ ကိုလည်းကြည့်ပါ)။

လုံခြုံရေးတပ်ဖွဲ့များသည် အရပ်သားများအပေါ် လွန်ကဲသော တစ်ခါတရံသေစေလောက်သော အင်အားကို အသုံးပြုခဲ့ကြသည်။ မေလ ၂ ရက်က ထိန်းသိမ်းထားသောရွာသား ၂၀၀ အနက် ရှစ်ယောက်ကို ရခိုင်ပြည်နယ်မြောက်ပိုင်း ရသေ့တောင်မြို့ရှိ AA တပ်ဖွဲ့နှင့်ဆက်သွယ်သည်ဟု သံသယရှိသည့်အတွက် စစ်သားများက သတ်ဖြတ်ခဲ့ကြသည်။

ထိန်းသိမ်းထားစဉ်တွင် ရဲတပ်ဖွဲ့ကမတော်မတရားပြုမှုရလဒ်အဖြစ် သံသယတရားခံများ သေဆုံးခဲ့သော သတင်းများရှိခဲ့သည်။ ဇွန်လ ၂ ရက်တွင် ဘိလပ်မြေစက်ရုံတည်ဆောက်မှုအား ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်သည်ဟု စွပ်စွဲကာ ထွန်းမြင့်ဝင်းအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ၎င်းအား မန္တလေးရှိ အိုးဘိုအကျဉ်းထောင်သို့ပို့ခဲ့ပြီး ဇွန်လ ၅ ရက်တွင် သေဆုံးသွားခဲ့သည်။ ၎င်း၏မိသားစုက ချုပ်နှောင်ထားစဉ်အတွင်း ရဲတပ်ဖွဲ့က မတော်မတရားပြုမှုကြောင့် ၎င်းသေဆုံးရခြင်းဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ဇွန်လ ၁၃ ရက်နေ့တွင် ထွန်းမြင့်ဝင်း၏မိခင်ကိုလည်း ဆန္ဒပြမှုဖြင့်တရားစွဲခဲ့ပြီး ၎င်း၏အမှုကို နိုဝင်ဘာလအထိ ဆက်လက်စစ်ဆေးနေဆဲဖြစ်သည်။ အောက်တိုဘာလ တစ်လျှောက်လုံး ရခိုင်ပြည် နယ်ရှိ တပ်မတော်က ထိန်းသိမ်းထားမှုတွင် လူ ၁၅ ဦးသေဆုံးခဲ့ရသည်။

၂၀၁၇ ခုနှစ်တွင် ရန်ကုန်နိုင်ငံတကာလေဆိပ်ပြင်ပတွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော ထင်ရှားသည့် မွတ်ဆလင်ရှေ့နေနှင့် ဒေါ်အောင်ဆန်းစုကြည်၏ အကြံပေးပုဂ္ဂိုလ် ဦးကိုနီသေဆုံးမှုတွင် တရားစွဲခံရသော ပုဂ္ဂိုလ်လေးဦး၏အမှုသည် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ထိုလေးဦးအား ပြစ်မှုထင်ရှားစီရင်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ အောက်တိုဘာလအထိ စည်းရုံးစီစဉ်သူဟု ဆိုသောသူကို ရှာဖွေမတွေ့ရှိသေးပါ။ အရပ်ဘက်အဖွဲ့အစည်းအုပ်စုများနှင့် ဘာသာ ရေးအဖွဲ့များက ဦးကိုနီ၏သေဆုံးမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် စစ်ဘက်မတရားပြုမှုများအတွက် တာဝန်ခံဆောင်ရွက်နေကြသော ရှေ့နေများအပြင် တိုးတက်သော ပြုမူဆက်ဆံရေးအတွက် တိုက်ပွဲဝင်နေကြသော မွတ်ဆင်များအပေါ် ကျောချမ်းစေသော သက်ရောက်မှုရှိခဲ့သည်ဟု သဘောထား ပေးခဲ့ကြသည်။

၂၀၁၇ ခုနှစ်က တပ်မတော်မှချေမှုန်းစဉ်အတွင်း အင်းဒင်ကျေးရွာရှိ ရိုဟင်ဂျာအမျိုးသားများနှင့် ကလေးများ ၁၀ ဦးကို လူသတ်မှု ကျူးလွန်ခဲ့ကြသည့် စစ်သား ၆ ဦးကို ၎င်းတို့ကျခံထားရသည့် ထောင်ဒဏ် ၁၀ နှစ်မှ တစ်နှစ်မပြည့် တပြည့်ကျခံခဲ့ပြီးနောက် မေလ ၆ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။

ပြည်တွင်းပဋိပက္ခနှင့်ဆက်စပ်သော ထင်ရာစိုင်းနှင့် ဥပဒေမဲ့သတ်ဖြတ်မှုများလည်းဖြစ်ပွားခဲ့သည်။ (အပိုင်း ၁၊ ဆ ကိုကြည့်ပါ)။

## ခ။ ပျောက်ဆုံးမှု

လုံခြုံရေးတပ်ဖွဲ့များကြောင့် ပျောက်ဆုံးမှုအစီရင်ခံစာများစွာရှိခဲ့သည်။

ဖေဖော်ဝါရီလလယ်အတွင်း မြို့တိုင်းရင်းသားတစ်ဦး၊ ရခိုင်တိုင်းရင်းသား ငါးဦး စုစုပေါင်းခြောက်ဦး တပ်မတော်၏ အတင်းအကျပ်ပြုခြင်းကြောင့် ပျောက်ဆုံးမှုကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းပြုစုထားသည်။

ပြည်တွင်းပဋိပက္ခများနှင့်ဆက်စပ်သော ပျောက်ဆုံးမှုများလည်းဖြစ်ပွားခဲ့သည်။ (အပိုင်း ၁၊ ဆ ကို ကြည့်ပါ)။

## ဂ။ ညှဉ်းပမ်းနှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသော ပြုမူဆက်ဆံ မှု သို့မဟုတ် အပြစ်ပေးမှု

ညှဉ်းပမ်းနှိပ်စက်ခြင်းကို ဥပဒေက တားမြစ်ထားသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခနှင့်သက်ဆိုင်ခြင်း မရှိသောဖြစ်ရပ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းသားများ၊ အချုပ်သားများ၊ အခြားနိုင်ငံသားများနှင့် နိုင်ငံမဲ့ပုဂ္ဂိုလ်များအား ညှဉ်းပမ်းနှိပ်စက်မှု ပြုကြသည် တစ်နည်းအားဖြင့် မတရားပြုကြသည်။ ဥပမာ-ရခိုင်ပြည်နယ်တွင် အာဏာပိုင်များက ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် စွပ်စွဲထားသောပြစ်မှုကျူးလွန်သူများကို အပြစ်ပေးရန် ယေဘုယျအားဖြင့် မည်သည့်အရေးယူမှုမျှ မပြုလုပ်ကြပေ။

ယခုနှစ် သို့မဟုတ် ယခင်နှစ်မှ တပ်မတော်ကကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အစီရင်ခံ စာများကို အစိုးရက မည်သည့်စုံစမ်းစစ်ဆေးမှုမျှ ပြုလုပ်ခြင်းမရှိပေ။

မေလ ၁၀ ရက်နေ့က ရှမ်းပြည်နယ်၊ နမ့်ဆမ်မြို့နယ်တွင် စစ်သားနှစ်ဦးက တအောင်းတိုင်းရင်းသူတစ်ဦးကို အဓမ္မပြုကျင့်ပြီး ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။ မတ်လ ၁၈ ရက်နေ့က စစ်သား ၁၅၀ ခန့်သည် ရခိုင်ပြည်နယ်၊ မြောက်ဦး မြို့ရှိ ကျေးရွာတစ်ရွာကိုဝင်ရောက်ကာ အခြားကျေးရွာသားများနှင့်အတူ ဘုန်းတော်ကြီးကျောင်းတွင် ပုန်းအောင်းနေ သော လူငယ်အမျိုးသားများကို ဝိုင်းဝန်းပိတ်ဆို့ထားခဲ့သည်။ ထို့နောက်

အမျိုးသားများအားခွဲထုတ်ကာ အဝတ်အစား များချွတ်ခိုင်းပြီး AA အကြောင်းကိုမေးနေစဉ်အတွင်း ခုန်သည့်လေ့ကျင့်ခန်းကို အတင်းလုပ်ခိုင်း၍ ရိုက်နှက်ခဲ့ကြသည်။

အစီရင်ခံစာများအရ လုံခြုံရေးတပ်ဖွဲ့များသည် ထိန်းသိမ်းခံထားရသူများအား အပြင်းအထန်ရိုက်နှက်ခြင်းနှင့် အစာရေစာမပေးဘဲထားခြင်း၊ အိပ်မရအောင်ပြုလုပ်ခြင်းတို့ပါဝင်သော ကြောက်ရွံ့၍စိတ်ခြောက်ခြားစေရန် ဖန်တီး ထားသည့်နည်းစနစ်များဖြင့် ပြင်းထန်သော စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ လူ့အခွင့်အရေးအဖွဲ့များက လူနည်းစု လူမျိုးစုဧရိယာများရှိ ညှဉ်းပမ်းနှိပ်စက်မှုဖြစ်ရပ်များကို အစီရင်ခံရန် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ဩဂုတ်လ ၈ ရက်မှ ၂၂ ကနေ့အထိ AA အဖွဲ့ဝင်ဟု စွပ်စွဲခံရသောလူငယ်အမျိုးသားတစ်ဦးအား အဆက် အသွယ်ဖြတ်တောက်ထားကာ စစ်သားများက လျှပ်စစ်ကျဉ်စက်ကိုအသုံးပြု၍ AA နှင့်အဆက်အသွယ်ရှိသည်ဟု ဖြောင့်ချက်ပေးခိုင်းခဲ့ကြောင်း ကုလသမဂ္ဂအဆိုအရသိရှိရသည်။

**အကျဉ်းထောင်နှင့် ထိန်းသိမ်းရေးစခန်းများအခြေအနေ**

အကျဉ်းသားဦးရေ ပြည့်ကျပ်လွန်းခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေသောပြုမူဆက်ဆံမှုများနှင့်ရိက္ခာ၊ အဆောက် အအုံနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် ပြည့်စုံလုံလောက်မှုမရှိသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံလို အပ်မှုများကြောင့် အကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် ရက်စက်ကြမ်းကြုတ်သော တစ်ခါတစ်ရံ အသက် အန္တရာယ်ဖြစ်စေလောက်သော အခြေအနေများရှိကြောင်း ဆက်လက်ဖော်ပြသော အစီရင်ခံစာများ ရှိနေဆဲဖြစ်သည်။ လေ့လာသူများက ပိုမိုအချက်အချာကျသည့်နေရာတွင်တည်ရှိသော အကျဉ်းထောင်များတွင် အသေးအဖွဲ့တိုးတက်မှု များရှိသည်ဟု ဖြောင့်ပြခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေးဦးစီးဌာနသည် အကျဉ်းထောင်နှင့် အလုပ်စခန်းများစနစ်ကို စီမံ ခန့်ခွဲလျှက်ရှိပြီး အကျဉ်းထောင်နှင့် ထိန်းသိမ်းရေးစခန်းများသို့ နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) ကို ယေဘု ယျအားဖြင့် ဝင်ရောက်ခွင့်ပြုသည်မှလွဲ၍ နိုင်ငံတကာအဖွဲ့အစည်းများအား ဝင်ရောက်ခွင့်ကို သိသာထင်ရှားစွာ ကန့် သတ်ထားခဲ့သည်။

တပ်မတော်က ယင်း၏ထိန်းသိမ်းရေးစခန်းများကို ဝင်ရောက်ခွင့်မပြုပေ။

ရုပ်ပိုင်းဆိုင်ရာအခြေအနေ။ အကျဉ်းထောင် ၄၇ ခုနှင့် အလုပ်စခန်း ၄၈ ခုခန့်ရှိပြီး အလုပ်စခန်း ၄၈ ခုကို အစိုးရက" စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဌာနများ"နှင့်" ကုန်ထုတ်လုပ်ရေးဌာနများ"ဟု ခေါ်ဆိုသည်။ အကျဉ်းသား ၂၀,၀၀၀ ကျော်သည် ၎င်းတို့၏ပြစ်ဒဏ်စီရင်ချက်များကို နိုင်ငံအဝှမ်းရှိ အဆိုပါအလုပ်စခန်းများတွင် ပေးဆပ်လျှက်ရှိကြသည်။ အစီရင်ခံစာများအရ အာဏာပိုင်များသည် ဥပဒေကိုချိုးဖောက်ကာ စီရင်ချက်တွင် "အလုပ်ကြမ်း" ဟု မပါဝင်သော အကျဉ်းသားများကို အလုပ်စခန်းများသို့ ပို့ခဲ့သည့်အပြင် အကျဉ်းသားများအား အလုပ်သမားအဖြစ် ပုဂ္ဂလိကကုမ္ပဏီ များသို့ ငှားရမ်းခဲ့ကြသည်။ မကြာသေးမီနှစ်များတွင်

ပြုပြင်ပြောင်းလဲမှုများရှိခဲ့သော်လည်း အချို့သောအလုပ်စခန်းများ တွင် အထူးသဖြင့် အကျဉ်းသားများက မိုင်းအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြရသော စခန်း ၁၈ ခုတွင် အသက်အန္တရာယ်ခြိမ်းခြောက်မှုများ ရှိနေဆဲဖြစ်သည်။

ထင်ရှားသောလူ့အခွင့်အရေးများအဖွဲ့က အကျဉ်းသားပေါင်း ၁၀၀,၀၀၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည်။ အမျိုးသားများနှင့် အမျိုးသမီးများကို သီးခြားစီခွဲခြားထိန်းသိမ်းထားသည်။ အစီရင်ခံစာများအရသိရှိရသည်မှာ အကျဉ်း သားဦးရေ လွန်ကဲစွာပြည့်ကျပ်လွန်းခြင်းသည် များစွာသောအကျဉ်းထောင်များနှင့် အလုပ်စခန်းများတွင် အရေးကြီး သော ပြဿနာတစ်ခုဖြစ်သည်။ နိုင်ငံ၏အကြီးဆုံးအကျဉ်းထောင်ရှိ ထိန်းသိမ်းထားသူဦးရေသည် လက်ခံနိုင်သော အရေအတွက်ထက် နှစ်ဆကျော်ရှိသည်ဟု လူ့အခွင့်အရေးအဖွဲ့က အစီရင်ခံထားသည်။ အချို့အကျဉ်းထောင်များ တွင် စစ်ဆေးစီရင်ခြင်းမပြုရသေးသူများကို ပြစ်ဒဏ်ချမှတ်ပြီးသော အကျဉ်းသားများနှင့်အတူ ထိန်းသိမ်းထားသည်။ အာဏာပိုင်များက နိုင်ငံရေးအကျဉ်သားများကို သာမန်ပြစ်မှုကျူးလွန်သူများနှင့်ခွဲခြားထားသည်။ သို့ရာတွင် မြေယာ အခွင့်အရေးနှင့် ဆက်စပ်သောပြဿနာများအတွက် အာဏာပိုင်များက ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကိုမူ များသောအားဖြင့် သာမန်ပြစ်မှုကျူးလွန်သူများနှင့်အတူတကွ ထိန်းသိမ်းထားသည်။

အိပ်ရာနေရာများမှာပြည့်စုံလုံလောက်လေ့မရှိပေ။ ရံဖန်ရံခါ ဖျာတစ်ချပ်၊ သစ်သားစင် သို့မဟုတ် ကွန်ကရိ ကြမ်းပြင်တွင်ခင်းထားသော ဖယောင်းပုဆိုးတစ်ချပ်သာ ပါဝင်လေ့ရှိသည်။ အကျဉ်းသားများသည် သောက်သုံးနိုင် သော ရေသန့်ရလေ့မရှိကြပါ။ ဖြစ်ရပ်များစွာတို့တွင် မိသားစုဝင်များက အကျဉ်းသားများ၏ အခြေခံလိုအပ်မှုများနှင့် ဆေးဝါးများကို တရားဝင်ရိက္ခာနှင့်အတူ ဖြည့်စွက်ပံ့ပိုးပေးကြရသည်။ သောက်ရေသန့်၊ အကျဉ်းထောင်ဝတ်စုံ၊ ပန်းကန်၊ ခွက်နှင့် အသုံးအဆောင်ပစ္စည်းများပါဝင်သော မရှိမဖြစ် လိုအပ်သည့်ပစ္စည်းများအတွက် အကျဉ်းသားများက ထောင်ပိုင်များသို့ အခကြေးငွေပေးရကြောင်း အစီရင်ခံစာများအရ သိရှိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုသည် မပြည့်စုံသည့်ပြင် အကျဉ်းထောင်အတွင်းသေဆုံးမှုများကို ဖြစ်စေကြောင်း အစီရင်ခံစာများအရ သိရှိရသည်။ ၎င်းတို့သည် ငှက်ဖျားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဆုပ်ရောဂါ၊ အရေပြား ရောဂါနှင့် သန့်ရှင်းရေးအခြေအနေနှင့် ပုတ်သိုးသောအစားအစာများကြောင့်ဖြစ်သော ဝမ်းဗိုက်ပြဿနာများအပါအဝင် ကျန်းမာရေးပြဿနာများကို ခံစားကြရသည်။ အကျဉ်းသားဟောင်းများကလည်း သဘာဝပတ်ဝန်းကျင် ဘေးဒဏ်များ ကို ကာကွယ်မှုမပေးနိုင်သော ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုများ၏ ညံ့ဖျင်းသော ပြုပြင်ထိန်းသိမ်းမှုကြောင့် ကြွက်၊မြွေနှင့် မှိုတက်ခြင်းများကို စောဒကတက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်ရှိ အကျဉ်းထောင်အခြေအနေများမှာ အဆိုးတကာ့အဆိုးဆုံးဖြစ်ပြီး ရာနှင့်ချီသော ရိုဟင်ဂျာနှင့် ရခိုင်တိုင်းရင်းသားများအား ရခိုင်ပြည်နယ်အကျဉ်းထောင်နှင့် လုံခြုံရေးအရာရှိများက ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် မတရား ပြုမူမှုများရှိသည်ဟု အစီရင်ခံစာများအရ သိရှိရသည်။

အုပ်ချုပ်ရေး။ အချို့အကျဉ်းထောင်များသည် အကျဉ်းသားများအား နေရာကန့်သတ်ချက်များနှင့် လုံခြုံရေးစိုးရိမ်မှု များကို အကြောင်းပြကာ ဘာသာရေးကျင့်ဝတ်များကို အပြည့်အဝစောင့်ထိန်းကျင့်ကြံမှုကို ပိတ်ပင်ထားသည်။ ဥပမာ အကျဉ်းချခံထားရသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက အာဏာပိုင်များအနေဖြင့် ၎င်းတို့အား ဥပုသ်နေ့များတွင် ဥပုသ်စောင့်ခြင်း၊ သင်္ကန်းဝတ်ခွင့်၊ ခေါင်းတုံးရိပ်ခွင့် သို့မဟုတ် ဘုန်းတော်ကြီးသိက္ခာပုဒ်နှင့်အညီ အချိန်ဇယားဖြင့် အစားသုံးခွင့်တို့ကို ငြင်းပယ်ခဲ့ကြသည်ဟု ပြောကြားခဲ့ကြသည်။ လုံခြုံရေးကိစ္စကို အကြောင်းပြကာ အာဏာပိုင်များက မွတ်ဆလင်အကျဉ်းသားများအား သောကြာနေ့ဝတ်ပြုဆုတောင်းခြင်းနှင့် ရမ်ဒန်ဥပုသ်စောင့်ခြင်းတို့အတွက် အုပ်စု တစ်စုအဖြစ် အတူတကွဆောင်ရွက်ခွင့်ကို ငြင်းဆိုထားခဲ့ကြသည်။

တစ်ခါတရံ အကျဉ်းသားများနှင့် ထိန်းသိမ်းခံရသူများသည် တိုင်ကြားချက်များကို တည်းဖြတ်ခြင်း သို့မဟုတ် ဆန့်ကျင်ဘက် ဂယက်ရိုက်ခြင်းများမရှိဘဲ တရားရေးဆိုင်ရာ အာဏာပိုင်များထံသို့ တင်သွင်းနိုင်သည်။

လွတ်လပ်သောစောင့်ကြည့်မှု။ ICRC တွင် ကျဉ်းထောင်အားလုံးနှင့် အလုပ်စခန်းအားလုံးကို ခြွင်းချက်ဖြင့် ဝင်ရောက် ခွင့်ရှိသည်။ တပ်မတော်ထိန်းသိမ်းရေးစခန်းများသို့ ဝင်ရောက်ခွင့်မရှိပေ။ အကျဉ်းဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ယင်းသည် အကျဉ်းထောင်အားလုံးနှင့် အလုပ်စခန်းအားလုံးသို့ တစ်လလျှင်နှစ်ကြိမ်ဝင်ရောက်ခွင့်ရှိသော်လည်း အကျဉ်းသားများနှင့် သီးသန့်တွေ့ဆုံခြင်းမပြုနိုင်ပေ။ ICRC သည် ယင်း၏တွေ့ရှိချက်များကို အကျဉ်းထောင်အာဏာ ပိုင်များနှင့် နှစ်ဦးနှစ်ဘက်ဆွေးနွေးပြီး တင်းကျပ်သောအတွင်းရေးအဖြစ် အစီရင်ခံရသည်။ အဆိုပါအစီရင်ခံစာများကို အများပြည်သူသို့ဖြစ်စေ အခြားသောမည်သည့် အဖွဲ့အစည်းသို့ဖြစ်စေ မျှဝေခြင်းမပြုခဲ့ပါ။

တိုးတက်မှုများ။ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးက အကျဉ်းထောင်ကျန်းမာရေးစနစ်များ ခိုင်မာ တောင့်တင်းစေရန်ရည်ရွယ်သော အစီအစဉ်တစ်ခုကို ဆောင်ရွက်ခဲ့သည်။ ယင်းအစီအစဉ်တွင် အကျဉ်းထောင်များရှိ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေး စံလုပ်ထုံးလုပ်နည်းများ ပါဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့ကာ မူးယစ်ဆေးဝါးကုစားမှုနှင့် စိတ်ကျန်းမာရေး အကူအညီဆိုင်ရာ ဆောင်ရွက်နေကြသော ကျန်းမာရေး ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန်ဖြစ်သည်။ ထိုအစီအစဉ်သည် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားနှင့် လားရှိုးတို့ရှိ အကျဉ်းထောင်များအား ဘက်စုံထောက်ပံ့မှုဖြည့်ဆည်းရေးကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

### ဃ။ ထင်သလိုဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း

ထင်သလိုဖမ်းဆီးခြင်းကို ဥပဒေသည် တိကျစွာတားဖြစ်ထားခြင်းမရှိပါ။ ထို့ပြင် လူမျိုးစုနှင့်ဘာသာရေး ဆိုင်ရာ လူနည်းစုနယ်မြေများမှ အထူးသဖြင့် ရခိုင်ပြည်နယ်မှလူပုဂ္ဂိုလ်များအား လူများအား တစ်ဖက်သတ်အခြေခံဖြင့် အစိုးရက ဆက်လက်ဖမ်းဆီးခဲ့ကြသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ယခုနှစ်၏ ပထမနှစ်ဝက်တွင် ရခိုင်ပြည်နယ်ရှိ တစ်ဖက်သတ် ဖမ်းဆီးချုပ်နှောင်မှု ခုနစ်မှုကို မှတ်တမ်းတင်ထားခဲ့သည်။ ဖမ်းဆီးမှုများသည် အထူးသဖြင့် အမျိုးသားများဖြစ်ကြပြီး တိုက်ခိုက်နိုင်သော အသက်အရွယ်ရှိ ရခိုင်တိုင်းရင်းသားများဖြစ်လေ့ရှိကြပြီး AA အကြောင်း သတင်းရရှိရန်ရည်ရွယ်၍ ဖမ်းဆီးခံရသူများအား ညှဉ်းပမ်းနှိပ်စက်မှုများနှင့် မတော်မတရားပြုမှုများ ယှဉ်တွဲလျှက်ရှိကြသည်။

အကျဉ်းသားများသည် ၎င်းတို့အား မူလချမှတ်သောပြစ်ဒဏ်စီရင်ချက် ပြီးဆုံးသွားပြီးနောက် ပြစ်ဒဏ်စီရင် ချက်များကိုတိုးချဲ့ရန် ဥပဒေက အစိုးရအားခွင့်ပြုထားသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် သီးခြားဖြစ်ရပ်ခြောက်ခု အား တစ်ခုလျှင် တစ်ဖက်သတ်အားဖြင့် ထောင်ဒဏ်ကို နှစ်လစီတိုးချဲ့ကာ စုစုပေါင်းတစ်နှစ် တိုးချဲ့ချမှတ်ခဲ့သည်။

ထို့ပြင် တစ်ဦးတစ်ယောက်သည် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုဖြစ်စေ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေသော မည်သည့်လုပ်ရပ်မျိုးကိုမဆို ဆောင်ရွက်သည်ဟုယူဆလျှင် သို့မဟုတ် ဆောင်ရွက်ဖွယ်ရှိသည်ဟုယူဆလျှင် ထိန်းသိမ်းမိန့်ထုတ်ရန် အာဏာပိုင်များအား ဥပဒေကခွင့်ပြုထား သည်။ အရပ်သားအစိုးရနှင့် တပ်မတော်သည် အဆိုပါဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုကာ လှုပ်ရှား သူများ၊ ကျောင်းသားခေါင်းဆောင်များ၊ လယ်သမားများ၊ သတင်းထောက်များ၊ နိုင်ငံရေးဝန်ထမ်းများနှင့် လူ့အခွင့် အရေးကာကွယ်သူများကို တစ်ဖက်သတ်ထိန်းသိမ်းရန် ထိုဥပဒေများကို အသုံးပြုခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့များ၏ မတော်မတရားပြုမှုများကို စုံစမ်းစစ်ဆေးရန် ဥပဒေယန္တရားတည်ရှိသော်လည်း ထိုယန္တရားကို အသုံးပြုခဲလှပြီး ယေဘုယျအားဖြင့် ထိရောက်မှုမရှိဟု ယူဆကြသည်။

### ဖမ်းဆီးရေးလုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းခံရသူများအား ပြုမူဆက်ဆံမှု

ဥပဒေအရ ရှာဖွေမှုများနှင့် ဖမ်းဆီးမှုများအတွက် များသောအားဖြင့် ဝရမ်းများလိုအပ်သော်လည်း တက်မတော်လုံခြုံရေးရာ အကြီးအကဲရုံးမှပုဂ္ဂိုလ်များနှင့် ရဲတပ်ဖွဲ့တို့က ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းတို့ကို စိတ်ကြိုက် လုပ်ဆောင်နေကြကြောင်း သိရှိရသည်။

ဥပဒေအာဏာပိုင်များသည် သံသယရှိသူများအား တရားသူကြီးရှေ့မှောက်သို့ ခေါ်ဆောင်ခြင်းမပြုမီ် သို့မဟုတ် ၎င်းတို့နှင့်ပတ်သက်သည့် စွဲချက်များကို ဖော်ပြခြင်းမပြုမီ စစ်ဆေးခြင်းမပြုမီ ထိန်းသိမ်းမှုတွင် သီတင်းနှစ် ပတ် (သီတင်းနှစ်ပတ် တိုးချဲ့ဖွယ်အလားအလာနှင့်အတူ) ထိန်းသိမ်းထားနိုင်သည်။ ရဲတပ်ဖွဲ့သည် သံသယရှိသူများကို အမှုစွဲချက်တင်ရန်ပျက်ကွက်ကာ ပုံမှန်အားဖြင့် တရားဝင်ခွင့်ပြုထားသောကာလအတွက် ထိန်းသိမ်းထားကြပြီးနောက်မှ တရားသူကြီးထံသို့ ခေါ်ဆောင်ခြင်းမပြုမီအကြား သီတင်းနှစ်ပတ် ဆက်တိုက် ထိန်းသိမ်းထားကြသည်ဟု ရှေ့နေ များက မှတ်ချက်ပြုကြသည်။

ဥပဒေသည် ထိန်းသိမ်းခံရသူများအား ရှေ့နေတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးခွင့်ပြုထားသော်လည်း အချို့အမှုများတွင် အာဏာပိုင်များက သံသယရှိသူများအား ရှေ့နေတစ်ဦးနှင့်တွေ့ဆုံခွင့်ကို ငြင်းဆိုခဲ့ကြသည်။ ၂၀၁၈ ခုနှစ် မေလတွင် အစိုးရသည်နိုင်ငံတကာ စံနှုန်းများကိုအခြေခံကာ ပြည်သူလူထုအား တရားမျှတပြီး တန်းတူညီမျှသော ဥပဒေရေးရာအကူအညီပေးရန်နှင့် ဥပဒေရေးရာအကူအညီပေးသော လုပ်သားများအနေဖြင့် ဥပဒေရေးရာ အကာ အကွယ်ပေးမှုနှင့်အတူ လွတ်လပ်စွာစီမံဆောင်ရွက်နိုင်ရန် ဥပဒေရေးရာအကူအညီပေးရေးဥပဒေကို ပြင်ဆင်ခဲ့သည်။ အောက်တိုဘာလတစ်လျှောက်လုံးတွင် ဥပဒေရေးရာအကူအညီပေးရေးအစီအစဉ်က များသောအားဖြင့် ရှမ်းပြည် နယ်နှင့် မွန်ပြည်နယ်တို့တွင် အမှုပေါင်း ၁၃၂ မှုကို ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။

အာမခံတင်သည့်စနစ်ကို ဆောင်ရွက်လျှက်ရှိသော်လည်း အာမခံငွေတင်ခြင်းအတွက် လာဘ်ပေးမှုသည် လူသိများသော အစားထိုးမှုတစ်ခုဖြစ်သည်။ အာမခံတင်ခြင်းကို အများအားဖြင့် ရာဇဝတ်မှုများတွင် ခွင့်ပြုလေ့ရှိသော် လည်း တရားပြိုင်များသည် အာမခံမရမီပဏာမ ကြားနာစစ်ဆေးမှုပေါင်းများစွာကို တက်ရောက်ရန် လိုအပ်သည်။ အချို့အမှုများတွင် အစိုးရကထိန်းသိမ်းထားသူများကို ဆက်သွယ်ခွင့်မပြုဘဲ ထိန်းသိမ်းထားခဲ့ကြသည်။ အာဏာပိုင် များက ဖမ်းဆီးခံရသူ၏မိသားစုများအား အချိန်နှင့်တစ်ပြေးညီ အကြောင်းမကြားခြင်း၊ ဖမ်းဆီးခံရသူများ မည်သည့် နေရာတွင်ရှိသည်ကို မပြောခြင်းနှင့် ထောင်ကျသူများအား အချိန်နှင့်တစ်ပြေးညီ တွေ့ဆုံခွင့်ကို ငြင်းပယ်ခြင်းများနှင့် ပတ်သက်သည့် အစီရင်ခံစာများစွာ ရှိခဲ့သည်။

<u>ထင်သလိုဖမ်းဆီးခြင်း</u>။ ပဋိပက္ခဖြစ်ပွားသောနယ်မြေများတွင် တပ်မတော်က ထိန်းသိမ်းခြင်းအပါအဝင် ထင်သလိုတစ်ဖက်သတ်ဖမ်းဆီးသော အစီရင်ခံစာများစွာရှိသည်။ ပထမနှစ်ဝက်တွင် ရခိုင်ပြည်နယ်၌ တစ်ဖက်သတ် ဖမ်းဆီး ထိန်းသိမ်းမှုခုနစ်မှုကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထပ်မံ မှတ်တမ်းတင်ထားခဲ့သည်။ ခုနစ်မှုကို မှတ်တမ်း တင်ထားခဲ့သည်။ ဖမ်းဆီးမှုများသည် အထူးသဖြင့် အမျိုးသားများဖြစ်ကြပြီး တိုက်ခိုက်နိုင်သော အသက်အရွယ်ရှိ ရခိုင်တိုင်းရင်းသားများဖြစ်လေ့ရှိကြပြီး AA အကြောင်းသတင်းရရှိရန်ရည်ရွယ်၍ ဖမ်းဆီးခံရသူများအား ညှဉ်းပမ်းနှိပ် စက်မှုများနှင့် မတော်မတရားပြုမှုများ ယှဉ်တွဲလျှက်ရှိကြသည်။

စစ်ဆေးစီရင်ခြင်းမပြုမီထိန်းသိမ်းထားခြင်း။ တစ်ခါတစ်ရံ တရားသူကြီးများနှင့် ရဲတပ်ဖွဲ့တို့က ထိန်းသိမ်းမှုကို တိုးချဲ့ရန် ပူးပေါင်းကြံစည်ကြသည်။ ရှေ့နေများ၏အဆိုအရ တစ်ဖက်သတ်ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် စစ်ဆေးစီရင်မှု မတိုင်မီ ကာလရှည်ကြာစွာ ထိန်းသိမ်းမှုများသည် ကာလရှည်ကြာသော တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများ၊ ထိန်းသိမ်းထားသည့် အရေအတွက်များပြားမှု၊ တရားရေးဆိုင်ရာ စွမ်းရည်မပြည့်စုံမှု၊ ကျယ်ပြန့်လာသောအကျင့်ပျက် ခြစားမှုနှင့် ဝန်ထမ်းအင်အား မလုံလောက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရသည်။ စစ်ဆေးစီရင်ခြင်းမပြုမီနှင့် စစ်ဆေး စီရင်ဆဲ ထိန်းသိမ်းထားမှု ကာလသည် တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်ခြင်းအတွက် ချမှတ်ရမည့် ပြစ်ဒဏ်ကာလနှင့် တူညီ နေသည် သို့မဟုတ် ပြစ်ဒဏ်ကာလထက်ပင် ကျော်လွန်နေလေ့ရှိခြင်းသည် အပြစ်ရှိသောပြစ်ဒဏ်စီရင်ခြင်းမှ ပေါ် ထွက်လာသော ရလဒ်ဖြစ်ပေလိမ့်မည်။

ဥပဒေနှင့်ညီညွတ်မှုကို တရားရုံးရှေ့မှောက်တွင်စိန်ခေါ်နိုင်သော ထိန်းသိမ်းခံရသူ၏စွမ်းရည်။ လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံဆိုင်ရာဥပဒေချိုးဖောက်မှုတွင် တစ်ဦးချင်းပုဂ္ဂိုလ်များအားဖမ်းဆီး၍ ထိန်းသိမ်းထားလေ့ရှိကြသည်။ တစ်ဖက်သတ်ဖမ်းဆီးမှု သို့မဟုတ် ထိန်းသိမ်းမှုကိုရံဖန်ရံခါ နိုင်ငံရေးသဘောထားကွဲလွဲသူများကို ဖိနှိပ်ရန် အသုံးပြုခဲ့ ကြသည်။

## င။ တရားမျှတသော ပြည်သူ့စစ်ဆေးစီရင်မှုကိုငြင်းဆိုခြင်း

လွတ်လပ်သောတရားစီရင်ရေးကို ဥပဒေက တောင်းဆိုထားသော်လည်း အစိုးရသည် နိုင်ငံရေးရည်မှန်းချက်များအတွက် တရားရုံးများကို ကြိုးကိုင်ခြယ်လှယ်ပုံရပြီး ရံဖန်ရံခါ လျော့ကန်သောလုပ်ငန်းစဉ်နှင့် အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ တရားမျှတစွာစစ်ဆေးစီရင်ခွင့်ကို နိုင်ငံသားများအား လက်လွတ် ဆုံးရှုံးစေခဲ့သည်။

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သည် မူးယစ်ဆေးဝါးအသေးအဖွဲ့သုံးစွဲသူများအား စွဲဆိုတင်ပို့သော အမှုအရေအတွက် အလွန်မြင့်မားနေခြင်းကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေခဲ့သည်။ အဆိုပါအမှုသည် တရားရုံးရှိ အမှုများအရေ အတွက်၏ ၅၀ ရာခိုင်နှုန်းအထိရှိနေခဲ့သည်။ အကျင့်ပျက်ခြစားမှုသည်လည်း ထင်ရှားသော ပြဿနာတစ်ခုအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများ၏အဆိုအရ အဆင့်တိုင်းရှိ အရာရှိများသည် တရားစီရင်ရေး လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပင်တရားမဝင်ငွေကြေးလက်ခံရယူနေကြပြီး ရယူသည့်ရည်ရွယ်ချက်များမှာလည်း ထိန်းသိမ်းခံရသူအား ရဲအချုပ်ခန်းတွင် တွေ့ဆုံခွင့်ကဲ့သို့သော လုပ်ရိုးလုပ်စဉ်ကိစ္စများအား လွှမ်းမိုးရန်အဆင့်မှသည် အမှုတစ်ခု၏ရလဒ်ကို သတ်မှတ်ခြင်းကဲ့သို့သော ထိရောက်သည့်ဆုံးဖြတ်ချက်များရယူသည့် အဆင့်အထိဖြစ်ကြ သည်။

တပ်မတော်နှင့်အစိုးရသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိန့်ခွန်းတွင် သို့မဟုတ် အသင်းအဖွဲ့များ တွင် ကျယ်ပြန့်သော သို့မဟုတ် တစ်ဖက်သတ်ဆန်သော ဥပဒေကျင့်သုံးမှုများဖြင့် အမှုများ၏ရလဒ်နှင့်ပတ်သက်၍

ဩဇာကိုအသုံးပြုနိုင်စွမ်းရှိကြသည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် တပ်မတော်ဗိုလ်ကြီးဟောင်း ဦးနေမျိုးဇင်အား တပ်မတော်ခေါင်းဆောင်မှုအကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ထောက်ခံသည့် ၎င်း၏ဧပြီလတွင် လူသိရှင်ကြား ဝေဖန်ပြောကြားခဲ့မှုများကြောင့် ထောင်ဒဏ်တစ်နှစ်ကျခံစေရန် စီရင်ချက်ချမှတ်ခဲ့သည်။

## စစ်ဆေးစီရင်မှုလုပ်ထုံးလုပ်နည်းများ

ဥပဒေက တရားမျှတမှုနှင့် ပြည်သူ့စစ်ဆေးစီရင်ခွင့်ကိုပြဋ္ဌာန်းထားသော်လည်း အဆိုပါအခွင့်အရေးများကို စိတ်ကြိုက်ချိုးဖောက်ရန် အစိုးရအား ထိထိရောက်ရောက်ခွင့်ပြုပေးထားသော ကျယ်ပြန့်သည့် ခြွင်းချက်များကိုလည်း ဥပဒေကပင် ခွင့်ပြုထားသည်။ သာမန်ရာဇဝတ်မှုများတွင် အစိုးရသည် တရားရုံးအား လွတ်လပ်သော တရားစီရင်မှုကို ခွင့်ပြုထားပြီး တရားရုံးများကလည်း ခုခံကာကွယ်ပိုင်ခွင့်နှင့် အယူခံတင်သွင်းခွင့်ကဲ့သို့ ထိုက်သင့်သည့် အခြေခံအခွင့် အရေးများကို ယေဘုယျအားဖြင့် လေးစားကြသည်။ လက်တွေ့တွင်မူ တရားခံများအနေဖြင့် အပြစ်မရှိကြောင်း မှတ် ယူခွင့်၊ ၎င်းတို့အား စွဲဆိုချက်များအသေးစိတ်ကို ချက်ချင်းသိရှိခွင့်၊ ၎င်းတို့အားစစ်ဆေးစီရင်မှုတွင် တက်ရောက်ခွင့်၊ လွတ်လပ်စွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့် သို့မဟုတ် သေဒဏ်ကျခံထိုက်သောအမှုများမှတစ်ပါး ၎င်းတို့၏စိတ်ကြိုက် ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးခွင့် သို့မဟုတ် အစိုးရကုန်ကျစရိတ်ဖြင့် ရှေ့နေတစ်ဦးရရှိပိုင်ခွင့်ကဲ့သို့သော အခွင့်အရေးများ ကိုမခံစားကြရပါ။ ခုခံကာကွယ်မှု ကြိုတင်ပြင်ဆင်ရေးအတွက် လုံလောက်သောအချိန်နှင့် အထောက်အကူများ မရရှိကြပါ။ သို့ရာတွင် ရာဇဝတ်မှုများတွင် ခုခံကာကွယ်သောရှေ့နေများ၌ စစ်ဆေးစီရင်မှုအတွက် ကြိုတင်ပြင်ဆင်ရန် များသောအားဖြင့် ၁၅ ရက်ရှိကြပါသည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားမျှတသော စစ်ဆေးစီရင်မှုစံများလက်စွဲကို ချမှတ်ခဲ့သော်လည်း တရားလိုရှေ့နေများ၊ တရားခံရှေ့နေများ၏ ဥပဒေဆိုင်ရာ ပညာ ရေးနိမ့်ကျမှုကြောင့် တရားသူကြီးများသည် စီရင်ထုံးနှင့်ကျင့်ထုံးဥပဒေများကို ကျွမ်းဝင်လေ့မရှိကြပါ။ မည်သည့်ဥပဒေ ပြဋ္ဌာန်းချက်များကမှ တရားရုံးတွင်အသုံးပြုရန် တရားခံများက ကျူးလွန်သောပြစ်မှုကို အတင်းအကြပ်ထွက်ဆိုခိုင်းခြင်း သို့မဟုတ် အတင်းအကြပ်ဖြောင့်ချက်ပေးစေခြင်းတို့ကို ခွင့်ပြုမထားပါ။ သို့ရာတွင် ထိုကိစ္စနှစ်ရပ်စလုံးတွင်ပင် အာဏာ ပိုင်များ ပါဝင်ပတ်သက်ခဲ့ကြကြောင်း သိရှိရသည်။ တရားခံများအား အပြစ်ရှိကြောင်းထွက်ဆိုလျှင် ပြစ်ဒဏ်ကိုလျှော့ ပေါ့ပေးမည်ဟူသော ကတိကဝတ်များဖြင့် အထောက်အထားမရှိသည့်ကြားမှပင် အပြစ်ရှိကြောင်း အတင်းအကြပ် ထွက်ဆိုခိုင်းသည့် အစီရင်ခံစာများစွာရှိပါသည်။

သာမန်ရာဇဝတ်မှုများကို အများပြည်သူလာရောက်ခွင့်ပြုထားသော်လည်း တကယ်တန်းတွင်မူ အမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသော ပြည်သူလုထုအဖွဲ့ဝင်များကို တရားရုံးသို့ဝင်ရောက်ခြင်းမှ ငြင်းဆိုထားသည်။ တစ်ခါတရံ တရားခံရှေ့နေများက သက်သေများကိုခေါ်ယူကာ ပြန်လှန်စစ်မေးခြင်းများ ပြုလုပ်နိုင်သော်လည်း သက်သေများအား ထိပ်တိုက်တွေ့ဆုံခြင်းနှင့် သက်သေခံအထောက်အထားများ

တင်ပြခွင့်မရှိပေ။ ဒီမိုကရေစီလိုလားသော လှုပ်ရှားသူများသည် များသောအားဖြင့် ရှေ့နေငှားရမ်းနိုင်သော်လည်း တရားခံများ၏ရှေ့နေ ရပိုင်ခွင့်မှာမူ လုံလောက် လေ့မရှိပေ။

ပြည်သူလူထုသည် ၎င်းတို့၏ တရားဥပဒေဆိုင်ရာအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြဘဲ ပြည်သူထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်ရှေ့နေများ အလွန့်အလွန်နည်းပါးသည်ဟု ပြည်တွင်းအရပ်ဖက် လူ့အဖွဲ့ အစည်းများက ဖော်ပြကြသည်။

**နိုင်ငံရေးအကျဉ်းသားများနှင့် ထိန်းသိမ်းခံရသူများ**

သတင်းထောက်များ၊ လှုပ်ရှားသူများနှင့် အစိုးရနှင့်တပ်မတော်ကို ဝေဖန်သူများအား အစိုးရက ဆက်လက်ထိန်းသိမ်းဖမ်းဆီးခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများက အသုံးပြုသော နိုင်ငံရေးအကျဉ်းသား များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကြမ်းဖက်မှုများတွင် ပတ်သက်သူများပါဝင်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဘာသာရေး လွတ်လပ်ခွင့်တို့ဖြင့် တရားစွဲဆိုမှုအချို့ကို ချန်လှပ်ထားကြသည်။ အောက်တိုဘာလအထိ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ သော နိုင်ငံရေးအကျဉ်းသား ၅၀ ဦးရှိသည်။ အခြားသော တစ်ဦးချင်းပုဂ္ဂိုလ် ၅၈၀ ဦးသည် ၎င်းတို့၏နိုင်ငံရေးအမြင် များအတွက် စစ်ဆေးစီရင်ခြင်းခံနေကြရပြီး ယင်းတို့အနက် ၁၇၉ ဦးကို ထိန်းသိမ်းထားပြီး ကျန်ပုဂ္ဂိုလ်များကို အာမခံ ဖြင့် လွှတ်ပေးခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားများ အကူအညီပေးရေးအဖွဲ့အဆိုအရ သိရှိရသည်။

မတ်လ ၁၉ ရက်တွင် ရခိုင်အမျိုးသားပါတီဥက္ကဌ ဦးအေးမောင်အား နိုင်ငံတော်ပုန်ကန်မှုဖြင့် ထောင်ဒဏ် အနှစ် ၂၀ နှင့် နိုင်ငံတော်အသရေဖျက်မှုဖြင့် နောက်ထပ်နှစ်နှစ်ကျခံစေရန် စီရင်ချက်ချခဲ့သည်။ ရခိုင်နိုင်ငံတော်ကျဆုံး မှု၏ ၂၃၃ နှစ်မြောက် နှစ်ပတ်လည်အထိန်းအမှတ်အခမ်းအနားတွင် AA သူပုန်အကြောင်းကို သိသာထင်ရှားစွာ ထုတ်ဖော်ပြောကြားခဲ့ပြီး တိုက်တွန်းအားပေးခဲ့သော ၎င်း၏ လူသိရှင်ကြား သဘောထားမှတ်ချက်ကြောင့် ၎င်းအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖမ်းဆီးတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ကလေးစစ်သားဟောင်းတစ်ဦးအဖြစ် ၎င်း၏အတွေ့အကြုံကို နိုင်ငံတကာမီဒီယာတစ်ခုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အသေးစိတ်ဖွင့်ချခဲ့ပြီးနောက် တပ်မတော်အား သိက္ခာကျစေခြင်းအတွက် မတ်လ ၂၉ ရက်တွင် ထောင်ဒဏ်ကျခံခဲ့ရသော ကလေးစစ်သားဟောင်း အောင်ကိုဌေးကို စက်တင်ဘာလတွင်ပြန်လွှတ်ပေးခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများစွာတို့သည် ပြန်လွတ်ခဲ့ပြီးနောက် သိသာထင်ရှားသော စောင့်ကြည့်မှုများနှင့် ချုပ်ချယ်မှုများကို ကြုံတွေ့ခဲ့ကြရသည်။ ယင်းတို့တွင် အကျဉ်းချခြင်းမခံရမီက သင်ယူခဲ့သော လေ့လာသင်ကြားမှုများကို ဆက်လက်ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊ ခရီးသွားခွင့်များအား ပိတ်ပင်ခြင်း သို့မဟုတ် သက်သေခံကတ်ပြား သို့မဟုတ် မြေယာပိုင်ဆိုင်မှုတို့နှင့်ပတ်သက်သော အခြားအထောက်အထားများကို ရယူထားခြင်းတို့ပါဝင်သည်။

## တရားမ တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများနှင့် ကုစားမှုများ

လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမကုစားမှုများအတွက် တိကျသော မည်သည့်ဥပဒေ သို့မဟုတ် မည်သည်စနစ်မျှ ပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ရာတွင် တရားမကုစားမှုများရှာဖွေရန် တိုင်ကြားမှုများသည် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများပါ ပြဋ္ဌာန်းချက်များကို အသုံးပြုနိုင်သည်။ တစ်ဦးချင်းပုဂ္ဂိုလ်များ နှင့် အဖွဲ့အစည်းများသည် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကိုဆန့်ကျင်၍ အယူခံတင်သွင်းခြင်း မပြုနိုင်ပေ။

## ပိုင်ဆိုင်မှုပစ္စည်းကို ပိုင်ရှင်ထံပြန်အပ်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေယာအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်။ သို့ရာတွင် ပုဂ္ဂလိက မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်ခွင့်နှင့် ရောင်းချခွင့်တို့ကို ဥပဒေက ခွင့်ပြုထားသည်။ အာဏာပိုင်များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက မြေယာသိမ်းယူမှုများကို ယခုနှစ်အတွင်း ကျူးလွန်ခဲ့ကြပြီး ယခင်နှင့်မကြာသေးမီက သိမ်းယူခဲ့သော မြေယာများအား ပိုင်ရှင်ထံ ပြန်လည်အပ်နှံမှုများမှာ အလွန်နည်းပါးခဲ့သည်။ ရှမ်းပြည်နယ်တွင် သိမ်းဆည်းထားသော မြေယာများပေါ်၌ ကျောက်မီးသွေးတူးဖော်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မည်ကို ရပ်ရွာများက ပိုမိုစိုးရိမ်နေခဲ့ကြသည်။ စက်တင်ဘာလဆန့်ကျင်ကန့်ကွက်မှုများက စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြေးနီတူးဖော်ရေး လေ့လာမှုများကို ရပ်တန့် သွားစေခဲ့သည်။

အစိုးရက မြေယာလိုအပ်ပါက အများပြည်သူအကျိုးအတွက် လျော်ကြေးပေးရန် ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ဥပဒေတွင်အကာအကွယ်များမရှိသည့်ပြင် အဆိုပါအမှုများ၌ လျော်ကြေးပေးမှုမှာ ရှားပါးပြီး ပြည့်စုံ လုံလောက်အောင် မရရှိကြကြောင်း အရပ်ဘက် လူ့အဖွဲ့အစည်းများက ဝေဖန်ခဲ့ကြသည်။ အစိုးရက အသုံးမပြုသော မြေယာများကို တရာဝင်ကြေညာချက်ထုတ်ပြန်နိုင်ပြီး ထိုမြေယာများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသို့ သတ်မှတ်ခွဲ ဝေပေးခြင်း သို့မဟုတ် အခြားအသုံးပြုမှုများအတွက် သတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

မြေယာပိုင်ဆိုင်မှု သို့မဟုတ် မြေယာသိမ်းယူမှုဆုံးဖြတ်ချက်များအား တရားစီရင်ရေးဆိုင်ရာ ပြန်လည် သုံးသပ်မှု ပြဋ္ဌာန်းချက်များမရှိပါ။ ပြည်ထောင်စုအစိုးရက ထိန်းချုပ်သော နိုင်ငံရေးလက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့ အစည်းများက မြေယာအသုံးပြုရေးနှင့် မှတ်ပုံတင်ရေးဆိုင်ရာ အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ မြေယာဥပဒေများကပြည့်စုံသော ကျင့်ထုံးဆိုင်ရာ အကာအကွယ်ပေးမှုများမရှိဘဲ မြေယာသိမ်းယူမှုများအား အထောက်အကူပြုနေကြောင်း သုတေသီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ပြောကြားခဲ့ကြသည်။ မြေယာ သိမ်းယူမှုအချို့တွင် ကြိုတင်အကြောင်းကြားစာ ပေးပို့ခြင်းမရှိခဲ့ပါ။

၂၀၁၈ ခုနှစ် မြေယာဥပဒေပြင်ဆင်ချက်များသည် ထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်ခွင့်ရှိသော စနစ်ကို အခွင့်အရေး ပေးသည့် ပြဋ္ဌာန်းချက်များကို လျှော့ချခဲ့သည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် စိုက်ပျိုးရေး ဝန်ကြီးဌာနက ကြေညာခဲ့သော ထုတ်ပြန်ချက်အရ အသေးစားမြေယာပိုင်ဆိုင်သူများသည် ထုတ်ပြန်သည့်နေ့မှ ခြောက်လ အတွင်း ၎င်းတို့၏မြေယာများကို မှတ်ပုံတင်ရန်နှင့် သို့မဟုတ်ပါက ၎င်းတို့၏ကိုယ်ပိုင်မြေယာတွင်ပင် ကျူးကျော်သူများဖြစ်လာမည့် အန္တရာယ်ရှိသည်ဟု ဆိုထားသည်။ ဤကြေညာချက်သာ အတိအကျ အာဏာသက်ရောက်မည်ဆိုပါက ပြည်သူ သန်းပေါင်းများစွာတို့သည် ၎င်းတို့၏မြေယာပိုင်ဆိုင်ခွင့်ကို လက်လွတ် ဆုံးရှုံးကြရမည်ဖြစ်သည်။ ထိခိုက်ခံရသော ရပ်ရွာလူထုများတွင် အဆိုပါ ပြင်ဆင်ချက်ကို သိရှိမှုနည်းပါးနေဆဲဖြစ်သည်။

ယခုအစီရင်ခံစာပြုစုနေသည့် နှစ်အတွင်းရဲတပ်ဖွဲ့က မြေယာအသုံးချမှုဥပဒေအား ချိုးဖောက်မှုအတွက် လယ်သမားများကို ဖမ်းဆီးခဲ့သည်။ စက်တဘာလတွင် ဧရာဝတီတိုင်းဒေသကြီးရှိ တရားရုံးတစ်ရုံးက မြေလွတ်မြေရိုင်းအဖြစ် သိမ်းဆည်းကာ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ လွှဲပြောင်းပေးထားသော မြေယာ၏ မူလပိုင်ရှင်နှင့် လျှော်ကြေးမရသော ပိုင်ရှင်ဖြစ်ကြောင်း တိုင်ကြားသည့် လယ်သမားရှစ်ဦးကို မြေယာပေါ်တွင် စိုက်ပျိုးသည့်အတွက် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။

မြေလွတ်မြေရိုင်းဥပဒေသည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနေထိုင်သည့် ဧရိယာများတွင် ပေါ်ပေါက်သော ဓလေ့ထုံးစံအတိုင်း စုပေါင်းမြေယာပိုင်ဆိုင်မှုပုံစံကို အပြင်းအထန်ခြိမ်းခြောက်မှုအတွက် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် စိုးရိမ်မှုများမြင့်တက်ခဲ့သည်။ ကချင်နှင့် ကရင်ပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီးနှင့် အခြားနေရာများတွင် အစိုးရ၏မြေယာမူဝါဒများအပေါ် တိုင်းရင်းသားလူမျိုးစုနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း အုပ်စုများက ဆန္ဒပြမှုများ ယခုအစီအရင်ခံစာပြုစုသည့်နှစ်အတွင်း ပြုလုပ်ခဲ့ကြသည်။

နေရာရွှေ့ပြောင်းခံရသောရိုဟင်ဂျာများ ၎င်းတို့မြေယာကိုပြန်လာခြင်းမှကာကွယ်ရန် သို့မဟုတ် လုံလောက်သော လျော်ကြေးလက်ခံရှိခြင်းမှ ကာကွယ်ရန် ယင်းဥပဒေကို အသုံးပြုနိုင်သည်ဟု လေ့လာသူများက စိုးရိမ်လျှက်ရှိကြသည်။ မီးရှို့ထားသောမြေယာများကို အစိုးရသို့ပြန်ပေးမည်ဟု အရာရှိများက ဖော်ပြခဲ့ကြပြီး ဖြစ်ရပ်များစွာတို့တွင် ထိုသက်ရောက်မှုကို ဆိုင်းဘုတ်များ စိုက်ထူထားကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် တပ်မတော်စစ်ဆင်ရေးအပြီးတွင် လုံခြုံရေးအခြေစိုက်စခန်း တည်ဆောက်မှုများနှင့် အခြားအဆောက်အအုံများ ဆောက်လုပ်ရန် အာဏာပိုင်များက ကျေးရွာများကို မြေတူးစက်ဖြင့်တူးပစ်ခြင်း၊ အဆောက်အအုံများကို ဖြိုဖျက်ခြင်းနှင့် စိုက်ခင်းများအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ဤဖြစ်ရပ်ကြောင့်အပြင် မြေယာဥပဒေက လေးနှစ်အတွင်း အကျိုးစီးပွားဖြစ်ထွန်းအောင် မြေယာများကို အစိုးရသို့ ပြန်လည်ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားရာ အစိုးရကသိမ်းယူထားသောမြေယာများကို ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်မှုမှာ တိုးတက်မှုအနည်းငယ်သာရှိသည်ကို အရပ်ဘက်လူ့အဖွဲ့အစည်းများက တွေ့မြင်ခဲ့ကြသည်။

မြေယာများပြန်လည် လွှဲပြောင်းပေးခြင်းကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်သည်။ ယခင်စစ်အစိုးရကာလအတွင်း မှန်ကန်သည့် ဥပဒေ အခြေခံလုပ်ထုံးလုပ်နည်းများမရှိဘဲ မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အပါအဝင် တပ်မတော်က မြေယာသိမ်းယူ ခံခဲ့ကြရသော လယ်သမားပေါင်းများစွာနှင့် ကျေးလက်လူထုများစွာတို့အား လုံလောက်သော လျော်ကြေးများပေးအပ် ခြင်းမရှိခဲ့ပေ။

## စ။ ပုဂ္ဂလိကလွတ်လပ်မှု၊ မိသားစု၊ နေအိမ် သို့မဟုတ် စာရေးသားဆက်သွယ်မှုတို့အား ထင်ရာစိုင်း သို့မဟုတ် ဥပဒေနှင့်မညီသော ဝင်ရောက်စွပ်ဖက်မှု

နေအိမ်နှင့်ပိုင်ဆိုင်ပစ္စည်းများ၏ ပုဂ္ဂလိကလွတ်လပ်မှုနှင့်လုံခြုံမှုကို ဥပဒေက အကာအကွယ်ပေးထား သော်လည်း အဆိုပါအကာအကွယ်ပေးမှုများသည် အာဏာသက်ရောက်မှုနည်းပါးသည်။ ဥပဒေသည် နိုင်ငံသားများ၏ စာရေးသားဆက်သွယ်မှု သို့မဟုတ် အခြားဆက်သွယ်မှုများအနှောင့် အယှက်ကင်းရေးကို ကာကွယ်ပေးခြင်းမပြုပေ။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုများအား အာဏာပိုင်များက ပုံမှန်စောင့်ကြည့်ခဲ့သည်ဟု တက်ကြွလှုပ်ရှားသူများက အစီရင်ခံခဲ့ကြသည်။

အစိုးရသည် နိုင်ငံသားများ၏ခရီးသွားမှုကို စနစ်တကျစောင့်ကြည့်ခဲ့ပြီး နိုင်ငံရေးလှုပ်ရှားသူများ၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်ခဲ့ကြသည်ဟု တက်ကြွလှုပ်ရှားသူအချို့က အစီရင်ခံခဲ့ကြပြီး အခြားသူများကလည်း ပုဂ္ဂလိကလွတ်လပ်မှုအား ထိုသို့သောကျူးကျော်မှုများကို ၎င်းတို့ တွေ့ကြုံခြင်းမရှိခဲ့ဟု ဆိုကြသည်။ ယင်းစောင့်ကြည့်မှုမျိုးကို အထူးရဲတပ်ဖွဲ့၊ တရားဝင်ထောက်လှမ်းရေး ကွန်ရက်များနှင့် အခြားသော အုပ်ချုပ်ရေးစနစ်များထံသို့ အဆိုပါ စောင့်ကြည့်ရေးအဖွဲ့များ၏အေးဂျင့်များက သတင်းပေးပို့ခဲ့ကြသည်။ (အပိုင်း ၂၊ ဃ ကို ကြည့်ပါ)။

ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးအား ဗုဒ္ဓဘာသာဝင်မဟုတ်သော အမျိုးသားတစ်ဦးက လက်ထပ်ခြင်းကို ထိုသို့သော လက်ထပ်မှု တစ်စုံတစ်ရာမတိုင်မီ လူသိရှင်ကြားအသိပေးကြော်ငြာတစ်ရပ် လိုအပ်ကြောင်း ပြဋ္ဌာန်းလျက် ဥပဒေက တားမြစ်ထားသည့်ပြင် ထိုသို့သောလပ်ထပ်ခြင်းကို တရားရုံးတွင် ကန့်ကွက်ခြင်းများကိုလည်း ခွင့်ပြုထားသည်။ သို့သော် ထိုဥပဒေသည် အာဏာသက်ရောက်မှုရှိခဲ့လှသည်။

ရခိုင်ပြည်နယ်ဒေသအာဏာပိုင်များက ရိုဟင်ဂျာမိသားစုများသည် ကလေးနှစ်ဦးထက်ပို၍ မမွေးဖွားရဟု တားမြစ်ပိတ်ပင်ထားသော်လည်း ထိုတားမြစ်ချက်သည် တစ်သမတ်တည်း အာဏာသက်ရောက်ခြင်းမရှိပေ။ ထို့ပြင် ရခိုင်ပြည်နယ်တွင် ဒေသအာဏာပိုင်များက ရိုဟင်ဂျာလူနည်းစုအဖွဲ့ဝင်များအား တရားဝင်လက်ထပ်ရန် ခွင့်ပြုချက် ရယူရမည်ဟု ပြဋ္ဌာန်းထားရာ ထိုအဆင့်ကို အခြားသောတိုင်းရင်းသားလူမျိုးစုများတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထိုခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းရသောအချိန်သည် တစ်နှစ်ကျော်ကြာပြီး တံစိုးလက်ဆောင်များလည်း လိုအပ်သည်။ ခွင့်ပြုချက်မရှိဘဲလက်ထပ်သည့် ရိုဟင်ဂျာအမျိုးသားများအား

ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထိုဥပဒေတွင် အမျိုးသမီးတစ်ဦးအား အမျိုးသားတစ်ဦးက လိမ်လည်လှည့်ဖြားလက်ထပ်ခြင်းကို တားမြစ်ထားပြီး ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ကျခံရနိုင်သည်။

ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် ကြိုတင်အသိပေးခြင်းမရှိသော အိမ်ထောင်စုစစ်ဆေးမှုများ ညအချိန် ပုံမှန်ပြု လုပ်ကြောင်း သတင်းများရရှိသည်။

## ဆ။ ပြည်တွင်းပဋိပက္ခအတွင်း မတော်မတရားပြုမှုများ

နိုင်ငံတစ်ဝန်း လက်နက်ကိုင်ပြည်တွင်းပဋိပက္ခများ ကာလရှည်ကြာလာခဲ့ပြီဖြစ်သည်။ အစိုးရတပ်ဖွဲ့များ၊ လက်နက်ကိုင် အတိုက်အခံများနှင့် သူပုန်အုပ်စုများ ကျူးလွန်ခဲ့သောသတ်ဖြတ်မှုများ၊ ပျောက်ဆုံးမှုများ၊ ရိုက်နှက်မှုများ၊ ညှဉ်းပမ်းနှိပ်စက်မှုများ၊ အဓမ္မအလုပ်စေခိုင်းမှုများ၊ အဓမ္မနေရာရွှေ့ပြောင်းမှုများ၊ ကလေးစစ်သား အသုံးပြုမှုများ၊ အင်အားအလွန်အကျွံသုံးမှုများ၊ အရပ်သားများ၏အသက်ကို လစ်လျူရှုမှုများ၊ လိင်အကြမ်းဖက်မှုများနှင့် အခြားမတော်မတရား ပြုမှုအစီရင်ခံစာများမှာ ဖြစ်နေကျပင်ဖြစ်သည်။ တပ်မတော်အတွင်းတွင် အချို့အမှုများကို စည်းကမ်း အရအရေးယူခဲ့သော်လည်း မတော်မတရားပြုမှုများနှင့် ရာဇဝတ်မှုများအတွက် အရေးမယူခြင်းများ ယေဘုယျအားဖြင့် ဆက်လက်ပေါ်ပေါက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဒီဇဘ်ာလတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးလကြာအပစ်အခတ်ရပ်စဲရန် တပ်မတော်က တစ်ဖက်သတ်ကြေညာခဲ့သည်။ ထိုကာလကို စက်တင်ဘာလ ၂၁ ရက်နေ့အထိ တိုးချဲ့ခဲ့သည်။ အပစ်အခတ် ရပ်စဲခြင်းသည် ကချင်ပြည်နယ်တွင် အကြမ်းဖက်မှုများ လျှော့ချရေးအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် တာဝန်ရှိသည်။ သို့ရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ တပ်မတော်က အပစ်အခတ်ရပ်စဲမှုကို ချိုးဖောက်မှုအပါအဝင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ဩဂုတ်လတွင် အကြမ်းဖက်မှု သိသာစွာဦးမော့လာခဲ့သည်။ ရခိုင်ပြည်နယ်ဗဟိုနှင့် မြောက်ပိုင်းတို့တွင် တပ်မတော်နှင့် ရခိုင်တိုင်းရင်းသား AA အဖွဲ့တို့အကြား ပဋိပက္ခများဆက်လက်ဖြစ်ပွားခဲ့သည်။

ကချင်ပြည်နယ်တွင်တိုက်ခိုက်မှုများ တစ်နှစ်လုံးဆက်လက်ဖြစ်ပွားခဲ့ပြီး အရပ်သားသေဆုံးမှုများ၊ အရပ်သားများအား တပ်မတော်က မတရားပြုမှုအတွက် ယုံကြည်ထိုက်သောသတင်းများ၊ လူပေါင်းများစွာကို နေရာရွှေ့ပြောင်းမှု ရလာဒ်များထွက်ပေါ် ခဲ့သည်။ အလားတူစွာပင် တိုက်ခိုက်မှုများက ချင်းပြည်နယ်မြောက်ပိုင်း ပလက်ဝမြို့နယ်ကိုပင် ထိခိုက်စေခဲ့သည်။ ရှမ်းပြည်နယ်တွင် လက်နက်ကိုင်အုပ်စုမျိုးစုံတို့အကြား၊ တပ်မတော်နှင့် လက်နက်ကိုင်အုပ်စုများအကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ၏ အရပ်သား ပြည်သူလူထုအား မတော်မတရားပြုသည့် ခိုင်မာသော စွပ်စွဲချက်များလည်းရှိခဲ့သည်။ အရှေ့တောင်ပိုင်းဒေသအများစုတွင် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများသည် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများစွာထံသို့ ရောက်ရှိခဲ့သောကြောင့် တိုင်းရင်းသား လူနည်းစုဒေသများတွင် အရပ်ဘက်လူထုအား အနှံ့အပြား ဂိုဏ်းဖွဲ့အကြမ်းဖက်မှုများ ကျဆင်းသွားခဲ့သည်။

သတ်ဖြတ်မှုများ။ ပဋိပက္ခဒေသများရှိ အရပ်သားများအား တပ်မတော်အရာရှိများက လူသိရှင်ကြားစုံစမ်းစစ်ဆေးမှု သို့မဟုတ် တာဝန်ယူမှု တာဝန်ခံမှုမရှိဘဲ သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် ပြင်းထန်စွာ အလွဲသုံးမှုပြု ခြင်းများရှိကြောင်း သိရှိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများက တပ်မတော်အား တိုက်ခိုက်ပြီးနောက် တပ်မတော်က အရပ်သားများအား ဦးတည်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများ ရှိခဲ့ကြောင်း သိရှိရသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ အထူးသဖြင့် တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်က ပြိုင်ဖက်လက်နက်ကိုင်အုပ်စုအဖွဲ့ဝင်များဟု သံသယရှိသော အရပ်သားများကို သိသာထင်ရှားစွာ သတ်ဖြတ်ခဲ့ကြသည်။ တပ်မတော်ကို သတင်းပေးသည်ဟု သံသယရှိသူ အရပ်သားများကို AA ကသတ်ဖြတ်ခဲ့ကြသည်ဟူသောစွပ်စွဲမှုများလည်းရှိသည်။

စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကန်းထောင်ကြီးမြို့တွင် ခေါင်းဖြတ်ထားသော အမျိုးသားအလောင်းနှစ်လောင်းကို တွေ့ရှိခဲ့သည်။ ယင်းဖြစ်ရပ်သည် ယခုအစီရင်ခံစာ ပြုစုသည့်နှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြေရှင်းမရသော အရပ်သားများ၏သတ်ဖြတ်ခံရမှုကို ၁၃ မှုအထိရှိလာစေခဲ့သည်။ တပ်မတော်နှင့် AA တို့က တာဝန်ရှိ မှုကို အပြန်အလှန်စွပ်စွဲခဲ့ကြသည်။

သြဂုတ်လ ၁၅ ရက်နေ့တွင် မဟာမိတ်တိုင်းရင်းသားအုပ်စုများထံမှ အကူအညီအချို့နှင့်အတူ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်က တပ်မတော်နှင့် ရဲစခန်းများကို တိုက်ခိုက်ခဲ့ရာ လုံခြုံရေးအဖွဲ့များ ၁၃ ဦးသေဆုံးခဲ့သည်။ သြဂုတ်လ ၃၁ ရက်နေ့က တိုက်ချက်မှုအတွင်း အရပ်သားငါးဦး (၎င်းတို့အနက် ကလေးသုံးဦး) အပါအဝင် အရပ်သားများ သေဆုံးမှုဖြစ်ပေါ်စေခဲ့သည့် အမြောက်နှင့်အခြားပစ်ခတ်မှုတို့အတွက် တပ်မတော်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် တို့တွင် တာဝန်ရှိသည်။ အရပ်သား များသေဆုံးမှု အတွက် တစ်ဘက်နှင့်တစ်ဘက် အပြစ်ပုံချလျှက်ရှိကြသည်။

စက်တင်ဘာလတွင် တပ်မတော်က ယင်း၏စုံစမ်းရေးခုံရုံးသည် ရခိုင်ပြည်နယ် ဂူဒါပြင်တွင် ရခိုင်ရိုဟင်ဂျာ ကယ်တင်ရေးတပ်နှင့် ၂၀၁၇ ခုနှစ် ပဋိပက္ခများနှင့်ဆက်စပ်၍ "ညွှန်ကြားချက်များလိုက်နာရန် အားနည်းမှု" အတွက် အရေအတွက်ဖော်ပြမထားသော စစ်သားများအား စစ်ခုံရုံးကြားနာစစ်ဆေးမှုများ စတင်မည်ဟု ကြေညာခဲ့သည်။ စစ်ခုံရုံးသည် တပ်မတော်၏ တိုက်ခိုက်ရေးစည်းမျဉ်းများ ချိုးဖောက်မှုများနှင့် သက်ဆိုင်ပြီး ဂူဒါပြင်ရှိ ရိုဟင်ဂျာအမျိုးသားများ၏ အစုလိုက်အပြုံလိုက် မြှုပ်နှံထားမှုများ၏ သတင်းစာပါ သတင်းများနှင့် ဆက်စပ်မှုမရှိကြောင်း တပ်မတော်ပြောခွင့်ရပုဂ္ဂိုလ် တစ်ဦးက ပြောကြားခဲ့သည်။

အဓမ္မဖမ်းဆီးမှုများ။ ပဋိပက္ခနယ်မြေများတွင် အစိုးရစစ်သားများနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များက ကျေးရွာသားများကို ပြန်ပေးဆွဲခဲ့သည်ဟူသော အစီရင်ခံစာများစွာရှိခဲ့သည်။ မတ်လက ရခိုင်ပြည်နယ်တွင် တပ်မတော်က တစ်ဦးချင်းပုဂ္ဂိုလ်များအား အဓမ္မခေါ်ဆောင်ကာ ၎င်းတို့အား အဆက်အသွယ်ဖြတ်ထားကြောင်း ခိုင်လုံသောသတင်း များရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် AA က ချင်းပြည်နယ်ပလက်ဝမှ အရပ်သားများကို ဘင်္ဂလားဒေ့ရှ်သို့ အဓမ္မခေါ် ဆောင်သွားခဲ့ပြီး လများစွာကြာမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လွှတ်ပေးခဲ့သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်မှ အစိုးရစစ်သားများက မိန်းကလေးလေးယောက်အပါအဝင် အရပ်သား ၁၄ ယောက်ကို ဖမ်းချုပ်ထားခဲ့ပြီး ၎င်းတို့ကင်းလှည့်ရာတွင် အတင်းအကျပ်ပါဝင်စေခဲ့သည်။ အရပ်သားတစ်ဦးကို ၎င်းတို့စစ်ကြောင်း ဖွဲ့စည်းမှုရှေ့ဆုံးမှ ချီတက်ခိုင်းခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာအလွဲသုံးမှု။ အပြစ်ဒဏ်ပေးမှုနှင့် ညှဥ်းပမ်းနှိပ်စက်မှု။ ရခိုင်ပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများနှင့်အတူ အလုပ်လုပ်သည်ဟုဆိုသော သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများအား လိုလားသည်ဟုယူဆရသော အရပ်သားများအား ညှဥ်းပမ်းနှိပ်စက်ခြင်းနှင့် ရိုက်နှက်ခြင်းတို့တွင် တပ်မတော်က ပါဝင်သည်ဟူသော ခိုင်လုံသည့်သတင်းများကို အစိုးရမဟုတ်သောအဖွဲ့အစည်း (အန်ဂျီအို) အစီရင်ခံစာများတွင် ဖော်ပြထားသည်။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ကလည်း အဓမ္မအလုပ်စေခိုင်းခြင်းနှင့် အဓမ္မလူသစ်စုဆောင်းမှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် တပ်မတော်က အရပ်သားများအား ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်စေခြင်း သို့မဟုတ် အခြားထောက်ပံ့ရေးကဏ္ဍများတွင် အတင်းအကြပ်ခိုင်းစေခြင်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သတင်းများရရှိသည်။

ရခိုင်၊ ကချင် နှင့် ရှမ်းပြည်နယ်တို့တွင် အနည်းဆုံး ၂၀၁၁ ခုနှစ် ကတည်းက တပ်မတော်က အဓမ္မပြုကျင့်မှုများနှင့် လိင်အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုများကို ယခုအစီရင်ခံစာ ပြုစုသည့်နှစ်အတွင်း ကုလသမဂ္ဂ၊ မီဒီယာများနှင့် အန်ဂျီအိုများက မှတ်တမ်းတင်ထားခဲ့သည်။

နိုင်ငံအတွင်းနှင့် နယ်စပ်ဒေသတစ်လျှောက်ဆောင်ရွက်နေသော အရပ်သားများ၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် အန်ဂျီအိုများက တပ်မတော်နှင့် လက်နက်ကိုင်အုပ်စုများက မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုမှုကို အစီရင်ခံခဲ့ ကြသည်။

ကလေးစစ်သားများ။ တပ်မတော်နှင့် အဖွဲ့လေးဖွဲ့ဖြစ်သည့် ကချင်လွတ်မြောက်ရေးအဖွဲ့၏ လက်နက်ကိုင် အဖွဲ့ခွဲဖြစ်သော ကချင်လွတ်မြောက်ရေးတပ်မတော်၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ လက်နက်ကိုင် အဖွဲ့ခွဲဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်၊ တအောင်းအမျိုးသား

လွှတ်မြောက်ရေးတပ်မတော် နှင့် ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်တို့အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၉ ခုနှစ် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခအစီရင်ခံစာတွင် လူသစ်စုဆောင်းမှုနှင့် ကလေး သူငယ်များအား အသုံးပြုမှုတို့ကို ကျူးလွန်သူများအဖြစ် သတ်မှတ်ဖော်ပြထားသည်။

လူသစ်စုဆောင်းခြင်းနှင့် ကလေးစစ်သားအသုံးပြုမှုအတွက် ပြဋ္ဌာန်းထားသောပြစ်ဒဏ်များမှာ အဆိုပါပြစ်မှုများ၏ ပြင်းထန်မှုနှင့် အချိုးအစားညီမျှမှုမရှိပါ။ လွန်ခဲ့သောနှစ်များတွင် အဆိုပါအမှုများ၏ အများစုသည် သတိပေးခြင်း၊ ရာထူးချခြင်း၊ ဒဏ်ငွေရိုက်ခြင်း သို့မဟုတ် ပင်စင်လစာများ လျှော့ချခြင်းတို့ဖြင့် အဆုံးသတ်သွားခဲ့ကြပြီး ပြစ်ဒဏ်များသည် ပြစ်မှုဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များထက် သိသာထင်ရှားစွာ လျော့ပါးခဲ့သည်။ အသက်ပြည့်မပြည့်စိစစ်ရေး ကြားလူများက အသက်ပြည့်မပြည့် စိစစ်ရေး လုပ်ထုံးလုပ်နည်းများကို ရှောင်ကွင်း၍ အသက်မပြည့်သူများအား လူသစ်စုဆောင်းရန် အကူအညီပေးကြကြောင်း တစ်ခါတရံ လူသစ်စုဆောင်း ခံရသူများ၏ မိသားစုများက အကူအညီတောင်း၍ ကူညီပေးကြကြောင်း အစီရင်ခံစာများရှိခဲ့သည်။ ကလေးစစ်သားများ လူသစ်စုဆောင်းမှုတွင်ပါဝင်ပတ်သက်သော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ယူခဲ့သည်။ သို့ရာတွင် အစိုးရသည် လူသစ်စုဆောင်းမှု သို့မဟုတ် ကလေးစစ်သားအသုံးပြုမှုအတွက် စစ်သားများအား အရပ်ဘက်တရားရုံးများတွင် တရားစွဲဆိုသောအထောက် အထားမရှိပေ။

သဘောတူညီထားသော လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုအတွက်စစ်ဆေးရန်၊ ကလေးများအား လူသစ်စု ဆောင်းခြင်းကိုရပ်တံ့ရန်နှင့် လက်နက်ကိုင်ပဋိပက္ခများတွင် အမှုထမ်းနေသောသူများအား မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသတ်မှတ်ရေးနှင့် စစ်မှုထမ်းအဖြစ်မှထွက် ခွင့်ပြုရေးတို့ကို အကောင်အထည်ဖော်ရန် တပ်မတော်က ကိုလသမဂ္ဂ စောင့်ကြည့်သူများအား ယေဘုယျအားဖြင့် ခွင့်ပြုခဲ့သည်။ တရားဝင်ခွင့်ပြုချက်များ သေချာစေရေးတွင် နှောင့်နှေးကြန့်ကြာမှုအချို့ရှိခဲ့ပြီး ပဋိပက္ခနယ်မြေများသို့ ရောက်ရှိခွင့်ကို များသောအားဖြင့် ငြင်းဆိုခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအား ကလေးစစ်သားများကို လူသစ်စုဆောင်းမှု ရပ်တံ့ရေး နှင့် စစ်မှုထမ်းအဖြစ်မှ ထွက်ခွင့်ပြုရေးအပြင် စစ်မှုထမ်းပြီးသူများအား ပြန်လည်ထူထောင်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်း စီမံချက်ကို ကုလသမဂ္ဂနှင့် လက်မှတ်ရေးထိုးခြင်းကို အစိုးရက ဟန့်တားထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ https://www.state.gov/j/tip/rls/tiprpt ရှိ လူကုန်ကူးခြင်းအစီရင်ခံစာကို လည်းကြည့်ပါ။

ပဋိပက္ခနှင့်ဆက်စပ်သော အခြားမတရားပြုမှုများ။ အစိုးရသည် ကယ်ဆယ်ရေးပစ္စည်းများ ဖြတ်သန်းခြင်းနှင့် ပဋိပက္ခဘေးသင့်နယ်မြေများဖြစ်သည့် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်သို့ နိုင်ငံတကာလူသားချင်းစာနာမှုအဖွဲ့များရောက်ရှိရေးတို့ကို ကန့်သတ်ချုပ်ချယ်ခဲ့သည်။ အစိုးရသည် ကုလသမဂ္ဂ၊ နိုင်ငံတကာ နိုင်ငံတကာအန်ဂျီအိုများနှင့် သံတမန်အဖွဲ့များအား တပ်မတော်က ၎င်းတို့၏လုံခြုံရေးကို အာမမခံနိုင်ဟု အခိုင်အမာပြောကာ သို့မဟုတ် လူသားချင်းစာနာမှု အကူအညီများသည် လက်နက်ကိုင်တပ်ဖွဲ့များကိုသာ အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု အကြောင်းပြကာ ထိုဒေသများ သို့ သွားရောက်ခွင့်ကိုငြင်းဆိုခဲ့သည်။ အချို့သောဖြစ်ရပ်များတွင် အစိုးရတပ်ဖွဲ့များက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ပဋိပက္ခရေိယာများသို့ မသိမသာသွားရောက်ခွင့်ကို တပ်မတော်ကခွင့်ပြုပေးခဲ့သည်။

အောက်တိုဘာလတွင် အစိုးရ၏ထိန်းချုပ်မှုပြင်ပတွင်ရှိသော အထူးသဖြင့် ကချင်ပြည်နယ် မြောက်ပိုင်းရှိနိုင်ငံ၏ စစ်ဘေးရှောင်စခန်းများ (IDP) တွင် လူပေါင်း ၄၀,၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ တိုက်ခိုက်မှုသည် ယခုအစီရင်ခံစာပြုစုသည့် နှစ်အတွင်း လူထောင်ပေါင်းများစွာကို ရွှေ့ပြောင်းစေခဲ့ပြီး အဆိုပါဒေသများရှိ ပဋိပက္ခဒဏ်ခံရသော ရပ်ရွာများ၏ ကာလရှည်ရွှေ့ပြောင်းခံရသူများနှင့် ရောနှောလျှက်ရှိကြသည်။ သို့ရာတွင် ရှမ်းပြည်နယ်ရှိ အသစ်ရွှေ့ပြောင်းခံရသူအများစုမှာ ယခုအစီရင်ခံစာပြုစုသည့် နှစ်အတွင်း ၎င်းတို့၏နေအိမ်များသို့ ပြန်နိုင်ခဲ့ကြသည်။ ဒေသတွင်းအခြေစိုက် အဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်မှုပြင်ပရှိ IDP စခန်းအချို့သို့ ဝင်ထွက်ခွင့်ရရှိကြသော်လည်း ၎င်းတို့ ၏ဝင်ထွက်ခွင့်ကို တရားစွဲဆိုခြင်းခံရမည်ဟူသော ခြိမ်းခြောက်မှုအပါအဝင် တားမြစ်ကန့်သတ်မှုများကို တပ်မတော်က တိုးမြှင့်သတ်မှတ်ခဲ့သည်။ IDP စခန်းများနှင့် ယေဘုယျအားဖြင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခထိခိုက်သောဒေသများရှိ ရိုဟင်ဂျာများထံသို့ ဝင်ထွက်ခွင့်ကို ကြက်ခြေနီအသင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့မှလွဲ၍ တပ်မတော်က ကျယ်ကျယ်ပြန့်ပြန့်တားမြစ်ထားရာ အဆိုပါ IDP စခန်းများအကြား လူသားချင်းစာနာရေးအကူအညီ လိုက်အပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိခဲ့ပေ။ အစိုးရသည် ကချင်ပြည်နယ်ရှိ တပ်မတော်၏ထိန်းချုပ်မှု ပြင်ပရှိရေိယာများသို့ ကုလသမဂ္ဂကိုဖြစ်စေ အခြားသော နိုင်ငံတကာလူသားချင်းစာနာမှု အဖွဲ့အစည်းများကိုဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန်လက တည်းက ဝင်ထွက်ခွင့် မပြုခဲ့ပေ။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပဋိပက္ခဖြစ်ပွားမှုကြောင့် ရွှေ့ပြောင်းခံရသူပေါင်း ၁၀၇,၀၀၀ ကျော် ကျန်ရှိနေဆဲဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် ၎င်းတို့၏နေအိမ်များမှ မောင်းထုတ်ခံကြရသော ကျေးရွာသားများသည် စားနပ်ရိက္ခာ၊ လုံခြုံရေး သို့မဟုတ် အခြေခံဆေးဝါးစောင့်ရှောက်မှု လုံလောက်မှုမရှိဘဲ မြေမြှုပ်မိုင်းများ ထူထပ်သည့် သစ်တောများထဲသို့ မကြာခဏ ထွက်ပြေးခဲ့ကြရသည် (အပိုင်း ၂၊ဃ ကိုကြည့်ပါ)။

## အပိုင်း ၂။ အောက်ပါအခွင့်အရေးများအပါအဝင် အများပြည်သူ၏ လွတ်လပ်ခွင့်များအတွက်လေးစားမှု

## က။ သတင်းလွတ်လပ်ခွင့်အပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

“နိုင်ငံသားတိုင်းသည် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားဖြန့်ဝေခွင့်ရှိသည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားသည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်တွင် ထိုအခွင့်အရေး များကို "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့် တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် ဆန့်ကျင်ခြင်းမပြုဘဲ" သုံးစွဲဆောင်ရွက်ရမည်ဟူသော ကျယ်ပြန့်၍ အဓိပ္ပာယ်နှစ်ခွထွက်သည့် သတိပေးချက်ပါဝင်သည်။ ယခုအစီရင်ခံစာပြုစုသည့် နှစ်အတွင်း သတင်းထောက်များအပေါ် ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ၂၀၁၈ ခုနှစ်ထက်ပို၍ တင်းကျပ်ထားသည်။ အစိုးရနှင့်တပ်မတော်အား ဝေဖန်သောနိုင်ငံရေးယူဆချက်များ ထုတ်ဖော်ပြောဆိုခြင်း အတွက် များသောအားဖြင့် အသရေဖျက်မှု၊ ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြမှု သို့မဟုတ် အမျိုးသားလုံခြုံရေး ဥပဒေများကို ချိုးဖောက်မှု စွဲချက်များဖြင့် နိုင်ငံသားများအား အာဏာပိုင်များက ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆို၊ ခြိမ်းခြောက်၍ ထောင်ချခဲ့သည်။ ယင်းတို့တွင် တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံသားများအား ထိန်းသိမ်းခြင်းနှင့် စစ်ဆေးစီရင်ခြင်းတို့ပါဝင်သည်။ အစိုးရသည် နှစ်ရှည်ထောင် ဒဏ်ချမှတ်နိုင်သော ဥပဒေများအပါအဝင် ယခင်ကထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကျခံစေနိုင်သည့် ဥပဒေများကို အသုံးပြုခဲ့ကြသည်။

ဆက်သွယ်ရေးဥပဒေပါ ပြစ်မှုမြောက်သော အသရေဖျက်မှုစာပိုဒ်ကို လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်းအား ကန့်သတ်ရန် အသုံးပြုလေ့ရှိသည်။ အစိုးအရနှင့်တပ်မတော်အား အပြင်းအထန် ဝေဖန်မှုများသည် ဤဥပဒေပါ စွဲချက်များနှင့် ရင်ဆိုင်ကြရသည်။ ဥပမာ ရုပ်ရှင်ရိုက်ကူးသူနှင့် လူ့အခွင့်အရေး လှုပ်ရှားသူ မင်းထင်ကိုကိုကြီးအား နိုင်ငံရေးတွင် တပ်မတော်၏ အခန်းကဏ္ဍာဝေဖန်ချက်ကို ဖေ့စ်ဘွတ်ခ်တွင်တင်ခဲ့သောကြောင့် ထောင်ဒဏ်တစ်နှစ်ချမှတ်ခံခဲ့ရသည်။ ထို့ပြင် ၎င်းသည် အလားအလာရှိသော အခြားစွဲချက်များကိုလည်း ရင်ဆိုင်ခဲ့ရသည်။

ခွပ်ဒေါင်းမျိုးဆက်ဖျော်ဖြေရေး အဖွဲ့ဝင်ငါးဦးအား ဧပြီလ သင်္ကြန်အတွင်းက နိုင်ငံရေးအတွင်း တပ်မတော်၏အခန်းကဏ္ဍကို ဝေဖန်သော လှောင်ပြောင်သရော်သည့် ဖျော်ဖြေမှုကြောင့် အာမခံမပေးဘဲ ထိန်းသိမ်းခဲ့ကြသည်။ အောက်တိုဘာလ ၃၀ ရက်နေ့တွင် အဖွဲ့ဝင်ငါးဦးအား တပ်မတော်ကို အသရေဖျက်မှုဖြင့် အပြစ်ရှိကြောင်းတွေ့ရှိ၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့သည်။ နိုဝင်ဘာလအထိ အခြားစွဲချက်များအတွက် အမှုကို ဆက်လက်စစ်ဆေးလျှက်ရှိသည်။

တပ်မတော်အရာရှိများသည် ၎င်းတို့၏တပ်မတော်အပေါ် ဝေဖန်မှုများကို အခြေခံကာ ထင်ရှားသည့်ဘာသာရေး ခေါင်းဆောင်အချို့ကို စွဲချက်တင်ခြင်း သို့မဟုတ် စွဲချက်တင်ရန် ကြိုးပမ်းခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများစွာနှင့် ထင်ရှားသော ကချင်နှစ်ချင်း သိက္ခာတော်ရဆရာတော် ခါလမ်ဆမ်ဆင်တို့ပါဝင်ခဲ့ကြသည်။ ဆမ်ဆင်နှင့် ပတ်သက်သောစွဲချက်ကို အာဏာပိုင်များက ပယ်ချပေးခဲ့သော်လည်း တပ်မတော်နှင့် ဗမာဗုဒ္ဓဘာသာ အစွန်းရောက်အမျိုးသားဝါဒတို့ကို ဝေဖန်သော ဦးစိန္တိတနှင့် မြဝတီဆရာတော်တို့၏အမှုတို့ကို နှစ်ကုန်အထိ ဖွင့်ထားဆဲဖြစ်သည်။

အများပြည်သူနှင့်သဘောထားကွဲလွဲမှုများကို စိစစ်ဖြတ်တောက်ရန် သို့မဟုတ် တရားစွဲဆိုရန် ဥပဒေအမျိုးမျိုးကို အသုံးပြုခဲ့ကြသည်။ ဇွန်လ ၁၉ ရက်နှင့် ၂၁ ရက်နေ့တို့တွင် ကယားပြည်နယ်ရှိ သိမ်းဆည်းထားသောမြေယာကို ကျူးကျော်မှုအား ကူညီမှုနှင့် အားပေးကူညီမှုဟူသော စွပ်စွဲချက်ဖြင့် သတင်းထောက်များအပါအဝင် သီးခြားပုဂ္ဂိုလ် ၁၂ ဦးကို ဖိနှိပ်ရန် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဥပဒေကို တပ်မတော်က အသုံးပြုခဲ့သည်။ ထိုအမှုကို နှစ်ကုန်အထိ ဆက်လက်စစ် ဆေးဆဲဖြစ်သည်။

အချို့ပုဂ္ဂိုလ်များသည် နိုင်ငံရေးအရ ထိရှလွယ်သောအကြောင်းအရာများကို ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းနှင့် ပတ်သက်၍ သတိထားနေကြရဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လုံခြုံရေးဝန်ထမ်းများနှင့် အစွန်းရောက် အမျိုးသားဝါဒီအုပ်စုများက စောင့်ကြည့်နှောင့်ယှက် နေကြသောကြောင့်ဖြစ်သည်။ နိုင်ငံရေးသမားများ၊ သတင်း ထောက်များ၊ စာရေးဆရာများနှင့် သံတမန်များကို ရဲတပ်ဖွဲ့က ဆက်လက်စောင့်ကြည့်ခဲ့ကြသည်။

သတင်းစာနှင့် အွန်လိုင်းမီဒီယာအပါအဝင် မီဒီယာလွတ်လပ်ခွင့်။ လွတ်လပ်သောမီဒီများသည် တရားဝင်နှင့် တရားမဝင် ကန့်သတ်ချုပ်ချယ်မှုများစွာ ရှိသော်လည်း လှုပ်ရှားလည်ပတ်နိုင်စွမ်း ရှိကြသည်။ ပုဂ္ဂလိကပိုင် နေ့စဉ် သတင်းစာများ၏ပုံနှိပ် ထုတ်ဝေခွင့်ကို အစိုးရက ဆက်လက်ခွင့်ပြု ထားခဲ့သည်။ အောက်တိုဘာလတွင် အာဏာပိုင်များက နေ့စဉ် သတင်းစာ ၄၆ စောင်ကို အတည်ပြုပေးခဲ့သော်လည်း ၂၀၁၈ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် သတင်းလွတ်လပ်ခွင့်ကျဆင်းခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များက သတင်းထောက်များကို ယခင်နှစ်များက အသုံးပြုခဲ့သည့်ဥပဒေများထက် ပိုမိုကြီးလေးသော ပြစ်ဒဏ်ပါရှိသည့်ဥပဒေများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ပြည်တွင်းမီဒီယာများသည် ဥပမာအားဖြင့် ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲရေးနှင့် ရခိုင်ပြည်နယ်ရှိ ၂၀၁၇ ခုနှစ် လူမျိုးစုရှင်းလင်းရေးအား နိုင်ငံတကာစုံစမ်းစစ်ဆေးမှုအပါအဝင် လူ့အခွင့်အရေးများနှင့် နိုင်ငံရေးပြဿနာများကို ရေးသားဖော်ပြနိုင်ကြသော်လည်း အဆိုပါအကြောင်းအရာများနှင့်ပတ်သက်၍ ကိုယ်တိုင်စိစစ်တည်းဖြတ်မှု အချို့ကိုမူ လိုက်နာကြရသည်။ AA ပါဝင်ပတ်သက်သော ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကို အရေးသားတင်ပြကြသောသတင်းထောက်များကို တရားဝင်အရေး ယူမှု သို့မဟုတ် ထိုသို့သော အရေးယူမှုဖြင့် ခြိမ်းခြောက်မှုများ မြင့်တက်ခဲ့သည်။ နိုင်ငံပိုင် သတင်းစာများတွင် ကျယ်ပြန့်စွာဖော်ပြခြင်း မပြုသော အကြောင်းအရာများဖြစ်သည့် ဆန္ဒပြပွဲများနှင့် ပြည်တွင်းပဋိပက္ခများကို ယေဘုယျအားဖြင့် မီဒီယာများ အစိုးရက ရေးသားဖော်ပြခွင့် ပြုထားခဲ့သည်။

ဝေဖန်ရေးမီဒီယာ တိုက်ရိုက်ထုတ်လွှင့်အစီရင်ခံချက်ဟု ယူဆမှုများကို တရားစွဲဆိုခြင်းဖြင့် လုံးဝသည်းမခံရေးကို တပ်မတော်က ဆက်လက်ကျင့်သုံးခဲ့သည်။ အာဏာရပါတီဝင်များက ဝေဖန် သည်ဟုယူဆသော သတင်းထောက်များအား တရားစွဲဆိုမှုများမြင့်တက်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့များ၏လုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးမှုအတွက် ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ထိန်းသိမ်းထားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် လျှို့ဝှက်ချက် အက်ဥပဒေအရ ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ သော ရိုက်တာ သတင်းထောက်နှစ်ဦးကို မေလတွင် သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

Myanmar Now အယ်ဒီတာချုပ် ဆွေဝင်းအပေါ် အသရေဖျက်မှုဖြင့် စီရင်ချက်ချခဲ့သောအမှုကို စက်တင်ဘာလ ၃၀ ရက်တွင် တရားရုံးတစ်ရုံးက ပြန်လည်ကြားနာနိုင်ခဲ့သည်။ တရားလိုဝီရသူသည် ရုံးတော်သို့ လာရောက် ရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပြီးနောက် ဇူလိုင်လ ၂ ရက်နေ့တွင် စွဲဆိုချက်များကို ပယ်ချခဲ့သည်။ နိုဝင်ဘာလတွင် ထိုအမှုကို ဆက်လက်စစ်ဆေးခဲ့သည်။ လူသိများသော ဖွဲ့စည်းပုံအခြေခံဆိုင်ရာ မွတ်ဆလင်ရှေ့နေ ကိုနီ၏ လုပ်ကြံခံရမှုအားချီးကျူးသည့် ဝေဖန်ချက်များ ပြုလုပ်ခြင်းဖြင့် ရဟန်းသိက္ခာပုဒ်များကို ချိုးဖောက်ခဲ့သည်ဟု ထင်ရှားသည့် မ-ဘ-သ ခါင်းဆောင် ဘုန်းတော်ကြီး ဦးဝီရသူအား အကြံပြုခြင်းကို ဖေ့စ်ဘွတ်တွင် တင်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဆွေဝင်းကို ၂၀၁၇ ခုနှစ် မတ်လတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည် (အပိုင်း ၁၊ က ကို ကြည့်ပါ)။

အစိုးရသည် ပုဂ္ဂလိကကုမ္ပဏီငါးခုအား ပြန်ကြားရေးဝန်ကြီးဌာနလိုင်းကို အသုံးပြုကာ ထုတ်လွှင့်စေခြင်းဖြင့် ပြည်တွင်းရုပ်သံထုတ်လွှင့်အပေါ် ယင်း၏လက်ဝါးကြီးအုပ်မှုကို လျှော့ချပေးခဲ့သည်။ ရုပ်သံလိုင်းတစ်လိုင်းအား လျှောက်ထားခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ကုန်ကျစရိတ်မှာ မြင့်မားလွန်းသည်ဟု မီဒီယာများက အစီရင်ခံကြသည်။ အစိုးရက အများပြည်သူဆိုင်ရာ ရုပ်သံလိုင်းသုံးခုကိုခွင့်ပြုထားပြီး နှစ်လိုင်းကို သတင်းနှင့်ပြန်ကြားရေး ဝန်ကြီးဌာနက ထိန်းချုပ်ကာ တစ်လိုင်းကို တပ်မတော်ကထိန်းချုပ်ထားသည်။ တပ်မတော်လိုင်းများသည် တပ်မတော်ဆိုင်ရာ အကြောင်းအရာများကို ပုံမှန်ထုတ်လွှင့်သည်။ ယခင်တပ်မတော်အစိုးရနှင့် ခိုင်မာသောချိတ်ဆက်မှုရှိသည့် ပုဂ္ဂလိကကုမ္ပဏီငါးခုက အခမဲ့လိုင်း ခြောက်လိုင်းကို ဆက်လက်ထုတ်လွှင့်ခဲ့သည်။ ရုပ်သံဖမ်းစက်များကို အခကြေးငွေဖြင့် အများပြည်သူအတွက် အစိုးရက ခွင့်ပြုထားသော်လည်း ကုန်ကျစရိတ်သည် မြို့ပြပြင်ပရှိ လူအများစုအတွက် တတ်နိုင်ခြင်းမရှိပေ။ တပ်မတော်၊ အစိုးရနှင့် အစိုးရနှင့်ချိတ်ဆက်သော စီးပွားရေးလုပ်ငန်းရှင်များက ပုဂ္ဂလိကဆိုင်ရာ သို့မဟုတ် အစိုးရပိုင်သဘောသက်ရောက်သော FM အသံလွှင့်ဌာနရှစ်ခုကို ထိန်းချုပ်ထားသည်။

အကြမ်းဖက်မှုနှင့်နှောင့်ယှက်ဟန့်တားမှု။ လူမျိုးစု အချင်းချင်းအကြားနှင့် ရခိုင်ပြည်နယ် ပြဿနာများနှင့်ပတ်သက်၍ အပြင်းအထန်ဝေဖန်ကြသော သတင်းထောက်များကို အမျိုးသားဝါဒီအုပ်စုများက ဆက်လက် ပစ်မှတ်ထားခဲ့ကြသည်။ တရားမဝင်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သော စီးပွားရေးလုပ်ငန်းရှင်များ တစ်ခါတရံ ဒေသဆိုင်ရာအာဏာပိုင်များနှင့်အတူ ၎င်းတို့၏လှုပ်ရှားမှုများကို သတင်းရေးသားသော သတင်းထောက်များအား ဥပဒေဆိုင်ရာ အရေးယူမှု ခြိမ်းခြောက်ခြင်းအပါအဝင် နှောင့်ယှက်ဟန့်တားမှုနှင့် ခြိမ်းခြောက်မှု ပြုခဲ့ကြသည်။ အရာရှိများက နိုင်ငံအစိတ်အပိုင်းအမျိုးမျိုးတွင် သတင်းထောက်များကို ဆက်လက်စောင့်ကြည့်ခဲ့ကြသည်။

စိစစ်ဖြတ်တောက်ခြင်းနှင့်ပါဝင်သော အကြောင်းအရာများကို ကန့်သတ်ခြင်း။ ယေဘုယျအားဖြင့် အတင်းအကြပ် မပြုသော်လည်း နိုင်ငံအကြောင်း သတင်းအချက်အလက်များကို နိုင်ငံပြင်ပတွင် တည်ရှိသောမီဒီယာသို့ အီလက်ထရွန်းနစ်နည်းပညာဖြင့် ပေးပို့ခြင်းကို ဥပဒေများက နိုင်ငံသားများအား တားမြစ်ထားရာ နိုင်ငံတကာမီဒီယာအတွက် သတင်းပို့သော သို့မဟုတ် ပူးပေါင်းဆောင်ရွက်သော သတင်းထောက်များကို နှောင့်ယှက်ဟန့်တားမှု ခြိမ်းခြောက်မှုနှင့် ဖမ်းဆီးမှုအလားအလာများဖြစ်ပေါ်စေသည်။ သတင်းပုံနှိပ်ထုတ်ဝေမှုအား ပေါ်ပေါ်ထင်ထင် စိစစ် ဖြတ်တောက်မှုရှိသည့် အစီရင်ခံမှုများမရှိသည့်ပြင် အစိုးရက အချို့သောအကဲဆတ်သည့်နိုင်ငံရေးနှင့် စီးပွားရေး ခေါင်းစဉ်များအား လွတ်လပ်သောဆွေးနွေးမှု ပြုလုပ်ခွင့်ပေးထားသည်။ သို့ရာတွင် တပ်မတော်  သို့မဟုတ် အစိုးရကို ဝေဖန်သော ပုံနှိပ်ထုတ်ဝေမှုများအား ဥပဒေအရ အရေးယူသည့်ဖြစ်ရပ်များသည် ပြည်တွင်းသတင်းထောက်များ အကြား စိုးရိမ်မှုများအရှိန်မြင့်လာခဲ့ကာ ကိုယ်တိုင်စိစစ်ဖြတ်တောက်မှုများ မြင့်တက်လာခဲ့သည်။

ကိုယ်တိုင်စိစစ်ဖြတ်တောက်မှုသည် အထူးသဖြင့် ဗုဒ္ဓဘာသာအစွန်းရောက်ဝါဒီများ၊ တပ်မတော်၊ ရခိုင်ပြည် နယ်ရှိ အခြေအနေများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်သောကိစ္စများတွင် လူသိများသည်။ ၂၀၁၈ ခုနှစ်တွင် ရိုက်တာသတင်းထောက်နှစ်ဦးအား စစ်ဆေးစီရင်၍ တရားစွဲဆိုမှုကြောင့် ထိုသို့သော ကိုယ်တိုင်စိစစ်ဖြတ်တောက်မှု များ ပိုမိုသိသာထင်ရှားလာခဲ့သည်။ အချို့သောအခေါ်အဝေါ်များကိုအသုံးပြုရန်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေ အနေများကိုဖော်ပြရန် အကြောင်းအရာများကို အစိုးရက မီဒီယာများအာ အမိန့်ပေးညွှန်ကြားခဲ့သည့်ပြင် အစိုးရ၏ လမ်းညွှန်ချက်များကို လိုက်နာခြင်းမပြုသော သတင်းထောက်များအား အပြစ်ဒဏ်များချမှတ်မည်ဟု ခြိမ်းခြောက် ခဲ့သည်။ ထိုခြိမ်းခြောက်မှုသည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ကိုယ်တိုင်စိစစ်ဖြတ်တောက်မှု မြင့်မားပြီးဖြစ်သော အဆင့်များကို ပိုမိုဆိုးဝါးစေခဲ့သည်။ အစိုးရ၏ဖော်ပြချက်ကို ထင်ရှားစေရန် စီစဉ်ထားသောအစိုးရက စီစဉ်ဆောင်ရွက် သည့် ခရီးစဉ်များမှတစ်ပါး သတင်းထောက်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ခွင့် ပိတ်ပင်ထားသည်။ ပါဝင်သည့်သတင်းထောက်များကိုလည်း တင်းကြပ်စွာ ထိန်းချုပ်ထားကြောင်း သိရှိရသည်။ နိုင်ငံခြား သတင်းထောက်များ အထူးသဖြင့် နိုင်ငံအတွင်း အခြေချနေထိုင်ခြင်းမရှိသော နိုင်ငံခြားသတင်းထောက်များအား ထိန်းချုပ်ရန် အစိုးရကဗီဇာထုတ်ပေးမှုနှင့် တရားဝင်ဗီဇာ သက်တမ်းလျှော့ချခြင်းကို ဆက်လက်ကျင့်သုံးခဲ့သည်။

အစိုးရဆင်ဆာအဖွဲ့သည် နိုင်ငံအတွင်းတွင်ပြသမည့် ရုပ်ရှင်အားလုံးကို ပြန်လည်သုံးသပ်မှုပြုခဲ့သည်။ ဇွန်လ ၁၅ ရက်နေ့တွင် တပ်မတော်ကိုဝေဖန်သော ရုပ်ရှင်ကားပြသခြင်းကို လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲညတွင် ရုတ်တရက်ဖယ်ရှားပစ်ခဲ့သည်။ ပွဲတော်တည်ထောင်သူ မင်းထင်ကိုကိုကြီးသည် ထိုအချိန်က ထောင်တွင်းရောက်ရှိနေခဲ့ပြီးနောင်တွင် တပ်မတော်အား ဝေဖန်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ (အပိုင်း ၂၊ က ကိုကြည့်ပါ)။

သတင်းစာရှင်းလင်းပွဲများနှင့် အခြားဖြစ်ရပ်များတွင် အစိုးရသတင်းပေးများတက်ရောက်ခြင်းကို သတင်းထောက်များက မကျေမနပ် ပြောကြားကြပြီး ထိုဖြစ်ရပ်များတွင် သတင်းထောက်များနှင့် လက်ခံကျင်းပသူများကို ခြိမ်းခြောက်ကြသည်ဟု ပြောပြကြသည်။ သတင်းပေးများက လက်ခံကျင်းပသူများနှင့် တက်ရောက်သူများ၏ စာရင်းကို တောင်းဆိုခဲ့ကြသည်။

<u>အသရေဖျက်မှု/လုပ်ကြံအသရေဖျက်မှုဥပဒေများ။</u> တပ်မတော်နှင့် အရပ်သားအစိုးရအရာရှိများက သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများနှင့် သာမန်နိုင်ငံသားများကို ရာဇဝတ်ကြောင်းဖြင့် စွဲချက်တင်ရန် ကျယ်ပြန့်သော အသရေ ဖျက်သည့်ဥပဒေများကို အသုံးပြုခဲ့ကြသည်။

ဖေဖော်ဝါရီလတွင် ထားဝယ်မြို့နယ်တရားရုံးက တနင်္သာရီဂျာနယ်၏ ၂၀၀၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော တိုင်းဒေသကြီးအရာရှိတစ်ဦးအား သရော်သည့်ဆောင်းပါးတစ်ပုဒ်ကြောင့် တနင်္သာရီဂျာနယ် အယ်ဒီတာကို ကျပ် ၅၀၀,၀၀၀ ဒဏ်ငွေတပ်ရိုက်ခဲ့သည်။ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကယားပြည်နယ်ဝန်ကြီးချုပ်က ဒေါ်အောင်ဆန်းစုကြည်၏ဖခင်ကြေးရုပ် စိုက်ထူရေးကို ထောက်ခံမှုနှင့်ပတ်သက်၍ ကရင်နီလူငယ်ခြောက်ဦးက ပြည်နယ်ဝန်ကြီးချုပ်အား သစ္စာဖောက်ဟု ခေါ် ခဲ့ခြင်းအတွက် အသရေဖျက်မှုဖြင့် ၎င်းတို့အားစွဲချက်တင်ခဲ့သည်။ နိုဝင်ဘာလ ၇ ရက်တွင် ၎င်းတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်စီရင်ခဲ့သည်။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် မန္တလေးရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အရာရှိတစ်ဦးက ဖေ့စ်ဘွတ်ခ် အသုံးပြုသူနှစ်ဦးအား ၎င်းတို့၏ သရော်လှောင်ပြောင်သောအပြုအမူသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အသရေပျက်စေသည်ဟု စွပ်စွဲကာ တရားစွဲဆိုခဲ့သည်။

**အင်တာနက်လွတ်လပ်ခွင့်**

အစိုးရသည် အွန်လိုင်းအကြောင်းအရာများကို ယေဘုယျအားဖြင့် စိစစ်တည်းဖြတ်ခြင်းမပြုပါ။ သို့ရာတွင် အစိုးသည် အင်တာနက်ရယူသုံးစွဲခွင့်ကို ကန့်သတ်ချုပ်ချယ်ထားသည်။ ဇွန်လ ၂၀ ရက်နေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရှစ်မြို့နယ်နှင့်

ချင်းပြည်နယ်တောင်ပိုင်းရှိ ပလက်ဝမြို့နယ်များရှိ မိုဘိုင်းဖုန်းအော်ပရေတာများအား "ငြိမ်းချမ်းရေးကို နှောင့်ယှက်ခြင်းနှင့် တရားမဝင်လှုပ်ရှားမှုများကို ပေါင်းစပ်ညှိနှိုင်းရန် အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုခြင်းတို့ကြောင့်" မိုဘိုင်းအင်တာနက်ဆက်သွယ်မှုကို ပိတ်ပစ်ရန် အမိန့်ပေးခဲ့သည်။ အဆိုပါတားမြစ်မှုကို မြို့နယ်ကိုးခုအနက် ငါးခုအား ဩဂုတ်လ ၃၁ ရက်နေ့တွင် ရုပ်သိမ်းပေးခဲ့သော်လည်း နိုဝင်ဘာလအထိ ရခိုင်ပြည်နယ်တွင် ပိတ်ပင်ခံရသောမြို့နယ်လေးခု ကျန်ရှိနေဆဲဖြစ်သည်။

ဆက်သွယ်ရေးဥပဒေတွင် "ပြည်သူလူထု၏အကျိုးကျေးဇူး" နောက်ခံများဖြင့် ပါဝင်သောအကြောင်းအရာများကို ယာယီပိတ်ရန်နှင့် စိစစ်ရန်အခွင့်အာဏာကို အစိုးရအားပေးထားသော ပြဋ္ဌာန်းချက်များပါဝင်ခဲ့သည်။ Freedom House ၏အဆိုအရ ပါဝင်သောအကြောင်းအရာများ ဖယ်ရှားပစ်ရန် ဖိအားပေးမှုသည် အစိုးရ၊ တပ်မတော်နှင့် အခြားအုပ်စုများမှ ဆက်လက်ဖန်တီးနေခြင်းဖြစ်ကြောင်း သိရှိရသည်။ ဥပဒေတွင်ပါဝင်သော အကြောင်းအရာများကို အတင်းအကြပ်ဖယ်ရှားရန် ပြဋ္ဌာန်းချက်များမပါရှိသော်လည်း သို့မဟုတ် ကြားဝင်ဖြန့်ဖြေရေးတာဝန်ရှိမှုအတွက် ပြဋ္ဌာန်းမထားသော်လည်း အချို့သောပြဋ္ဌာန်းချက်များမှာ မသဲကွဲသည့်ပြင် ဖယ်ရှားသောအကြောင်းအရာကို ဖုံးကွယ်ရန် ငြင်းချက်ထုတ်နိုင်သည်။ ထိုအစား ပါဝင်သောအကြောင်းအရာကိုဖယ်ရှားရန် ဖိအားပေးမှုသည် အခြားပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအား အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခြိမ်းခြောက်ခြင်းတို့မှ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အစိုးရက လူမှုကွန်ရက်မီဒီယာစောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး တိကျရှင်းလင်းသော ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်မရှိဘဲ အင်တာနက်ဆက်သွယ်မှုများကို စောင့်ကြည့်ကာ လူမှုကွန်ရက်မီဒီယာကို အသုံးပြု၍ တပ်မတော်၊ အစိုးရအရာရှိများ သို့မဟုတ် အာဏာရပါတီကိုဝေဖန်သည့် အချို့သော တစ်ဦးချင်းပုဂ္ဂိုလ်များအား ခြိမ်းခြောက်ရန်နှင့် ထိန်းသိမ်းရန် အသရေဖျက်မှုစွဲချက်များကို ဆက်လက်အသုံးပြုခဲ့ကြသည်။ အလားတူပင် အာဏာပိုင်များက အွန်လိုင်းမီဒီယာနှင့် အင်တာနက်သုံးစွဲသူများအား ခြိမ်းခြောက်သည့်နမူနာများလည်းရှိခဲ့သည်။ လူမှုကွန်ရက်မီဒီယာသည် အစိုးရ၏ တိုက်ရိုက် စိစစ်တည်းဖြတ်မှုမရှိဘဲ အကြံဉာဏ်များနှင့် ယူဆချက်များကို ဖလှယ်သော လူကြိုက်များသည့် ဟစ်တိုင်တစ်ခုအဖြစ် ဆက်လက် တည်ရှိနေခဲ့သော်လည်း လူမှုကွန်ရက် မီဒီယာတွင် တပ်မတော်နှင့်ပေါင်းစည်းထားသော တမင်ဖန်တီးထားသည့် မမှန် သတင်းလှုပ်ရှားမှုများစွာ ရှိနေခဲ့သည်။

**ပညာရေးလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများ**

အစိုးရသည် ပညာရေးလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

အစိုးရသည် နိုင်ငံရေးလှုပ်ရှားမှုနှင့် တက္ကသိုလ်နယ်မြေဆိုင်ရာ အဖွဲ့အစည်းလွတ်လပ်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်ထားသည်။ ဖေဖော်ဝါရီလ ၁၃ ရက်တွင် မန္တလေးရတနာပုံ တက္ကသိုလ်ကျောင်းသား ခုနှစ်ဦးကို မီးရှို့မှုနှင့် ကြိုတင်ခွင့်ပြုချက်တောင်းခံမှုမရှိဘဲ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဆန္ဒပြပွဲတစ်ရပ်ကျင်းပမှုတို့အတွက် အပြစ်ရှိကြောင်းဆုံးဖြတ်ခဲ့သည်။ ထိုကျောင်းသားခုနှစ်ဦးအား အလုပ်ကြမ်းနှင့်ထောင်ဒဏ်ခြောက်လကျခံစေရန် စီရင်ချက်ချခဲ့သည်။ ထိုကျောင်းသား ခုနှစ်ဦးသည် ရတနာပုံကျောင်းသားသမဂ္ဂ၏ ထင်ရှားသောအဖွဲ့ဝင်များဖြစ်ကြပြီး ပိုမိုကောင်းမွန်သော တက္ကသိုလ်နယ်မြေလုံခြုံရေးအတွက် တောင်းဆိုသည့်ဆန္ဒပြမှုအတွက် ရတနာပုံ တက္ကသိုလ်နယ်မြေတွင် ဒီဇင်ဘာလ ၂၈ ရက်တွင်စတင်သော ဆန့်ကျင်ဆန္ဒပြပွဲများတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။ ဆန့်ကျင်ဆန္ဒပြမှုအတွင်း ဒါဇင်နှင့်ချီသော ကျောင်းသားများက တက္ကသိုလ်ပါမောက္ခချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးဌာန တိုင်းဒေသကြီးဝန်ကြီးနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာ တိုင်းဒေသကြီး ဝန်ကြီးတို့၏ ဓာတ်ပုံများပါဝင်သော ခေါင်းအတု ကို မီးရှို့ခဲ့ကြသည်။

တက္ကသိုလ်ပါမောက္ခချုပ်များနှင့် မဟာဌာနတို့အကြား ကျောင်းသားသမဂ္ဂများအပေါ် စိုးရိမ်ကြောက်ရွံ့မှုနှင့် သံသယများ ရှိနေခဲ့ကြသော်လည်း အစိုးရသည် ကျောင်းသားသမဂ္ဂများ အလွတ်သဘောတည်ထောင်ဖွဲ့စည်းခြင်းကို ယေဘုယျအားဖြင့် ခွင့်ပြုထားသော်လည်း။ အချို့သော ကျောင်းသားသမဂ္ဂများအား ရုံးခန်းများဖွင့်လှစ်ခြင်းကို တရားမဝင်ခွင့်ပြုထားသော်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်သည် ယခင်နှစ်များကကဲ့သို့ပင် မှတ်ပုံတင်နိုင်စွမ်းမရှိသည့်တိုင် အချို့သောလှုပ်ရှားမှုများတွင် တရားမဝင်ကွန်ရက်များကတစ်ဆင့် ပါဝင်ဆောင်ရွက်နိုင်ခဲ့ ကြသည်။

ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများအား အစိုးရက ကန့်သတ်ချုပ်ချယ်သောဖြစ်ရပ်များရှိခဲ့ကြောင်း သိရှိခဲ့ရသည်။ လမ်းပေါ်အနုပညာဖန်တီးမှုကို တားဖြစ်ထားသည်။

## ခ။ ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် ဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်ခွင့်များ

ငြိမ်းချမ်းစွာစုရုံခြင်းနှင့် ဖွဲ့စည်းခြင်းဆိုင်ရာ လွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံပဒေက ပေးအပ်ထားသည်။ သို့ရာတွင် အစိုးရက အဆိုပါအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်ထားခဲ့သည်။

## ငြိမ်းချမ်းစွာစုရုံးမှု လွတ်လပ်ခွင့်

ငြိမ်းချမ်းစွာစုရုံးခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော်လည်း လက်တွေ့တွင်မူ ဤအခွင့်အရေးကို အမြဲလေးစားခြင်းမရှိခဲ့ပေ။ ရာဇဝတ်မြောက်သော ပိုင်နက်ကျူးလွန်မှု ဥပဒေများကို အာဏာပိုင်များက အသုံးပြုသကဲ့သို့ ငြိမ်းချမ်းစွာစုရုံးခြင်းကို ကန့်သတ်ရန်အတွက် "နိုင်ငံတော် သို့မဟုတ်

အများပြည်သူအေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေသောပြစ်မှု" ဖြစ်စေသည်ဟူသော ပြဋ္ဌာန်းချက်များကိုလည်း အစိုးရက အသုံးပြုခဲ့ကြသည်။

စီတန်းလှည့်လည်ခြင်းများ သို့မဟုတ် စုရုံးခြင်းများအတွက် လျှောက်ထားမှုများအားလုံးနှင့် ပတ်သက်သော ချုပ်ချယ်ကန့်သတ်မှုများသည် ရန်ကုန်တိုင်းဒေသရှိ ၁၁ မြို့နယ်တွင် တည်ရှိနေဆဲဖြစ်သည်။ အဆိုပါ ချုပ်ချယ်ကန့် သတ်မှုများကို ရွေးချယ်အသုံးပြုခြင်းဖြစ်ပြီး အစိုးရ သို့မဟုတ် တပ်မတော်အား ဆန့်ကျင်ဆန္ဒပြမှုများကို တားဆီးရန် အသုံးပြုလေ့ရှိသည်ဟု အရပ်ဘက်လူ့အဖွဲ့အစည်းများက အခိုင်အမာပြောဆိုခဲ့ကြသည်။ လယ်သမားများနှင့် လူမှုရေး လှုပ်ရှားသူများက မြေယာအခွင့်အရေး ချိုးဖောက်မှုများနှင့် မြေယာသိမ်းဆည်းမှုများကို နိုင်ငံတစ်ဝန်း ဆက်လက်ဆန့်ကျင်ခဲ့ကြသည်။ လယ်သမားများနှင့် ထောက်ခံသူများအား ဖမ်းဆီးမှုများကို လူ့အခွင့်အရေးအဖွဲ့များက အစီရင်ခံခဲ့ကြသည်။ ဆန့်ကျင်မှုများစွာတို့တွင် ယခင်စစ်အုပ်ချုပ်ရေး လက်ထက်က သိမ်းဆည်းခဲ့သော မြေယာများကို စစ်တပ်နှင့် ဆက်နွယ်သော ပုဂ္ဂလိကကုမ္ပဏီများ သို့မဟုတ် ပုဂ္ဂိုလ်များအားပေးခြင်းတို့ ပါဝင်ခဲ့ကြသည်။

အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများအနေဖြင့် အည်းအဝေးများ၊ ဟိုတယ်များနှင့် အခြား အများပြည်သူဆိုင်ရာ နေရာများ၌ အခမ်းအနားများမကျင်းပမီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရန် ပြဋ္ဌာန်းထားသည်။ ထိုသို့သော ခွင့်ပြုချက်မရလျှင် အရပ်ဘက်အဖွဲ့အစည်း အခမ်းအနားများကျင်းပရာ နေရာများကို ပယ်ဖျက်ရန် အချို့အရာရှိများက အတင်းအကြပ် လုပ်ဆောင်ခဲ့ကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် သံတမန်များနှင့် တွေ့ဆုံရေးကို ဒေသန္တရအစိုးရထံမှ ကြိုတင်ခွင့်ပြုချက်တောင်းခံရန် ပြဋ္ဌာန်းထားသည်။

ဖေဖော်ဝါရီလတွင် မြန်မာ့လွတ်လပ်ရေးသူရဲကောင်း (ဒေါ်အောင်ဆန်းစုကြည်၏ဖခင်) ဗိုလ်ချုပ်အောင် ဆန်း၏ရုပ်တုကို ကယားပြည်နယ် လွိုင်ကော်မြို့တွင်စိုက်ထူရေးအား ကန့်ကွက်သော ငြိမ်းချမ်းစွာ ဆန္ဒပြမှုအပြီးတွင် ဒေသန္တရအစိုးရက ဆန္ဒပြသူ ၅၅ ဦးကို အသရေဖျက်မှုနှင့် တရားမဝင်ဆန္ဒပြမှုစွဲချက်များဖြင့် ဖမ်းဆီးခဲ့ပြီး လှုပ်ရှားသူများနှင့် ဒေသန္တရအစိုးရအကြား စေ့စပ်ညှိနှိုင်းပြီးနောက် စွဲချက်များကို ပယ်ဖျက်ပေးခဲ့သည်။

အောက်တိုဘာလ ၂ ရက်တွင် ကရင်အမျိုးသမီးအစည်းအရုံးဥက္ကဋ္ဌ နော်အုန်းလှနှင့် အခြားတက်ကြွ လှုပ်ရှားသူနှစ်ဦးအား ဩဂုတ်လက ရန်ကုန်တွင် ခွင့်ပြုချက်မရှိဘဲ ကရင်အာဇာနည်နေ့ အခမ်းအနား ကျင်းပမှုကြောင့် ထောင်ဒဏ် ၁၅ ရက် ကျခံစေရန် စီရင်ချက်ချခဲ့သည်။ ၎င်းတို့သည် အထိမ်းအမှတ် အခမ်းအနားမကျင်းပမီ ခွင့်ပြုချက်ရရန် ကြိုးပမ်းခဲ့ကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်းနှင့်အတူ လုပ်ကြံသတ်ဖြတ်ခံခဲ့ကြရသော ဝန်ကြီးအဖွဲ့ဝင်များအတွက် အစိုးရက အထူးသဖြင့် ရည်စူးထားသည့် "အာဇာနည် " ဟူသောအသုံးအနှုန်းကိုအသုံးပြုခဲ့သဖြင့် ခွင့်မပြုခဲ့ပေ။

### လွတ်လပ်စွာ ဖွဲ့စည်းခွင့်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများက နိုင်ငံသားများအား အသင်းများနှင့်အဖွဲ့အစည်းများဖွဲ့စည်းရန် ခွင့်ပြုထားလင့်ကစား အစိုးရက ရံဖန်ရံခါ ဤအခွင့်အရေးကို ကန့်သတ်ချုပ်ချယ်ထားခဲ့သည်။

ဇူလိုင်လတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အစိုးရကခန့်အပ်ထားသော အဆင့်မြင့်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအဖွဲ့) က မ-ဘ-သ အဖွဲ့အား "တရားမဝင်အဖွဲ့စည်း" အဖြစ် ထပ်မံကြေညာခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မ-ဘ-သ ဟူသောအမည်ကို သုံးစွဲခြင်းမပြုရန် ၂၀၁၇ ခုနှစ်တွင် တားမြစ်ခဲ့သည်။ ထိုအဖွဲ့အစည်း၏ ဒေသန္တရအဖွဲ့ခွဲအချို့က တားမြစ်ထားသည့်ကြားမှပင် ၎င်းတို့၏ ဆိုင်းဘုတ်များပေါ်၌ ထိုအမည်ကိုပင် ဆက်လက်သုံးစွဲခဲ့ကြသည်။ အောက်တိုဘာလအထိ ထိုသူများအား အရေးယူမှုမပြုခဲ့ပါ။

အဖွဲ့စည်းများမှတ်ပုံတင်ရေးဆိုင်ရာဥပဒေက ပြည်တွင်း အန်ဂျီအိုများအား ဆန္ဒအလျှောက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းထားပြီး လိုက်နာမှုမရှိသည့်အတွက် ပြစ်ဒဏ်များကို ပြည်တွင်းနှင့် နိုင်ငံတကာ အန်ဂျီအိုများနှစ်ခုစလုံးအတွက် ဖယ်ပေးခဲ့သည်။ ဤဥပဒေအရ မှတ်ပုံတင်ရန်ကြိုးစားခဲ့သော အန်ဂျီအို အဖွဲ့အစည်းအချို့သည် မှတ်ပုံတင်ရေးလုပ်ငန်းစဉ်၏ ကြီးမားသောအခက်အခဲများကို ကြုံတွေ့ခဲ့ကြသည်။

အရပ်ဘက်လူမှုရေးအုပ်စုများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် တရားမဝင်သောကွန်ရက်များသည် လူ့အခွင့်အရေးနှင့် အခြားနိုင်ငံရေးပြဿနာများကို လွတ်လပ်စွာဆွေးနွေးမှုများကို ဆက်လက် လုပ်ဆောင်ခဲ့ကြသည်ဟု လှုပ်ရှားသူများကသတင်းပို့ကြသည်။ သို့ရာတွင် အဆိုပါ လုပ်ဆောင်မှုများနှင့် ဆွေးနွေးမှုများကို နိုင်ငံတော်က စောင့်ကြည့်မှုသည် ရိုးနေပြီဖြစ်ပြီး အစိုးရက အစည်းအဝေးများနှင့် အခြားလှုပ်ရှားမှုများအပေါ် ကန့်သတ်ချုပ်ချယ်မှု များသည် ဒီနှစ်အတွင်း ဆက်လက်တည်ရှိနေသည်ဟု ၎င်းတို့က အစီရင်ခံခဲ့ကြသည်။

### ဂ။ ဘာသာရေးလွတ်လပ်ခွင့်

http://www.state.gov/religiousfreedomrreport တွင် နိုင်ငံခြားရေးဝနကြီးဌာန၏ နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာကိုကြည့်ပါ။

### ဃ။ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်

နိုင်ငံအတွင်းရွှေ့ပြောင်းသွားလာခြင်း၊ နိုင်ငံခြားသို့ခရီးသွားခြင်း၊ နိုင်ငံရွှေ့ပြောင်းနေထိုင်ခြင်းနှင့် မူရင်းနိုင်ငံသို့ ပြန်လည်ပေးပို့ခြင်းတို့၏ လွတ်လပ်ခွင့်ကို ဥပဒေက ကာကွယ်ပေးခြင်းမရှိပါ။ ဒေသန္တရစည်းမျဉ်းဥပဒေများက နိုင်ငံသားများ၏ နိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို အခြေချနေထိုင်ခွင့်ကို ကန့်သတ်ထားသည်။ ဥပဒေအရ

နိုင်ငံခြားသားများ၏ ရွှေ့ပြောင်းသွားလာမှုများကို မှတ်ပုံတင်ရန် သမ္မတကပြဋ္ဌာန်းနိုင်ပြီး နိုင်ငံခြားသားများ၏ ၂၄ နာရီထက် ကျော်လွန်သော ယာယီနေရပ်လိပ်စာပြောင်းလဲမှုကို မှတ်ပုံတင်ရေးအတွက် အရာရှိများကို လုပ်ပိုင်ခွင့် ပေးထားသည်။

နိုင်ငံသို့ဝင်ရောက်ခြင်းမှ တားမြစ်ထားသော ပြည်နှင်ဒဏ်ပေးထားသည့်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်အချို့အပါအဝင် ပုဂ္ဂိုလ်တစ်ဦးချင်းများ၏ နားလည်ရန်ခက်ခဲသော "နာမည်ပျက်စာရင်း" တစ်ရပ်တွင် ထိန်းသိမ်းထားခြင်းကြောင့် မိခင်နိုင်ငံသို့ တရားမဝင်ပြန်ပို့ခြင်းကို အစိုးရက ကန့်သတ်ချုပ်ချယ်ထားပုံရသည်။

<u>နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာမှု</u>။ ဒေသဆိုင်ရာ၊ နယ်မြေဆိုင်ရာအမိန့်များ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက် များက လွတ်လပ်စွာရွှေ့ပြောင်းသွားလာခြင်းကို ကန့်သတ်ထားသည်။

ရိုဟင်ဂျာများ နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာမှုအပေါ် ကန့်သတ်မှုများမှာ ကျယ်ပြန့်လှသည်။ အာဏာပိုင်များက ကြီးမားကျယ်ပြန့်သည့် နိုင်ငံမဲ့ရိုဟင်ဂျာလူထုအား ရိုဟင်ဂျာအများစုနေထိုင်သည့် ရခိုင်ပြည်နယ်အတွင်း ရွှေ့ပြောင်းသွားလာမှုအတွက် အထူးအထောက်အထားများနှင့် ခရီးသွားခွင့်ပြုချက်များ ယူဆောင်လာရန် ပြဋ္ဌာန်းထားသည်။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ မြို့နယ်အရာရှိများသည် ရိုဟင်ဂျာများအား အခြားကျေးရွာတစ်ရွာတွင် ညအိပ်ညနေ တည်းခိုရန်ခွင့်ပြုရေးအတွက် "ခရီးသွားလာခွင့်ထောက်ခံစာ" ကို တင်ပြရန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဧည့်စာရင်းမှတ်ပုံတင်ရန် ညွှန်ကြားထားသည်။ ထိုပုံစံများနှင့် ခွင့်ပြုချက်များ ရယူခြင်းတွင် ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် လာဘ်ယူခြင်းတို့ ပါဝင်ပတ်သက်နေလေ့ရှိသည်။

ရခိုင်ပြည်နယ်ပိုင်းရှိ မြို့နယ်များအကြား နိုင်ငံခြားသားများ၊ ရိုဟင်ဂျာများနှင့် အခြားသူများ၏ ခရီးသွားလာမှုကိုထိန်းချုပ်သော တားမြစ်ချက်များသည် မြို့နယ်အပေါ်မူတည်၍ အမျိုးမျိုးကွဲပြားပြီး များသောအားဖြင့် "ပုံစံ-၄" ဟု သိရှိကြသော အထောက်အထားတင်ပြန်လိုအပ်သည်။ ခရီးသွား တစ်ဦးသည် သန်းခေါင်စာရင်းမိတ္တူ၊ ယာယီမှတ်ပုံတင် ကတ်ပြားနှင့် အာမခံသူနှစ်ဦးတင်ပြမှသာလျှင် ထိုပုံစံကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တွင်သာ ရရှိနိုင်သည်။ ပုံစံ-၄ အရ ခွင့်ပြုသောခရီးသွားမှုသည် ယေဘုယျအားဖြင့် နှစ်ပတ်မှလေး ပတ်အထိ တရားဝင်သော်လည်း ဆေးကုသမှုဆိုင်ရာ အရေးပေါ်အခြေအနေများအတွက်သာ သီးခြား ခွင့်ပြုခြင်းဖြစ်ရာ အလုပ်လုပ်ကိုင်ရေးနှင့် ပညာသင်ကြားရေးအခွင့်အလမ်းများစွာကို ထိထိရောက်ရောက် ဖယ်ရှားပစ်ခြင်းဖြစ်ပေသည်။ ထိုပုံစံရရှိရန် ကျသင့်ငွေမှာ မြို့နယ်တစ်မြို့နှင့် တစ်မြို့နယ်သို့ မတူညီဘဲ ကွဲပြားသည်။ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရုံးသို့ ကျပ်ငွေ ၃၀,၀၀၀ မှ ၂,၀၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၀ မှ ၁,၃၂၀) အထိ ပေးချေရန်လိုအပ်သည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများနှင့် နိုင်ငံခြားသားများအပေါ် သီးခြားအုပ်ချုပ်ရေးအစီအမံများ သတ်မှတ်ထားရာ ယင်းသည် ပုဂ္ဂိုလ်များအား နေထိုင်ခွင့်ပြောင်းလဲခြင်းကို ထိရောက်စွာဟန့်တားထားပေသည်။

ကြိုတင်ခွင့်ပြုချက်မရှိဘဲ ရခိုင်ပြည်နယ်ပြင်ပသို့ ခရီးထွက်ရန်ကြိုးပမ်းမှုအတွက် ထောင်ဒဏ်နှစ်နှစ်အထိကျခံနေကြရသော ရိုဟင်ဂျာရာပေါင်းများစွာ၏ မယုံကြည်နိုင်ဖွယ်ရာ သတင်းများရှိခဲ့သည်။ အောက်တိုဘာလတွင် အာဏာပိုင်များက ရိုဟင်ဂျာ အယောက် ၃၀ ကို ခရီးသွားခွင့် လက်မှတ်မရှိဘဲ ရခိုင်ပြည်နယ်မှ ရန်ကုန်သို့ ခရီးသွားရန်ကြိုးပမ်းခဲ့မှုဖြင့် ပြစ်ဒဏ်စီရင်ချမှတ်ခဲ့သည်။ ၎င်းတို့အနက် ၂၁ ဦးကို တရားရုံးက ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့ပြီး ကလေးငယ် ရှစ်ဦးကို ထိန်းသိမ်းရေးစခန်းသို့ ပို့ခဲ့သည်။ နိုဝင်ဘာလတွင် အငယ်ဆုံးဖြစ်သော အသက် ၅ နှစ် အရွယ်ကလေးငယ်ကို ပုသိမ် အကျဉ်းထောင်တွင် ၎င်း၏မိခင်နှင့်အတူ ထိန်းသိမ်းထားခဲ့သည်။ ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ကလေးငယ်တစ်ဦးအပါအဝင် ရိုဟင်ဂျာခုနစ်ဦးကို ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းအထိ မိုင် ၃၀၀ ခန့် လမ်းလျှောက်ခဲ့ပြီးနောက် တရားဝင်အထောက်အထားမရှိဘဲ ခရီးသွားမှုအတွက် ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့သည်။

<u>နိုင်ငံခြားသို့ခရီးသွားခြင်း</u>။ အစိုးရက နိုင်ငံရေးလှုပ်ရှားသူများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် နိုင်ငံခြားသံရုံးများရှိ ပြည်တွင်းဝန်ထမ်းများ၏ နိုင်ငံခြားသို့ခရီးသွားခြင်းကို ဟန့်တားသော ကန့်သတ်ချက်များကို ထိန်းသိမ်းထားဆဲဖြစ်သော်လည်း မပြောပလောက်သော ကြန့်ကြာမှုများနှင့် ကန့်သတ်ချက်များကို ကြုံတွေ့ကြရသည်ဟု အဆိုပါပုဂ္ဂိုလ်များက သတင်းပို့ကြသည်။ နိုင်ငံမဲ့ပုဂ္ဂိုလ်များ အထူးသဖြင့် ရိုဟင်ဂျာများသည် နိုင်ငံခြားသို့ ခရီးသွားခြင်းအတွက် လိုအပ်သော အထောက်အထားများ မရရှိနိုင်ကြပေ။

## ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs)

ကချင်၊ ရခိုင်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အကြမ်းဖက်မှုကြောင့် လူဦးရေ ၂၆၃,၀၀၀ ခန့်သည် အောက်တိုဘာလအထိ နိုင်ငံအတွင်း နေရပ်စွန့်ခွာသူများအဖြစ် နေထိုင်ကြရဆဲဖြစ်သည်။ ရိုဟင်ဂျာ ၁၀၁,၀၀၀ ခန့်မှာ ၂၀၁၂ ခုနှစ်ကတည်းက နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြပြီးဖြစ်သည်။ နေရပ်စွန့်ခွာထွက်ပြေးနေရသူအများစုမှာ နောက်ပိုင်းတွင် နေရပ်သို့ပြန်လာကြပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ဇန်နဝါရီလမှစ၍ ရိုဟင်ဂျာ ၂၈,၀၀၀ ကျော်နေရပ်စွန့်ခွာ ခဲ့ကြရပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ဩဂုတ်လက အမြင့်ဆုံးဖြစ်ပွားခဲ့သော အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ၈,၀၀၀ ကျော်ရှိခဲ့သည်ဟု လူသားချင်း စာနာမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးရုံးက ခန့်မှန်းသည်။ ၂၀၁၂ ခုနှစ် ရပ်ရွာလူထုအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရိုဟင်ဂျာ ၁၂၈၀၀၀ သည် IDP စခန်းများတွင် နေထိုင်ရဆဲဖြစ်ပြီး ၂၀၁၂ ခုနှစ်မှစ၍ ကမန်နှင့် ရခိုင်တိုင်းရင်းသား အရေအတွက်အနည်းငယ်သည်လည်း IDP စခန်းများတွင် နေထိုင်ခဲ့ကြရသည်။ ထို့ပြင် ရိုဟင်ဂျာ ၇၀၀၀ ခန့်သည် အခြားသောတိုင်းရင်းသားအုပ်စုများမှ သူများနှင့်အတူ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ရက်စက်ကြမ်းကြုတ်မှုများ စတင်ခဲ့ပြီးနောက် ပြည်တွင်းတွင် နေရပ်စွန့်ခွာခဲ့ကြရသည်။

ထိခိုက်ခံရသောနယ်မြေများသို့ ရောက်ရှိရန် ဆက်လက်ခဲယဉ်းသောကြောင့် တိကျသောအရေအတွက်များကို ဆုံးဖြတ်ရန်မလွယ်ကူပါ။

ပဋိပက္ခကတွန်းပို့ခဲ့သော ပြည်တွင်းနေရာရွှေ့ပြောင်းမှုအပြင် ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့တွင် သဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတို့ကြောင့် ပေါ်ပေါက်ရသော နေရာရွှေ့ပြောင်းမှု (ကဲ့သို့ပင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးမှု) ကို ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးများ အထူးအစီရင်ခံစာရေးသားသူ၏ မတ်လအစီရင်ခံစာ တစ်စောင်တွင် မီးမောင်းထိုးပြခဲ့သည်။ အထူးအစီရင်ခံစာ ရေးသားသူက IDP များအား အိမ်ပြန်ခွင့်ပိတ်ပင်ထားသော သယံဇာတအရင်းအမြစ်ထုတ်ယူရေးစခန်းများဝန်းကျင်တွင် စစ်တပ်ပုံစံ သွတ်သွင်းမှုနှင့် အတူယှဉ်တွဲနေသည့် မြင့်တက်လာသော လူ့အခွင့်အရေးအလွဲသုံးမှုများကို မှတ်ချက်ပြုထားသည်။

ယခုအစီရင်ခံစာပြုစုသည့်နှစ်အတွင်း လူသားချင်းစာနာမှု အကူအညီရရှိမှု သိသာထင်ရှားစွာ ဆိုးရွားလာခြင်းနှင့် တပ်မတော်က IDP စခန်းများနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ (အပိုင်း၁၊ ဆ။ ပဋိပက္ခနှင့်ဆက်စပ်သော အခြားမတရားပြုမှုများကို ကြည့်ပါ) က ထိန်းချုပ်ထားသော ဧရိယာများရှိ လုံခြုံမှုမရှိသောပြည်သူများထံသို့ ရောက်ရှိခွင့်ပိတ်ပင်ထားကြောင်း ကုလသမဂ္ဂနှင့် အခြားသော လူသားချင်းစာနာမှုအကူအညီပေးရေးအေဂျင်စီများက အစီရင်ခံခဲ့ကြသည်။ နေရပ်စွန့်ခွာထွက်ပြေးနေရသူများ ထံသို့ သို့မဟုတ် ပဋိပက္ခဇုန်များအနီးသို့ ရောက်ရှိခွင့်သည် ထိခိုက်ခံရသော လူထုများထံသို့ အကူအညီပေးရန် ကြိုးပမ်းသော လူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ရှားသူများအား တပ်မတော်က ရောက်ရှိခွင့် ကန့်သတ်ထားမှုနှင့်အတူ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေခဲ့သည်။

အစိုးရက IDP များနှင့် နိုင်ငံမဲ့ပုဂ္ဂိုလ်များအား ကျန်းမာရေးဝန်ဆောင်မှုများရရှိခွင့်နှင့် ကျောင်းတက်ခွင့်တို့ကို ကန့်သတ်ရင်း ရွှေ့ပြောင်းသွားလာနိုင်စွမ်းကို ချုပ်ချယ်ထားသည်။ ပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ်သောရွှေ့ပြောင်းသွားလာခြင်းသည် ယေဘုယျအားဖြင့် သက်သေခံ စာရွက်စာတမ်းများ (မှတ်ပုံတင်ကတ်ပြား) လက်ဝယ်ရှိခြင်းမှ ဆင်းသက်လာခြင်းဖြစ်သည့်တိုင် အာဏာပိုင်များက လူမျိုး၊ လူမျိုးစု၊ ကိုးကွယ်သည့်ဘာသာနှင့် မွေးဖွားရာဇာတိကဲ့သို့သော အကြောင်းအချက်များကို အဆိုပါ စည်းမျဉ်းများတွင် အတည်ဖြစ်စေရန် ထည့်သွင်းစဉ်းစားခဲ့ကြသည်။ နေရပ်စွန့်ခွာထွက်ပြေးနေရသူများနှင့် နိုင်ငံမဲ့များအား ခရီးသွားလာခွင့် ချုပ်ချယ်ထားခြင်းကို တိုင်းရင်းသားလူနည်းစု ပြည်နယ်များတွင်နေထိုင် သူများက တင်ပြခဲ့ကြသည်။

စစ်တွေမြို့၏ ကျေးလက်စခန်းများတွင်နေထိုင်ကြသော IDP ရိုဟင်ဂျာ ၁၀၁၀၀၀ သည် ထောက်ပံ့ရေး အေဂျင်စီများမှ အကူအညီအပေါ် မှီခိုအားထားခဲ့ကြရသည်။ လူသားချင်းစာနာမှုအကူအညီပေးရေး အေဂျင်စီများက ရိုဟင်ဂျာများ အတွက် IDP စခန်းအများစုတွင် သန့်ရှင်းသောရေ၊ ရိက္ခာ၊ နားခိုရာနှင့် မိလ္လာစနစ်များကို ဖြည့်ဆည်းပေးခဲ့ကြသည်။

**စ။ ဒုက္ခသည်များအား အကာအကွယ်ပေးမှု**

ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအား မတရားပြုမှု။ IDPများ၊ ဒုက္ခသည်များ၊ နိုင်ငံသို့ပြန်လာသော ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအား အကာကွယ်ပေးရေးနှင့် အကူအညီပေးရေးတို့တွင် အစိုးရသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) သို့မဟုတ် အခြားလူသားချင်း စာနာရေးအဖွဲ့ အစည်းများနှင့် အခြာသက်ဆိုင်သောပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လေ့မရှိခဲ့ပါ။ ဥပမာ၊ အစိုးရသည် လူသားချင်း စာနာရေးအဖွဲ့အစည်းများအား ရခိုင်ပြည်နယ်နှင့် အခြားဒေသများသို့ ထုံးစံအတိုင်း ဝင်ထွက်သွားလာခွင့်မပြုခဲ့ပါ။

ခိုလှုံခွင့်ရရှိမှု။ နိုင်ငံခိုလှုံခွင့် သို့မဟုတ် ဒုက္ခသည်အဆင့်အတန်းများကို ဥပဒေများက ခွင့်မပြုသည့်ပြင် အစိုးရက ဒုက္ခသည်များအား အကာအကွယ်ပေးရေးအတွက် စနစ်တစ်ရပ် ထူထောင်ထားခြင်းမရှိပါ။ UNHCR က ဒီနှစ်အတွင်း မည်သည့် ခိုလှုံခွင့်တောင်းခံသူများကိုမျှ မှတ်ပုံတင်ထားခြင်းမရှိပါ။

**ဆ။ နိုင်ငံမဲ့များ**

ရိုဟင်ဂျာအများစုသည် နိုင်ငံမဲ့များဖြစ်ကြသည်။ ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်သို့ အတင်းအကြပ် နေရပ်စွန့်ခွာစေခဲ့ပြီးနောက် ၆၀၀,၀၀၀ ခန့်အထိရှိသော ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်တွင် ကျန်ရစ်ခဲ့ကြပါသည်။ တရုတ်လူမျိုးများ၊ အိန္ဒိယလူမျိုးများနှင့် နီပေါလူမျိုးများအပါအဝင် နိုင်ငံတစ်ဝန်း နိုင်ငံမဲ့ ပုဂ္ဂိုလ်များနှင့် လူမျိုးမထင်ရှားသော ပုဂ္ဂိုလ်များ၏ အရေအတွက် သိသာထင်ရှားစွာရှိနိုင်သည်။ သို့ရာတွင် အဆိုပါ ဒုတိယအုပ်စုများသည် ရိုဟင်ဂျာများကဲ့သို့ တရားဝင်နှင့် လူမှုရေးခွဲခြားဆက်ဆံမှု အလားတူအဆင့်ကို ကြုံတွေ့ခြင်း မရှိကြပါ။ ၎င်းတို့သည် ဧည့်နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားဖြစ်မှုတို့တွင် အခွင့်အရေးပိုမိုနည်းပါးကြပြီး ကြီးမားသော ကန့်သတ်မှုများကို ကြုံတွေ့နေရဆဲဖြစ်သည်။

အစိုးရက "တိုင်းရင်းသားလူမျိုးစု" ၁၃၅ ခုကို အသိအမှတ်ပြုပြီး ၎င်းတို့၏လူမျိုးစုအဖွဲ့ဝင်များသည် ပြည့်ဝသောနိုင်ငံသားများ အလိုအလျောက်ဖြစ်ကြသည်။ ပြည့်ဝသောနိုင်ငံသားဖြစ်မှု၏ မပြည့်ဝသောနိုင်ငံသားဖြစ်မှုပုံစံနှစ်မျိုးကို ဥပဒေက သတ်မှတ်ထားရာ ယင်းတို့မှာ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားအဖြစ်ခံယူသော နိုင်ငံသားဖြစ်မှုတို့ဖြစ်ကြသည်။ အဆိုပါပုံစံနှစ်မျိုးသည် နိုင်ငံရေးရာထူးတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ တပ်မတော် ရဲတပ်ဖွဲ့နှင့် အခြားသော ပြည်သူ့ စီမံခန့်ခွဲရေးတို့တွင် အမှုထမ်းခြင်း၊ မြေယာသို့မဟုတ် ငွေကြေးအမွေခံခြင်း သို့မဟုတ် အချို့သောအတတ်ပညာဆိုင်ရာ ဒီဂရီများရယူခြင်းတို့ကို မပြုလုပ်နိုင်ကြပေ။ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖြစ် ခံယူသူတို့၏ တတိယ မျိုးဆက်သာလျှင် နိုင်ငံသားဖြစ်မှု အပြည့်အဝရရှိနိုင်သည်။

ဥပဒေက "အမျိုးသားတိုင်းရင်းသားလူမျိုးစု"ကို ဗြိတိသျှ ကိုလိုနီလက်အောက်မကျရောက်ခင် ၁၈၂၃ ခုနှစ်က နိုင်ငံအတွင်းရှိ နိုင်ငံသားများအဖြစ် ဇာစ်မြစ်ကိုသက်သေပြနိုင်သောမျိုးနွယ်နှင့် တိုင်းရင်းသားလူမျိုးစုတစ်စု အဖြစ်သာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လက်တွေ့တွင်မူ အစိုးရသည် အချိန်အခါအမျိုးမျိုးတွင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား လူမျိုးစုများမှ "အမျိုးသားတိုင်ရင်းသားလူမျိုးစု" အဆင့်အတန်းများကို ခွင့်ပြုသည် သို့မဟုတ် ရုပ်သိမ်းသည်။ အဘယ် ကြောင့်ဆိုသော် ရိုဟင်ဂျာများသည် ထိုစာရင်းတွင်မပါဝင်သည့်ပြင် အခြားအစိုးရ လုပ်ဆောင်ချက်အရ ၎င်းတို့သည် နိုင်ငံမဲ့များဖြစ်ကြသည်။ ချင်းနှင့်ကချင်တို့အပါအဝင် တိုင်းရင်းသားလူနည်းစုအချို့က အဆင့်ခွဲခြားမှုစနစ်ကို တိကျမှု မရှိဟု ဝေဖန်ခဲ့ကြသည်။

ရိုဟင်ဂျာအချို့သည် လက်တွေ့သဘောအရ ပြည့်ဝသောနိုင်ငံသားဖြစ်ရန် သင့်လျော်ကြသည်။ ထိုလုပ်ငန်းစဉ်တွင် တရားဝင် ထပ်မံစိစစ်မှုပါဝင်ပြီး လက်တွေ့တွင်မူ အစိုးရအရာရှိများကို များပြားလှသော တံစိုးလက်ဆောင်ပေးရန် လိုအပ်ပြီး ထိုသို့ပေးသည့်တိုင် အခြားသောပြည့်ဝသည့် နိုင်ငံသားများအား ခွင့်ပြုသည့် အခွင့်အရေးများကို မပေးကြပါ။ အခြားတိုင်းရင်းသား လူမျိုးစုများသည်လည်း အလားတူစိန်ခေါ်မှုများကို တွေ့ကြုံခဲ့ကြသည်။

အခြားနိုင်ငံနှင့်သက်ဆိုင်သော ချိတ်ဆက်မှုမရှိသော နိုင်ငံအတွင်းမွေးဖွားသည့် ကလေးသူငယ်များကို ဥပဒေက ကာကွယ်ပေးခြင်းမပြုပါ။

အစိုးရက ရိုဟင်ဂျာများအား ၂၀၁၅ ခုနှစ်တွင်ဖန်တီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား (NVC) လျှောက်ထားရန် ဆက်လက်တောင်းဆိုခဲ့သည်။ ထိုကတ်ပြားများသည် နိုင်ငံသားဖြစ်မှု လျှောက်ထားရေးအတွက် လိုအပ်သည်ဟု အစိုးရက အခိုင်အမာပြောဆိုခဲ့သည်။ ရိုဟင်ဂျာများအား NVC ကတ်ပြားများကို လက်ခံရန် ဖိအားပေးခြင်း သို့မဟုတ် အကြပ်ကိုင်ခြင်းများ ပြုလုပ်ကြောင်း NGO အစီရင်ခံစာများတွင် ဖော်ပြခဲ့သည်။ ဥပမာ အစိုးရအရာရှိများက ရိုဟင်ဂျာများအား ငါးဖမ်းသွားရန်ဖြစ်စေ ဘဏ်စာရင်းဖွင့်လှစ်ရန်ဖြစ်စေ NVC ကတ်တစ်ခုလိုအပ်သည်ဟု ပြဋ္ဌာန်းထားသည်ဟု အစီရင်ခံသောဖြစ်ရပ်များစွာရှိခဲ့သည်။ ထိုလုပ်ငန်းစဉ်၏ ရလဒ်များနှင့်ပတ်သက်၍ အာမခံချက် များပိုမိုလိုအပ်သည်ဟု ရိုဟင်ဂျာများစွာတို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရိုဟင်ဂျာများစွာတို့ကလည်း ၎င်းတို့ သည် နိုင်ငံသားဖြစ်ပြီးသူများဖြစ်ကြောင်း ပြောကြားခဲ့သည့်ပြင် အစိုးရက ၎င်းတို့၏နိုင်ငံသားဖြစ်မှုကို အတည်မပြု မည်ကို စိုးရိမ်ကြောင်း သို့မဟုတ် ပြည့်ဝသောနိုင်ငံသားဖြစ်မှုထက် ပို၍လျော့နည်းသော နိုင်ငံသားခံယူမှုပုံစံကို ပေးခြင်းဖြင့် ၎င်းတို့၏မရှိသော အခွင့်အရေးများကို စည်းကမ်းနည်းလမ်းတို့ဖြင့် ဘောင်ခတ်ခံရမည်ကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် NVC ကတ်ပြားများ လျှောက်ထားရန် ရိုဟင်ဂျာများ ကို "ဘင်္ဂါလီ "အဖြစ် သတ်မှတ်ရန် ပြဋ္ဌာန်းထားသည်။

## အပိုင်း ၃။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့်

နိုင်ငံသားများအား ၎င်းတို့၏အစိုးရကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်ပွဲများကျင်းပကာ ရွေးချယ်နိုင်ရန် ကန့်သတ်အရည်အချင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးထားသည်။ ရွေးကောက်ပွဲဆိုင်ရာ စနစ်သည် ပြပည့်ဝသော ကိုယ်စားပြုမှုမဟုတ်သည့်ပြင် ပြည်သူလူထု၏ဆန္ဒကို လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်းအား အာမခံခြင်း မပြုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အမတ်နေရာအားလုံး၏ လေးပုံ တစ်ပုံကို တာဝန်ထမ်းဆောင်ဆဲ တပ်မတော်မှ ခန့်ထားသူများကို ခွင့်ပြုပေးထားပြီး တပ်မတော်သည် ကာကွယ်ရေးဝန်ကြီး၊ ရဲတပ်ဖွဲ့ အကျဉ်းထောင်များနှင့် အခြားပြည်တွင်းလုံခြုံရေးကိစ္စများအတွက် တာဝန်ရှိသော ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ကို ခန့်အပ်ခွင့်ပေးထားသည်။ သမ္မတက နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ ကြေညာလျှင် အစိုးရဌာနအားလုံး၏ လုပ်ပိုင်ခွင့်ကို တပ်မတော်က အချိန်အကန့်အသတ်မရှိ ရယူခွင့်ပြုထားသည်။ ဖွဲ့စည်းပုံခြေခံဥပဒေသည် နိုင်ငံခြား၊ နိုင်ငံသားဖြစ်မှုကတ်ပြားကိုင်ဆောင်ထားသော အနီးကပ်ဆုံးဆွေမျိုးများ ရှိသည့်ပုဂ္ဂိုလ်များအား သမ္မတဖြစ်လာခြင်းမှ တားမြစ်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းသည် လွှတ်တော်အဖွဲ့ဝင်များ၏ ၇၅% ကျော်အတည်ပြုထောက်ခံမှု လိုအပ်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်မှု များနှင့်ပတ်သက်၍ တပ်မတော်အား ဗီတိုအာဏာပေးထားခြင်းဖြစ်သည်။

### ရွေးကောက်ပွဲများနှင့် နိုင်ငံရေးဆိုင်ရာပါဝင်ဆောင်ရွက်မှု

ပြီးခဲ့သောရွေးကောက်ပွဲများ။ ၂၀၁၅ ခုနှစ် အမျိုးသားရွေးကောက်ပွဲများသည် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ လိုအပ်ချက်များရှိခဲ့သော်လည်း များသောအားဖြင့် ပြည်သူလူထု၏ သဘောဆန္ဒကို ထင်ဟပ်သည်ဟု လေ့လာသူများက ဆုံးဖြတ်ကြပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ရှိ နောက်ဆက်တွဲ ကြားဖြတ်ရွေးကောက်ပွဲများသည်လည်း လွတ်လပ်ပြီး တရားမျှတသည်ဟု ယူဆကြသည်။ ဆုံးဖြတ်ကြသည်။ လေ့လာသူများက လွှတ်တော်ရှိ အမတ်နေရာများ၏ ၂၅% ကို ရွေးကောက်ခြင်းမရှိသော တပ်မတော်အရာရှိများအတွက် ချန်လှပ်ထားခြင်း၊ အလားအလာရှိသော မွတ်ဆလင် ကိုယ်စားလှယ်လောင်းများသည် ထင်ရှားစွာ ခွဲခြားဆက်ဆံမှုအခြေခံဖြင့် ၎င်းတို့ပါတီများ အရည်အချင်းမပြည့်မီ ဟု သတ်မှတ်ခြင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီက ရွေးကေကောက်ပွဲများတွင် မဲပေးခဲ့ကြသော ရိုဟင်ဂျာအားလုံးနီးပါးကို မဲပေးခွင့် ရုပ်သိမ်းခဲ့ခြင်းတို့အပေါ် လေ့လာသူများ၏စိုးရိမ်မှု မြင့်တက်ခဲ့သည့်ပြင် ပဋိပက္ခဘေးသင့်ခံရသည့် အချို့သောနယ်မြေများတွင် မဲပေးခြင်းကို အစိုးရက ဖျက်သိမ်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် သဘာပတိအဖြစ် ဆောင်ရွက်သော NLD ပါတီက ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်တို့၌ ယှဉ်ပြိုင်ခဲ့သော လွှတ်တော်အမတ်နေရာ ၁၁၅၀ အနက် ၇၇% ကျော် အနိုင်ရရှိခဲ့သည်။

နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှု။ အတိုက်အခံပါတီများနှင့် အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများက ၎င်းတို့၏ စုရုံးခွင့်နှင့်ဆန့်ကျင်ကန့်ကွက်ခွင့်တို့ကို ဆက်လက်ကျင့်သုံးခဲ့ကြသည်။ နိုင်ငံရေးပါတီသစ်များအား ယေဘုယျအားဖြင့် မှတ်ပုံတင်ခွင့်နှင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပြုထားရာ ပါတီဖွဲ့စည်းခြင်းနှင့် မဲဆန္ဒရှင်စည်းရုံးမှုများအပေါ် နည်းပါးသော ကန့်သတ်ချက်များကို အသားပေးထားသည်။ အစိုးရအရာရှိများက ကြိုကြား၊ ကြိုကြား စွက်ဖက်မှုများသာရှိကြောင်း သိရှိရသည်။ ယှဉ်ပြိုင်မှုသည် တပ်မတော်က ကျောထောက်နောက်ခံပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တပ်မတော်မှ စနစ်ကျထောက်ခံမှုကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ဘက်လိုက်မှုရှိခဲ့ပြီး ထိုပါတီမှပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုဝင်များမှာ မဲပေးပိုင်ခွင့်ရှိကြရာ အချို့ဖြစ်ရပ်များတွင် တပ်မတော် စစ်တန်းလျား မဲရုံများတွင် သံသယဖြစ်ဖွယ်ရှိခဲ့သည်။ ထို့ပြင် ဥပဒေပြဌာန်းချက်အချို့ကို ပါတီများ၏ လှုပ်ရှားမှုများအား ကန့်သတ်ရန်မှီငြမ်းနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးပါတီများသည် နိုင်ငံအပေါ် သစ္စာစောင့်သိရမည်ဟူသော ပြဌာန်းချက်တစ်ရပ်ပါရှိရာ ထိုပြဌာန်းချက်က အလွဲသုံးမှု အလားအလာကို ကိုင်ဆောင်ထားသည်။ နိုင်ငံခြားအစိုးရထံမှ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများထံမှ ထောက်ပံ့မှုကို လက်ခံသော သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်များအတွက် ဘာသာရေးကို ခုတုံးလုပ်သည်ဟုယူဆရသော သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာမှုမရှိသော နိုင်ငံရေးပါတီများအား မှတ်ပုံတင် ပယ်ဖက်ခြင်းအပါအဝင် ပြစ်ဒဏ်များကို ဥပဒေများက ခွင့်ပြုထားသည်။

<u>အမျိုးသမီးများနှင့်လူနည်းစုများပါဝင်ဆောင်ရွက်မှု</u>။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် လူနည်းစုအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခြင်းကို မည်သည့်ဥပဒေကမျှ ကန့်သတ်ထားခြင်း မရှိသောကြောင့် ၎င်းတို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် အမျိုးသမီးများနှင့် လူနည်းစုများသည် အစိုးရအဖွဲ့တွင် ကိုယ်စားပြုခွင့် ဆက်လက်မရရှိကြပါ။ ပြည်ထောင်စုအဆင့် ဝန်ကြီး ၂၄ ဦး၏ အစိုးရအဖွဲ့တွင် တစ်ဦးတည်း သောအမျိုးသမီးမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသူများအကြား ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် နှစ်ရပ်စလုံးတွင် အမျိုးသမီးများအား ကိုယ်စားပြုမှုသည် ၁၃% ကျော်သာရှိသည်။ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီး ချုပ်နှစ်ဦးသည် အမျိုးသမီးများဖြစ်ကြပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်မှာ အဂတိလိုက်စားမှုဖြင့် စွပ်စွဲခံရပြီး နောက် မတ်လတွင် ထုတ်ပယ်ခံခဲ့ရသည်။

အောက်တိုဘာလအထိ တိုင်းရင်းသားလူမျိုးစု ပြည်နယ် ၇ ခုအနက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးချုပ် ငါးဦးမှာ ၎င်းတို့ပြည်နယ်များ၏ တိုင်းရင်းသားအုပ်စုများမှဖြစ်ကြပြီး ပြည်ထောင်စုအဆင့် ဒုတိယ သမ္မတနှစ်ဦးအနက် တစ်ဦးမှာ ချင်းတိုင်းရင်းသားလူနည်းစုအုပ်စုမှဖြစ်ကာ တစ်ဦးမှာ မွန်တိုင်းရင်းသား အုပ်စုမှဖြစ်သည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ရပ်စလုံးတွင် တိုင်းရင်းသားလူမျိုးစု လူနည်းစုနိုင်ငံ ရေးပါတီများမှ တိုင်းရင်းသားလူမျိုးစု လူနည်းစု လွှတ်တော်အမတ်များ၏ ကိုယ်စားပြုမှုသည် ၉%

ခန့်ရှိသည်။ အဆိုပါ အရေအတွက်တွင် တိုင်းရင်းသားအဖွဲ့ဝင် အမြောက်အမြားပါဝင်သော NLD သို့မဟုတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့ မပါဝင်ပါ။

အစိုးရ၏နိုင်ငံသားမဟုတ်သူများအနေဖြင့် ရိုဟင်ဂျာများအား နိုင်ငံရေးလုပ်ငန်းစဉ်မှ ဆက်လက်ချန်လှပ်ထားဆဲဖြစ်သည်။ ရိုဟင်ဂျာအများစုဧရိယာများကို တိုင်းရင်းသား ရခိုင်အမျိုးသားပါတီက ကိုယ်စားပြုသည်။ ၂၀၁၅ ခုနှစ်တွင် မည်သည့်မွတ်ဆလင်ကိုယ်စားလှယ်မျှ အနိုင်မရရှိခဲ့ဘဲ အမျိုးသားလွှတ်တော်တွင် ပထမဆုံးအကြိမ်အဖြစ် မွတ်ဆလင် ကိုယ်စားလှယ်များ မပါဝင်ခဲ့ခြင်းဖြစ်သည်။

## အပိုင်း ၄။ အဂတိလိုက်စားခြင်းနှင့် အစိုးရအဖွဲ့အတွင်း ပွင့်လင်းမြင်သာမှုမရှိခြင်း

အရာရှိများအဂတိလိုက်စားမှုအတွက် ဥပဒေက ပြစ်မှုဆိုင်ရာပြစ်ဒဏ်များပြဋ္ဌာန်းထားပြီး အဂတိ လိုက်စားမှု ထိန်းချုပ်ဟန့်တားရန် ကြိုးပမ်းအားထုတ်မှုများ အစိုးရက ဆက်လက်ဆောင်ရွက်ခဲ့သည်။

<u>အဂတိလိုက်စားမှု</u>။ အဂတိလိုက်စားမှုသည် အထူးသဖြင့် တရားစီရင်ရေးတွင် ပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။ အဂတိလိုက်စားမှုသည် အထူးသဖြင့် တရားစီရင်ရေးတွင် ပြဿနာတစ်ရပ်အဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ရဲတပ်ဖွဲ့က ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအတွက် တရားခံများအား များပြားလှသော လာဘ်ငွေများတောင်းဆိုခဲ့ကြပြီး အရပ်သားလူထုထံမှ ငွေညှစ်ခြင်းများပြုလုပ်ကြကြောင်း သိရှိရသည်။ အစိုးရအရာရှိများ၏ အဂတိလိုက်စားမှု များကို အစိုးရက စုံစမ်းစစ်ဆေးရန်နှင့် ဖြေရှင်းရန် အချို့သောအဆင့်များကို ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာလ ၉ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က နိုင်ငံပိုင် မြန်မာ့ဆေးဝါး လုပ်ငန်းစက်ရုံ အထွေထွေမန်နေဂျာ ဦးအောင်ဇော်အား စက်ရုံအတွက် ကုန်ကြမ်းများအား မလျော်ကန်သော ဝယ်ယူမှုအတွက် အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခဲ့သည်။ နိုဝင်ဘာလအထိ ထိုအမှုကို ဆက်လက်စစ်ဆေးလျှက်ရှိသည်။ ဇူလိုင်လ ၂၆ ရက်တွင် စက်မှုလုပ်ငန်းဝန်ကြီး ဦးခင်မောင်ချိုအား အဆိုပါစက်ရုံတွင် ကျပ်ငွေတစ်ဘီလျံကျော် ( ဒေါ်လာ ၆၆၀,၀၀၀) တန်ဖိုးရှိသည့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူမှုအတွက် တင်ဒါခေါ်ယူရန်ပျက်ကွက်မှုကြောင့် ရာထူးမှ နုတ်ထွက်စေခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာ ထုတ်ဖော်ကြေညာမှု။ အစိုးရအရာရှိများသည် ဘဏ္ဍာရေးဆိုင်ရာ ထုတ်ဖော်ကြေညာမှု ဥပဒေများကိုလိုက်နာရန် မလိုပေ။ ထိုဥပဒေက သမ္မတနှင့် ဒုတိယသမ္မတများအား မိသားစု၏ ပိုင်ဆိုင်ပစ္စည်းများစာရင်းကို လွှတ်တော်ပူးပေါင်းကော်မတီ၏ ပြောခွင့်ရပုဂ္ဂိုလ်ထံသို့ တင်ပြရန် ပြဋ္ဌာန်းထားပြီး သမ္မတက ခန့်ထားသောပုဂ္ဂိုလ်၏ ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်ပစ္စည်းများ၏ စာရင်းကို သမ္မတထံသို့တင်ပြရန် ပြဋ္ဌာန်းထားသည်။ ထိုအစီရင်ခံမှုများအား အများပြည်သူသိရှိစေရန် အစိုးရက ဆောင်ရွက်ခြင်းမပြုပေ။

အစိုးရဝန်ထမ်းများသည် ကျပ် ၂၅,၀၀၀ (၁၇ ဒေါ်လာ) ထက်ပို၍တန်သော လက်ဆောင်ပစ္စည်းကို လက်ခြင်းမပြုနိုင်ပါ။ လက်ဆောင်ပစ္စည်းကမ်းလှမ်းမှုကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ယင်းသို့ ကမ်းလှမ်းခံရကြောင်းကို ၎င်းတို့၏ ကြီးကြပ်ရေးမှူးများထံသို့ အစီရင်ခံရန် နည်းဥပဒေများ ပြဋ္ဌာန်းထားသည်။

**အပိုင်း ၅။ စွပ်စွဲခံရသော လူ့အခွင့်အရေးအလွဲသုံးမှုများအား နိုင်ငံတကာနှင့် အစိုးရမဟုတ်သော စုံစမ်းစစ်ဆေးမှုများ နှင့်ပတ်သက်သည့် အစိုးရဆိုင်ရာသဘောထား**

အစိုးရသည် ပြည်တွင်းလူ့အခွင့်အရေးအဖွဲ့အစည်းများအား လွတ်လပ်စွာ လုပ်ဆောင်ခွင့်မပြုပေ။ အစိုးရမဟုတ်သော လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ရုံးများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက် နိုင်သော်လည်း အာဏာပိုင်များက ဟန့်တားစောင့်ကြည့်မှုများရှိပြီး တစ်ခါတစ်ရံ အာဏာပိုင်များက ဟိုတယ်များနှင့် အခြားနေရာများအား လှုပ်ရှားသူများ သို့မဟုတ် အခြားအရပ်ဘက် လူ့အဖွဲ့အစည်းများက အစည်းအဝေးကျင်းပခြင်းကို လက်ခံခြင်းမပြုရန် ဖိအား ပေးမှုများ ရှိသည်ဟူသော အစီရင်ခံစာအချို့ရှိခဲ့သည်။

နိုင်ငံတကာ အန်ဂျီအိုများမှ ကိုယ်စားလှယ်များအပါအဝင် နိုင်ငံခြားလူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ဦးဆောင်လှုပ်ရှားသူများသည် ၎င်းတို့၏ ကာလတိုဗီဇာများ အချိန်မှန် သက်တမ်းတိုးရေးအတွက် နိုင်ငံမှအခါအားလျော်စွာ ထွက်ခွာရန် လိုအပ်သော ကန့်သတ်မှုကို ဆက်လက်ထားရှိထားသည်။ နိုင်ငံခြားသားများကို အစိုးရက ဆက်လက်စောင့်ကြည့်နေခဲ့ပြီး နိုင်ငံခြားသားများနှင့် ဆက်သွယ်မှုရှိသော နိုင်ငံသားများကို စုံစမ်းစစ်ဆေးမှုများဆက်လက်ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂ သို့မဟုတ် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး (OHCHR) ရုံးတစ်ရုံး ဖွင့်လှစ်ရေးကို အစိုးရက သဘောမတူခဲ့သည့်ပြင် OHCHR ဝန်ထမ်းများအတွက် ဗီဇာ လျှောက်ထားမှုကိုလည်း ခွင့်မပြုခဲ့ပေ။

ဩဂုတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးများကောင်စီကဖွဲ့စည်းသော ကုလသမဂ္ဂ အချက်လက်ရှာဖွေရေးမစ်ရှင်က ယင်း၏ နိုင်ငံဆိုင်ရာ အစီရင်ခံစာနှစ်စောင်ကို ထုတ်ဝေခဲ့သည်။ တစ်စောင်မှာ လိင်မှုဆိုင်ရာနှင့် ကျား-မ အခြေခံသော အကြမ်းဖက်မှုနှင့် လူမျိုးစုပဋိပက္ခ၏ ကျား-မ အပေါ်သက်ရောက်မှုဖြစ်ပြီး အခြားတစ်စောင်မှာ တပ်မတော်၏ စီးပွားရေးအကျိုးစီးပွားများနှင့် လူ့အခွင့်အရေးများအလွဲသုံးမှုများနှင့် ၎င်းတို့၏ဆက်နွယ်မှုဖြစ်သည်။ အစိုးရက အချက်အလက်ရှာဖွေရေးမစ်ရှင်၏ လုပ်ပိုင်ခွင့်နှင့် အစီရင်ခံစာပါ အကြောင်းအရာများကို ကန့်ကွက်ခဲ့ပြီး မစ်ရှင် အဖွဲ့ဝင်များအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ငြင်းဆိုခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းသည့် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးနည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသည့်ပြင် အစိုးရက နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုခဲ့ပေ။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာရေးသားသူကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုရန် အစိုးရက ဆက်လက်ငြင်းဆိုခဲ့သော်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံတမန် ခရစ္စတင်းရှရန်နာဘာ့ဂ်နာ ကို နိုင်ငံအတွင်းရုံးဖွင့်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အပါအဝင် ထိပ်တန်းအရာရှိကြီးများနှင့် တွေ့ဆုံရန်ခွင့်ပြုခဲ့သည်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) သည် အရပ်သားအကျဉ်းထောင်များနှင့် ရဲဘက်စခန်းများသို့ ဝင်ရာက်ခွင့်ရှိသည်။ ICRC အား ရှမ်း၊ ရခိုင်နှင့် ကချင်ပြည်နယ်များအပါအဝင် တိုင်းရင်းသားလူနည်းစု ပြည်နယ်များတွင် လုပ်ငန်းဆောင်ရွက်ခွင့်ကို အစိုးရက ပေးထားသည်။

<u>အစိုးရလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ</u>။ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး အလွဲသုံးမှုဖြစ်ရပ်အချို့ကို စုံစမ်းစစ်ဆေးခဲ့သည်။ အမှုအချို့တွင် အလွဲသုံးမှုများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကော်မရှင်က အစိုးရကိုတောင်းဆိုခဲ့သည်။ ကော်မရှင်၏ ယုံကြည်ကိုးစားထိုက်ပြီး လွတ်လပ်သော ယန္တရားတစ်ခုအဖြစ် လည်ပတ်လုပ်ဆောင်နိုင်စွမ်းကို ကန့်သတ်ထားဆဲဖြစ်သည်။ ကော်မရှင်သည် လူ့အခွင့်အရေး၊ ပညာရေး သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခဲ့ပြီး လူ့အခွင့်အရေးပညာပေး စာစောင်များဖြန့်ဖြူးပေးကာ လူ့အခွင့်အရေးသင်တန်းများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

၂၀၁၈ ခုနှစ် ဇူလိုင်လတွင်ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်သည် ယင်း၏စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သော်လည်း မည်သည့်တွေ့ရှိချက်ကိုမျှ နိုဝင်ဘာလအထိ အစိုးရက ထုတ်ပြန်ခြင်းမရှိခဲ့ပါ။ ၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအား လုံခြုံရေးတပ်ဖွဲ့များ ကကျယ်ကျယ်ပြန့်ပြန့်အလွဲသုံးမှု အစီရင်ခံစာများအား အစိုးရက ဦးဆောင်သည့် ယခင်စုံစမ်းစစ်ဆေးမှုများသည် လုံခြုံရေးတပ်ဖွဲ့များ၏ တာဝန်ရှိကြောင်း မည်သည့်အချက်အလက်မျှ ပေါ်ထွက်လာခြင်းမရှိခဲ့ဘဲ နိုင်ငံတကာစောင့် ကြည့်လေ့လာသူများက အပြင်းအထန်အားနည်းချို့ယွင်းသည်ဟု ဝေဖန်ခဲ့ကြသည်။

## အပိုင်း ၆။ ခွဲခြားဆက်ဆံမှု၊ အဖွဲ့အစည်းဆိုင်ရာ အလွဲသုံးမှုများနှင့်လူကုန်ကူးမှု

## အမျိုးသမီးများ

အဓမ္မပြုကျင့်မှုနှင့်အိမ်တွင်းအကြမ်းဖက်မှု။ အဓမ္မပြုကျင့်မှုသည် ဥပဒေနှင့်ဆန့်ကျင်သော်လည်း ထင်ရှားသော ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည့်အပြင် ဥပဒေအာဏာသက်ရောက်စေရန် အစိုးရက ထိရောက်စွာ ဆောင်ရွက်ခြင်းမပြုခဲ့ပေ။ ဇနီးသည်က ၁၄ နှစ်အောက် မဟုတ်လျှင် ဇနီးအား အဓမ္မပြုခြင်းသည် ရာဇဝတ်မှုမမြောက်ပေ။ ရဲတပ်ဖွဲ့သည် တိုင်ကြားသော အဓမ္မကျင့်မှုများကို စုံစမ်းစစ်ဆေးခဲ့သော်လည်း ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများသည် ခံရသူများအား စာနာမှုမရှိကြပေ။ အဓမ္မပြုကျင့်သည်ဟု တိုင်ကြားသည့် အမျိုးသမီးများကို ရဲတပ်ဖွဲ့က နှုတ်ဖြင့်စော်ကားမော်ကား ပြောဆိုခဲ့ကြပြီး ပြစ်မှုကျူးလွန်သူ၏ဂုဏ်သိက္ခာအတွက် အမျိုးသမီးများကပင် ပြန်လည်တရားစွဲ ခံရနိုင်ခြေရှိသော အချို့ကိစ္စများကို အရပ်ဘက်လူ့အဖွဲ့အစည်းများက ဆက်လက်သတင်းပို့ခဲ့ကြသည်။

မေလက နေပြည်တော်ရှိ နေ့ကလေးထိန်းကျောင်းတစ်ကျောင်းမှ နှစ်နှစ်သမီးလေးအား လိင်မှုဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှုနှင့် ယင်းအမှုအား စစ်ဆေးစီရင်မှု၏ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့နှင့် ပတ်သက်၍ ဇူလိုင်လ ၆ ရက်နေ့တွင် ဆန္ဒပြသူ ၆၀၀၀ ခန့်က ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ဖေ့စ်ဘွတ်သုံးစွဲသူ ထောင်ပေါင်းများစွာတို့က မိန်းကလေး၏အမည်ဝှက်ဖြင့် "ဗစ်တိုးရီးယားအတွက် တရားမျှတမှု" ကိုတောင်းဆိုရန် ၎င်းတို့၏ပရိုဖိုင်းပုံများကို မိန်းကလေး၏ အရိပ်မည်းပုံ အဖြစ် ပြောင်းလဲခဲ့ကြသည်။ ဇူလိုင်လ ၉ ရက်နေ့တွင် လူပ်ရှားမှုခေါင်းဆောင်အား ရဲတပ်ဖွဲ့အား ထိုအမှုကို စုံစမ်းစစ်ဆေးရန် "တောင်းဆိုခြင်း" ကို ဖေ့စ်ဘွတ်တွင် တင်ခဲ့မှုအတွက် ဖမ်းဆီးခဲ့သည်။ ထိုနှစ်မှုစလုံးကို နိုဝင်ဘာလအထိ ဆက်လက်စစ်ဆေးဆဲဖြစ်သည်။

ဇနီးသည်အား အဓမ္မပြုကျင့်မှုအပါအဝင် အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုသည် အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်။ မိသားစုများအတွင်း အကြမ်းဖက်မှုသည် အနှံ့အပြား ပေါ်ပေါက်လျှက်ရှိပြီး လူမှုရေးအရ လက်ခံနိုင်သည်ဟု ထည့်သွင်းစဉ်းစားခဲ့ကြသည်။ လင်မယားချင်း မတရားပြုမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုသည် တိုင်းတာရန်ခက်ခဲသည်။ အကြောင်းမူ အစိုးရက ပြည့်စုံသောစာရင်းများကို ထိန်းသိမ်းထားခြင်းမရှိသည့်ပြင် ကျူးလွန်ခံရသူကလည်း ထုံးစံအရ တိုင်ကြားခြင်း မပြု၍ဖြစ်သည်။ သို့ရာတွင် အစိုးရက အထောက်ထားပြုရန် ကြိုးပမ်းခဲ့သောအမှုများနှင့် ဖော်ပြခဲ့သောအမှုများမှာ မြင့်တက်လာခဲ့သည်။ အခြားသူတစ်ဦးအား ကိုယ်ခန္ဓာကို အန္တရာယ်ဖြစ်အောင် ကျူးလွန်ခြင်းကို ဥပဒေများက တားမြစ်ထားသော်လည်း အထူးသဖြင့် အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဇနီးသည်က အသက် ၁၄ နှစ်မပြည့်လျှင် ဇနီးအား အဓမ္မပြုကျင့်မှုတို့နှင့်ပတ်သက်သည့် ဥပဒေများမရှိပါ။ ဥပဒေချိုးဖောက်သည့်အတွက် ပြစ်ဒဏ်များတွင် ထောင်ဒဏ်တစ်နှစ်မှသည် ထောင်ဒဏ်တစ်သက်အထိ အဆင့်ဆင့်ပါဝင်သည့်အပြင် ငွေဒဏ်လည်းပါဝင်နိုင်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်များ ထပ်နေခြင်းနှင့် တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ဖြစ်နေခြင်းတို့က အဆိုပါကန့်သတ်ထားသော အကာအကွယ်ပေးမှုများအား အကောင်အထည်ဖော်ခြင်းကို ရှုပ်ထွေးစေပါသည်။

လိင်မှုဆိုင်ရာနှောင့်ယှက်မှု။ ပြစ်မှုဆိုင်ရာဥပဒေက လိင်မှုဆိုင်ရာနှောင့်ယှက်မှုကို တားမြစ်ထားပြီး နှုတ်ဖြင့်နှောင့်ယှက်မှုကို အမြင့်ဆုံးထောင်ဒဏ်တစ်နှစ်နှင့် ငွေဒဏ်သတ်မှတ်ထားပြီး ရုပ်ပိုင်းဆိုင်ရာ ထိတွေ့နှောင့်ယှက်မှုကို အမြင့်ဆုံး ထောင်ဒဏ်နှစ်နှစ်နှင့် ငွေဒဏ်သတ်မှတ်ထားသည်။ ထိုပြဿနာမျိုးပျံ့နှံ့သည့် သတင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုပြစ်မှုများကို တိုင်ကြားလေ့မရှိသောကြောင့်ဖြစ်သည်။ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများသည် ကျူးလွန်ခံရသူများအား စာနာထောက်ထားမှုမရှိသည့်ပြင် စုံစမ်းစစ်ဆေးမှုကို ပြီးပြတ်အောင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းမရှိ သလောက်ရှားသည်ဟု အရပ်ဘက်လူ့အဖွဲ့အစည်းများက အစီရင်ခံခဲ့ကြသည်။

လူဦးရေးထိန်းချုပ်မှုအတင်းအကြပ်ပြုလုပ်ခြင်း။ အတင်းအကြပ်ကိုယ်ဝန်ဖျက်ချစေခြင်း သို့မဟုတ် အတင်းအကြပ် သားကြောဖြတ်ခိုင်းခြင်းများရှိကြောင်း မကြားသိရပါ။ သို့ရာတွင် ၂၀၁၅ ခုနှစ် ဥပဒေအာဏာ သက်ရောက်ပါက ဥပဒေတွင် သားဆက်ခြားမှု လိုအပ်ချက်များကို ချမှတ်နိုင်သည့်ပြဋ္ဌာန်းချက်များပါရှိသည်။ ထိုဥပဒေအရ သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရသည် လူဦးရေ၊ သဘာဝအရင်းအမြစ်များ၊ မွေးဖွားနှုန်းနှင့် စားနပ်ရက္ခာရရှိမှုတို့ကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များကို လိုက်နာလျှက် "အထူးဒေသများ" ကို သတ်မှတ်နိုင်သည်။ အထူးဒေသတစ်ခုကို ကြေညာလျှင် မိသားစုစီမံကိန်း နည်းစနစ်များနှင့် ပတ်သက်သောစည်းမျဉ်းများ ချမှတ်ရေးအပါအဝင် လုပ်ငန်းတာဝန် အမျိုးမျိုးကို ဆောင်ရွက်မည့် အထူးကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများဖန်တီးရန် အစိုးရကခွင့်ပြုသည်။ ထိုဥပဒေ ပြဋ္ဌာန်းစဉ်ကတည်းက အစိုးရသည် ထိုသို့သော မည်သည့်အထူးဒေသကိုမျှ သတ်မှတ် ခြင်းမရှိခဲ့ပါ။

ရခိုင်ပြည်နယ်အစိုးရက ထုတ်ပြန်သော မြောက်ပိုင်းမြို့နယ်နှစ်ခုရှိ ရိုဟင်ဂျာများနှင့်သက်ဆိုင်သည့် ကလေး နှစ်ဦးသာယူရမည်ဟူသော ဒေသန္တရအမိန့်သည် အာဏာသက်ရောက်ဆဲဖြစ်သော်လည်း အစိုးရနှင့် အန်ဂျီအိုများက ယင်းအမိန့်သည် တစ်သမတ်တည်းမဟုတ်ကြောင်း ဆိုကြသည်။ (အပိုင်း ၁၊ စ ကိုကြည့်ပါ)။

ခွဲခြားဆက်ဆံခြင်း။ အမျိုးသမီးများသည် ပိုင်ဆိုင်ပစ္စည်းများနှင့် အမွေဆက်ခံခွင့်၊ ဘာသာရေးနှင့် ပုဂ္ဂိုလ်ရေးအဆင့်အတန်းများအပါအဝင် တရားဥပဒေဆိုင်ရာ အဆင့်အတန်းများနှင့် အခွင့်အရေးများကို အမျိုးသားများနည်းတူ ဥပဒေအရ ခံစားခွင့်ရှိသော်လည်း အစိုးရက ထိုဥပဒေကို အာဏာသက်ရောက်စေခြင်း ရှိမရှိမှာ တိကျရှင်းလင်းမှုမရှိပေ။ တူညီသောအလုပ်အတွက် တူညီသောလုပ်ခပေးရန် ဥပဒေက ပြဋ္ဌာန်းထားသော်လည်း ထိုပြဋ္ဌာန်းချက်ကို တရားဝင် လေးစားလိုက်နာခြင်း ရှိ၊ မရှိမှာ မသေချာပေ။ အထည်ချုပ် လုပ်ငန်းကဲ့သို့သော ကဏ္ဍအချို့က လိုက်နာခြင်းမရှိဟု အန်ဂျီအိုများကဆိုကြသည်။ ဆင်းရဲနွမ်းပါးမှုက အမျိုးသမီးများအပေါ် အချိုးအစားမညီမျှစွာ ထိခိုက်စေခဲ့သည်။ ပြည်ထောင်စုရာထူးဝန်ဥပဒေက "အမျိုးသားများနှင့်သာလျှင် သင့်တော်သောရာထူးများကို" အမျိုးသားများအား ခန့်ထားခြင်းကို မည်သည့်အရာကမျှ ဟန့်တားခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသော်လည်း "အမျိုးသားများနှင့်သာ သင့်တော်သော" ရာထူးများတွင် မည်သည်ရာထူးများပါဝင်သည်ကို ဖော်ပြထားခြင်းမရှိပါ။

ခလေ့ထုံးတမ်းဥပဒေကို လက်ထပ်ခြင်း၊ ပစ္စည်းဥစ္စာနှင့် အမွေဆက်ခံမှုပြဿနာများကိုဖြေရှင်းရန် ကျယ်ပြန့်စွာ အသုံးပြုလေ့ရှိပြီး ဥပဒေပြုအဖွဲ့ကပြဋ္ဌာန်းသော ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကွဲလွဲမှုရှိသည့်အပြင် အမျိုးသမီးများ အား ခွဲခြားဆက်ဆံမှု ပြုလေ့ရှိခဲ့သည်။

**ကလေးသူငယ်များ**

<u>မွေးဖွားမှုမှတ်ပုံတင်ခြင်း</u>။ နိုင်ငံသားဖြစ်မှုဥပဒေသည် အသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုးစု ၁၃၅ စုအနက် လူမျိုးတစ်ခု၏ မိဘနှစ်ပါးမှမွေးဖွားလာသော ကလေးသူငယ်များနှင့် အခြားသောနိုင်ငံသားဖြစ်မှု ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော ကလေးငယ်များကို ပြည့်ဝသောနိုင်ငံသားအဖြစ် အလိုအလျောက် အပ်နှင်းထားသည်။ ထို့ပြင် အနည်းဆုံးမိဘတစ်ဦးသည် ပြည့်ဝသောနိုင်ငံသားဖြစ်နေသမျှ ကာလပတ်လုံး နိုင်ငံသားဖြစ်မှုတစ်ခုခုရှိသော မိဘနှစ်ဦးမှ မွေးဖွားသည့် ဒုတိယမျိုးဆက်ကလေးသူငယ်များအား ပြည့်ဝသော နိုင်ငံသားဖြစ်မှုကို အစိုးရကအပ်နှင်းထားသည်။ တွဲဖက်သို့မဟုတ် နိုင်ငံသားအဖြစ်ခံယူထားသည့်နိုင်ငံသားများ၏ တတိယမျိုးဆက်ကလေးသူငယ်များသည် ပြည့်ဝ သောနိုင်ငံသားဖြစ်မှု ရရှိနိုင်သည်။

မွေးဖွားမှုမှတ်ပုံတင်ခြင်းတွင် ကျေးလက်၊ မြို့ပြ သိသာထင်ရှား သောကွာဟမှုများရှိသည်ဟု ထင်ရှားသော နိုင်ငံတကာ အန်ဂျီအိုတစ်ခုက ဖော်ပြထားသည်။ အဓိကမြို့ကြီးများ (ဥပမာ ရန်ကုန်နှင့်မန္တလေး) တွင် မွေးဖွားမှုများကို ချက်ချင်း မှတ်ပုံတင်ကြသည်။ အဘယ်ကြောင့်ဆိုသော် အခြေခံပြည်သူ့ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်ကြောင်း အသိအမှတ်ပြုရေးနှင့် အမျိုးသားမှန်ပုံတင်ကတ်ပြားရရှိရေးတို့အတွက် လိုအပ်သောကြောင့်ဖြစ်သည်။ မြို့ငယ်များနှင့် ကျေးရွာများ၌ မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် တရားမဝင်ပေ သို့မဟုတ် ထိုစနစ်မရှိပေ။ ရိုဟင်ဂျာများအတွက် မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် ကြီးမားသော ပြဿနာတစ်ခုဖြစ်သည် (အပိုင်း ၂၊ ဃ ကိုကြည့်ပါ)။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က ယင်း၏ကြားဖြတ်အစီရင်ခံစာတွင် ရခိုင်ပြည်နယ်ရှိ နေထိုင်သူအားလုံး၏ ထက်ဝက်နီးပါးသည် မွေးဖွားမှုအထောက်အထား မရှိကြကြောင်း ဖော်ပြခဲ့သည်။

မွေးစာရင်းသည် ကလေးသူငယ်များအတွက် အရေးကြီးသောအကာအကွယ်များကိုပေးသည်။ အထူးသဖြင့် ကလေးများနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၊ စောစီးစွာလက်ထပ်ခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် လက်နက်ကိုင်အုပ်စုများအတွင်း တပ်သားသစ်စုဆောင်းခြင်းတို့မှ အကာအကွယ်ပေးသည်။ တစ်ခါတစ်ရံ မွေးစာရင်းမရှိခြင်း၊ များသောအားဖြင့် မွေးစာရင်းမရှိခြင်းသည် ဝေးလံသောဒေသများတွင် ပြည်သူ့ဝန်ဆောင်မှုများရရှိရေးအတွက် ခက်ခဲ ရှုပ်ထွေးသည်။

<u>ပညာရေး</u>။ ဥပဒေအရ ပညာရေးသည် စတုတ္ထတန်းအထိ မသင်မနေရအခမဲ့ဖြစ်သည် (အသက် ၁၀ နှစ် အထိ)။ ယင်းသည် ၁၀ နှစ်မှ ၁၃ နှစ်အထိ ကလေးသူငယ်များ ကျောင်းတက်ရန် ပြဋ္ဌာန်းမထားရုံသာမက အလုပ်လုပ်ရန် တရားဝင်တားမြစ်ထားခြင်းမရှိလျှင် ကလေးလုပ်သားအဖြစ် အန္တရာယ်ရှိစေနိုင်သည်။ အကြောင်းမှာ

အလုပ်လုပ်ရန် အနည်းဆုံးအသက်အရွယ်မှာ ၁၄ နှစ်ပြဋ္ဌာန်းထားသောကြောင့်ဖြစ်သည်။ အစိုးရက ပြည်သူ့ပညာရေးအတွက် အနည်းဆုံးသာ ဆက်လက်ခွင့်ပြုထားပြီး ကျောင်းများတွင် တရားမဝင် အခကြေးငွေများကို သတ်မှတ်ခဲ့ကြသည်။

ဝေးလံခေါင်းပါးဒေသများတွင် ကျောင်းများရှိသော်လည်း နေရပ်စွန့်ခွာကလေးငယ်များနှင့် နိုင်ငံမဲ့ ကလေးငယ်များအတွက် ပညာသင်ကြားခွင့်မှာ ကန့်သတ်ထားဆဲဖြစ်သည်။

<u>ကလေးသူငယ်အလွဲသုံးမှု</u>။ ကလေးသူငယ်အလွဲသုံးမှုကို ဥပဒေများက တားမြစ်ထားသော်လည်း ထိုဥပဒေများသည် လုံလောက်မှုမရှိသည့်ပြင် အာဏာသက်ရောက်မှုလည်းမရှိပေ။ ကလေးငယ်များအား ရိုက်နှက်အပြစ်ပေးခြင်းကို ကျယ်ပြန့်စွာအသုံးပြုကြသည်ဟု အန်ဂျီအိုများက သတင်းပို့ကြသည်။ ကလေးသူငယ် အလွဲသုံးမှုအတွက် အပြစ်ဒဏ်မှာ အမြင့်ဆုံးထောင်ဒဏ် နှစ်နှစ် သို့မဟုတ် အမြင့်ဆုံးငွေဒဏ် ၁၀,၀၀၀ ကျပ် (၆.၆ ဒေါ်လာ) ဖြစ်သည်။ မိသားစုများအတွင်း ကျောင်းများအတွင်း ကလေးအလုပ်သမားနှင့် ခေါင်းပုံဖြတ်မှု အခြေအနေများအတွင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ အတွင်းဖြစ်ပွားသော ကလေးသူငယ် အလွဲသုံးမှုများသည် ပုံပြင်သဖွယ် အထောက်အထားသာဖြစ်ခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အချက်အလက်ကောက်ယူမှု တိုးတက်ရေး၊ ထိရောက်သော ဥပဒေများဖွဲ့ဖြိုးရေး၊ စိတ်ပိုင်းဆိုင်ရာအကူအညီပေးရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးတို့အတွက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေ (UNICEF) နှင့်လက်တွဲကာ ယင်း၏ ကလေးသူငယ်အကာအကွယ်ပေးရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ရခိုင်၊ ရှမ်းနှင့် ကရင်ပြည်နယ်များရှိ အကြမ်းဖက်မှုသည် ကလေးသူငယ်များစွာတို့ အား အကြမ်းဖက်မှုနှင့် ခေါင်းပုံဖြတ်မှုပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေခဲ့သည်။

<u>စောစီးစွာအတင်းအကြပ်လက်ထပ်စေခြင်း</u>။ ဘာသာရေးနှင့် ကျား-မ အပေါ်မူတည်၍ လက်ထပ်မှုအတွက် မတူကွဲပြားသော အနိမ့်ဆုံး အသက်အပိုင်းအခြားကို ဥပဒေက ပြဋ္ဌာန်းထားသည်။ ဗုဒ္ဓဘာသာဝင်များအတွက် အနိမ့်ဆုံးအသက်သည် ၁၈ နှစ်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်မဟုတ်သူများအတွက် မိန်းကလေး၏ အနိမ့်ဆုံးအသက်သည် ၁၅ နှစ်နှင့် ယောကျ်ားလေးအတွက် ၁၆ နှစ်ဖြစ်သည်။ အထူးသဖြင့် ကျေးလက် ဒေသများတွင် ကလေးသူငယ်လက်ထပ်မှု ပေါ်ပေါက်နေဆဲဖြစ်သည်။ အတင်းအကြပ် လက်ထပ်စေမှုအတွက် အားကိုးထိုက်သော စာရင်းအင်းများမရှိပါ။

<u>ကလေးသူငယ်များအားလိင်မှုဆိုင်ရာခေါင်းပုံဖြတ်မှု</u>။ နိုင်ငံတွင် ကလေးသူငယ်များသည် လိင်ကုန်ကူးခြင်းခံနေကြရပြီး ကလေးသူငယ်နှင့် လိင်ဆက်ဆံသော နိုင်ငံခြားခရီးသွားအရေတွက်အနည်းငယ်က ကလေးငယ်များကို လိင်မှုဆိုင်ရာ အမြတ်ထုတ်ခဲ့ကြသည်။ ဥပဒေသည် ကလေးသူငယ်လိင်ဆိုင်ရာ ခရီးသွားလုပ်ငန်းကို အတိအလင်းတားမြစ်ထားခြင်း မရှိသော်လည်း ပြည့်တန်ဆာခေါင်းနှင့် ပြည့်တန်ဆာလုပ်ငန်းကို တားမြစ်ထားသည့်ပြင် ပြစ်မှုဆိုင်ရာဥပဒေက အသက် ၁၄ နှစ်အောက် ကလေးသူငယ်နှင့် လိင်ဆက်ဆံခြင်းကို တားမြစ်ထားသည်။ အသက် ၁၈ နှစ်အောက် ကလေးသူငယ်ထံမှ

လိင်ဆက်ဆံမှုလုပ်ရပ်များကို ဝယ်ယူဖြင်းနှင့် ရောင်းချခြင်းအတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်ဖြစ်သည်။ ကလေးသူငယ်ညစ်ညမ်းရုပ်ပုံ၊ စာအုပ်နှင့်ရုပ်ရှင်များ ထုတ်လုပ်ဖြန့်ချိခြင်းကို ဥပဒေက တားမြစ်ထားပြီး ယင်းအတွက် ထောင်ဒဏ်နှစ်နှစ်နှင့် ဒဏ်ငွေ ၁၀,၀၀၀ ကျပ် (၆.၆ ဒေါ်လာ) ပြစ်ဒဏ် သတ်မှတ်ထားသည်။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကလေးသူငယ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေက လိင်ကုန်ကူးခြင်း သို့မဟုတ် အတင်းအကြပ် လက်ထပ်စေခြင်းတို့အတွက် တစ်နှစ်မှ ခုနစ်နှစ်အထိ ထောင်ဒဏ်နှင့် ကျပ်တစ်သန်းမှ နှစ်သန်း (ဒေါ်လာ ၆၆၀ မှ ၁၃၂၀) ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ သတ်မှတ်ထားသည်။ ကျူးလွန်ခံရသူသည် အသက် ၁၄ နှစ်အောက်ဖြစ်ပါက အသက်မပြည့်သေးသူနှင့် ကာမစပ်ယှက်မှု ဥပဒေပြဋ္ဌာန်းချက်အရ မုဒိမ်းမှုမြောက်သည်ဟု သတ်မှတ်ထားသည်။ အဆိုပါပြစ်မှုအတွက် အမြင့်ဆုံးပြစ်ဒဏ်မှာ ကျူးလွန်ခံရသူသည် အသက် ၁၂ နှစ်နှင့် ၁၄ နှစ်ကြားဖြစ်လျှင် ထောင် ဒဏ် ၁၀ နှစ်ဖြစ်ပြီး ကျူးလွန်ခံရသူသည် ၁၂ နှစ်အောက်ဖြစ်ပါက ထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်အထိဖြစ်သည်။ မတ်လ ၂၅ ရက်နေ့တွင် ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်ခဲ့ပြီး အသက် ၁၂ နှစ်အောက် မိန်းကလေးအား အဓမ္မပြုကျင့်မှုအတွက် ပြစ်ဒဏ်မှာ ထောင်ဒဏ်တစ်သက် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ဖြစ်သည်။

နိုင်ငံ၏လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေက အင်အားအသုံးပြုရန်၊ လိမ်လည်လှည့်ဖြားရန် သို့မဟုတ် အတင်းအကြပ်ပြုရန် ထင်ရှားစေခြင်းသည် ကလေးသူငယ်အား ကုန်ကူးသည့်ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားသည်။

<u>နေရပ်စွန့်ခွာနေရသောကလေးသူငယ်များ</u>။ ပဋိပက္ခဒေသများတွင် နိုင်ငံအတွင်း နေရပ်စွန့်ခွာ ထွက်ပြေးနေရသော ကလေးငယ်များ၏ သေဆုံးမှုနှုန်းသည် နိုင်ငံ၏အခြားဒေသများထက် သိသာထင်ရှားစွာ မြင့်မားသည် (အပိုင်း ၂၊ ဃ ကိုကြည့်ပါ)။ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာနေထိုင်သူ ၁၂၈,၀၀၀ ၏ ၅၃% သည် ကလေးသူငယ်များဖြစ်ကြပြီး ထိုလူဦးရေ၏အများစုမှာ ရိုဟင်ဂျာများဖြစ်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ထို့ပြင် ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာနေရသူ ၁၀၀,၀၀၀ ၏ ၄၆% နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နေရပ်စွန့်ခွာနေရသူ ၉,၀၀၀ ၏ ၄၈% သည် ကလေးသူငယ်များဖြစ်သည်ဟု ဆက်လက်ခန့်မှန်းထားသည်။

နိုင်ငံတကာ ကလေးသူငယ်အား အဓမ္မခေါ်ဆောင်မှု။ နိုင်ငံသည် ၁၉၈၀ ပြည့်နှစ် နိုင်ငံတကာကလေးသူငယ် အဓမ္မခေါ်ဆောင်မှု ပြည်သူ့အမြင်များဆိုင်ရာ ဟိဂ်ကွန်ဗင်းရှင်း အဖွဲ့ဝင်မဟုတ်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ "နိုင်ငံတကာ မိဘဆိုင်ရာ ကလေးသူငယ်အဓမ္မခေါ်ဆောင်မှုနှစ်စဉ်အစီရင်ခံစာ" https://travel.state.gov/ content/trav el/en/International-Parental-Child-Abduction/for-providers/ legal-reports-and-data.html ကိုကြည့်ပါ။

**ဂျူးဆန့်ကျင်ရေးဝါဒ**

ရန်ကုန်တွင် ဂျူးလူမျိုးအနည်းငယ် စုရုံးဝတ်ပြုရာ ရဟူဒီဘုရားကျောင်းတစ်ခုရှိသည်။ ဂျူးဆန့်ကျင်ရေး လုပ်ဆောင်ချက်များမရှိကြောင်း သိရှိရသည်။

## လူကုန်ကူးခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ "လူကုန်ကူးမှုအစီရင်ခံစာ "ကို www.state.gov/j/tip/rls/tiprpt တွင် ကြည့်ပါ။

## မသန်စွမ်းသူများ

ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံမှုဆိုင်ရာ၊ အကြားဆိုင်ရာ၊ အသိဉာဏ်ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုများရှိသောပုဂ္ဂိုလ်များအပေါ် ခွဲခြားဆက်ဆံမှုများကို ဥပဒေကတားမြစ်ထားသည်။ မသန်စွမ်းသူများအား အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးကို လွယ်ကူစွာရရှိမှုသေချာစေရန် ဥပဒေက အစိုးရအား ညွှန်ကြားထားသည်။ အစိုးရသည် ထိုပြဋ္ဌာန်းချက်များ အာဏာသက်ရောက်ရေးကို ထိရောက်စွာ ဆောင်ရွက်မှုမရှိပါ။

မသန်းစွမ်းကလေးငယ်များသည် အခြားကလေးငယ်များထက် သိသာသော နည်းပါးသည့်နှုန်းဖြင့် အလယ်တန်းကျောင်းများတွင် တက်ရောက်သင်ကြားရလေ့ရှိပြီး မသန်စွမ်းကလေးငယ်များစွာတို့သည် စိတ်ဒဏ်ရာနှင့် ၎င်းတို့ ၏လိုအပ်ချက်များအတွက် ကိုက်ညီသော နေရာထိုင်ခင်းမရှိမှုကြောင့် ကျောင်းမတက်ကြရကြောင်း အရပ်ဘက်လူ့အဖွဲ့အစည်းများက အစီရင်ခံကြသည်။

အရပ်သားများနှင့် အစိုးရအရာရှိများထံမှ မနှစ်သက်မှုများ ခွဲခြားဆက်ဆံမှုများနှင့် အလွဲသုံးမှုများရှိကြသည်ဟု မသန်စွမ်းသူများက ပြောကြားကြသည်။ အားလုံးအကျုံးဝင်ပညာရေးအတွက် အတားအဆီးများကို ကြီးမားသောဆိုးကျိုး တစ်ရပ်အဖြစ် မသန်စွမ်းကျောင်းသားများက ရည်ညွှန်းကိုးကားခဲ့ကြသည်။

မသန်စွမ်းမှုများရှိသော စစ်ပြန်စစ်မှုထမ်းဟောင်းများသည် ဦးစားပေးမှုအခြေခံဆိုင်ရာ တရားဝင် အကျိုးကျေးဇူးများအဖြစ် တူညီသောအဆင့်လစာဖြင့် အစိုးရဝန်ထမ်းအလုပ်ကို ရလေ့ရှိကြသော်လည်း ကျေးလက်ဒေသများရှိ တပ်မတော်နှင့် တိုင်းရင်းသားလူနည်းစုနှစ်ရပ်စလုံးရှိ ပဋိပက္ခမှ အသက်ရှင်သန်ကျန်ရစ်သူများကမူ ထုံးစံအတိုင်းပင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ သို့မဟုတ် တတ်နိုင်သော ဆေးဝါးကုသမှုများကို မရရှိကြပေ။ မူအရ အရပ်ဘက်မသန်စွမ်းသူများအား တရားဝင်အကူအညီပေးမှုတွင် ယာယီမသန်းစွမ်းမှုအတွက် လစာ၏သုံးပုံတစ်ပုံ ကို အမြင့်ဆုံးတစ်နှစ်စာနှင့် အမြဲတန်းမသန်စွမ်းမှုအတွက် အခွန်လွတ် ထောက်ပံ့ကြေးတို့ပါဝင်သည်။ မသန်စွမ်းဖြစ်လာသော အလုပ်သမားများအတွက် အလုပ်အကိုင်အကာအကွယ်ပေးရေးကို ဥပဒေက ပြဋ္ဌာန်းထားသော်လည်း အကောင်အထည်ဖော်ခြင်း မရှိခဲ့ပေ။

## အမျိုးသားရေး/လူမျိုးရေး/တိုင်းရင်းသားလူနည်းစုများ

ပညာရေး၊ အိုးအိမ်၊ အလုပ်အကိုင်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိခွင့်ကဲ့သို့သော ဧရိယာများတွင် လူနည်းစုများအပေါ် အစိုးရဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ ကျယ်ပြန့်စွာရှိမြဲဖြစ်သည်။ တိုင်းရင်းသား လူနည်းစုများသည် လူဦးရေ၏ ၃၀ မှ ၄၀% အထိပါဝင်သည်။ တိုင်းရင်းသားလူနည်းစု ပြည်နယ်ခုနစ်ခုသည် နိုင်ငံနယ်နိမိတ်၏ ၆၀% ခန့်ပေါင်းစပ်ပါဝင်ပြီး လူနည်းစုဝင်များ၏ ထင်ရှားသော အရေအတွက်သည်လည်း နိုင်ငံ၏အခြားဒေသများတွင် အခြေချနေထိုင်လျှက်ရှိကြသည်။

ဘာသာရေးနှင့် တိုင်းရင်းသားနောက်ခံတို့ကိုအခြေခံ၍ သိသာသောလုပ်ခ မညီမျှမှုများမှာ ရိုးနေပြီဖြစ်ကြောင်း စောင့်ကြည့်လေ့လာသူများက ဖော်ပြကြသည်။

အစိုးရကျောင်းများတွင် မြန်မာဘာသာသည် မသင်မနေရ ဘာသာစကားဖြစ်သည်။ အစိုးရ၏တရားဝင် ပညာရေးစီမံကိန်းသည် မိခင်ဘာသာ စကားညွှန်ကြားချက်နှင့်ပတ်သက်သော ကိစ္စရပ်များကို လွှမ်းခြုံခြင်းမရှိပါ။ သို့ရာတွင် အစိုးရကျောင်းများ၌ တိုင်းရင်းသားဘာသာစကားများကို အပိုဘာသာရပ်အဖြစ် ၂၀၁၃ ခုနှစ်မှစတင် သင်ကြားပေးလျှက်ရှိသည်။ မည်သို့ဆိုစေ မွန်ပြည်နယ်ပြင်ပတွင် အရင်းအမြစ်ကန့်သတ်မှုများ၊ စံသတ်မှတ်ထားခြင်းမရှိသော ဒေသဆိုင်ရာ ဘာသာစကားများ၊ လူနည်းစုဘာသာစကားများတွင် ပညာရေးဆိုင်ရာပစ္စည်းများ မရှိမှုတို့အပြင် အမျိုးမျိုးကွဲပြားနေသော စိတ်ဝင်စားမှုအဆင့်များကြောင့် တိုးတက်မှုမှာ အနည်းအကျဉ်းသာရှိသည်။ တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများက ထိန်းချုပ်သော ကျောင်းများတွင် ကျောင်းသားများသည် အမျိုးသားသင်ရိုးညွှန်းတမ်းများကို ရံဖန်ရံခါမရရှိခဲ့ကြပါ။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိသောဧရိယာများတွင် အနည်းငယ်ပျောက်ကွယ်နေခဲ့သော်လည်း တပ်မတော်နှင့် တိုင်းရင်းသားလူနည်းစု လူထုအကြားတင်းမာမှုသည် မြင့်မားနေဆဲဖြစ်ပြီး တိုင်းရင်းသားအုပ်စုများ ဩဇာလွှမ်းမိုးသည့် အချို့ဧရိယာများတွင် တပ်မတော်က တပ်ဖွဲ့များကို စခန်းချထားပြီး အချို့သောမြို့ကြီးများ၊ မြို့များနှင့် အဝေးပြေးလမ်းမကြီးများကို ထိန်းချုပ်ထားသည်။ စစ်တပ်များ တိုးမြှင့်တည်ရှိနေမှုသည် တင်းမာမှုနှင့် မလုံခြုံမှု၏ အဓိကရင်းမြစ်ဖြစ်သည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့၊ ကရင်အမျိုးသားသမဂ္ဂနှင့် AA တို့အပါအဝင် တိုင်းရင်း သားလက်နက်ကိုင်အုပ်စုများက ထောက်ပြကြသည်။ အစိုးရစစ်သားများက တိုင်းရင်းသားများအား သတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အတင်းအကြပ် အလုပ်ခိုင်းစေခြင်း၊ အတင်းအကြပ် နေရာရွှေ့ ပြောင်းခြင်းများနှင့် အဓမ္မပြုကျင့်ခြင်းများ ပါဝင်သော အလွဲသုံးမှုများရှိကြောင်း သတင်းရရှိသည်။ အချို့အုပ်စုများကလည်း အလွဲသုံးမှုများ ဆက်လက်ကျူးလွန်ခဲ့ကြသည် (အပိုင်း ၁၊ ဆ ကို ကြည့်ပါ)။

အဓိကအားဖြင့် မွတ်ဆလင်လူမျိုးစုဟု ရည်ညွှန်းသော ရိုဟင်ဂျာများသည် ယခုအခါ ရခိုင်ပြည်နယ်ဟုခေါ် သောဒေသတွင် မျိုးဆက်ပေါင်းများစွာနေထိုင်ခဲ့ကြသည်ဟု အခိုင်အမာပြောဆိုကြသည်။ ၂၀၁၆ ခုနှစ်တွင်

အစိုးရက ထိုအုပ်စုအား "ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များ" ဟု စတင်ကိုးကားခဲ့သည်။ သို့ရာတွင် တပ်မတော်နှင့်အစိုးရအရာရှိများစွာတို့က ၎င်းတို့အား "ဘင်္ဂါလီများ" ဟု ဆက်လက်သုံးစွဲခဲ့ကြရာ ၎င်းတို့သည် မြန်မာနိုင်ငံမှမဟုတ်ကြောင်း ဖော်ပြခြင်းဖြစ်သည့်သဘောသက်ရောက်သည့်အတွက် ရိုဟင်ဂျာများက ၎င်းတို့အား ရှုတ်ချ ချိုးနှိမ်သည် ဟု ယူဆကြသည်။ ဘင်္ဂါလီဟူသော အသုံးအနှုန်းကို ပုဂ္ဂိုလ်တစ်ဦး၏လူမျိုးကို သူ သို့မဟုတ် သူ၏နိုင်ငံသားကတ်ပြားပေါ်တွင်ဖြစ်စေ၊ သူ သို့မဟုတ် သူမသည် နိုင်ငံသား ခံယူလျှောက်ဖြစ်စေ မည်သူမည်ဝါ ခွဲခြားမှု အထောက်အထောက်အထားများတွင် အသုံးပြုလေ့ရှိသည်။

ရိုဟင်ဂျာများသည် ၎င်းတို့၏တိုင်းရင်းသားဖြစ်တည်မှု သို့မဟုတ် ဘာသာရေးအပေါ်အခြေခံကာ အလွန်အမင်း ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့ကြရသည်။ ရိုဟင်ဂျာအများစုသည် ၎င်းတို့၏ခရီးသွားနိုင်ခွင့်၊ ကျန်းမာရေး စောင့်ရှာက်မှုလုပ်ငန်းများ အသုံးပြုခွင့်၊ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့် (အပိုင်း၇၊ ဃ ကိုကြည့်ပါ) ပညာသင်ကြားခွင့်၊ ဖွားသေစာရင်းမှတ်ပုံတင်ခြင်းနှင့် လက်ထပ်ခွင့် (အပိုင်း ၂၊ ဃ ကိုကြည့်ပါ)၊ ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှုကို လွတ်လပ်စွာကျင့်သုံးခွင့်၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်တို့နှင့် ပတ်သက်၍ ပြင်းထန်သော ပိတ်ပင်တားဆီးမှုများကို ကြုံတွေ့ခဲ့ကြရသည်။ ၂၀၁၂ ခုနှစ်တွင် ရွှေ့ပြောင်းခံရသူ အများစုသည် ယာယီစခန်းများတွင်ရှိနေဆဲဖြစ်ပြီး ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကို ပြင်းထန်စွာ ကန့်သတ်ခံခဲ့ကြရသည်။

အစိုးရက ရိုဟင်ဂျာများအား ၎င်းတို့နေထိုင်ရာကျေးရွာမှအပြင်သို့ ခရီးထွက်ရေးအတွက် ကြိုတင်အတည်ပြု ချက်ရယူရန် ပြဋ္ဌာန်းထားပြီး ဆရာဝန်များ၊ သူနာပြုများ သို့မဟုတ် ကျောင်းဆရာများအပါအဝင် အစိုးရဝန်ထမ်းများအဖြစ် အလုပ်လုပ်ခြင်းမှလည်း တားမြစ်ထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အာဏာပိုင်များက ရိုဟင်ဂျာများအား အတင်းအကြပ် အလုပ်စေခိုင်းခဲ့ကြပြီး ၎င်းတို့အား တစ်ဖက်သတ် ဖမ်းဆီးခဲ့ကြသည်။ အာဏာပိုင်များက ရိုဟင်ဂျာများ လက်ထပ်မှုအတွက် တရားဝင်ခွင့်ပြုချက်ရယူရန် ပြဋ္ဌာန်းထားပြီး မိသားစုတစ်ခုအတွက် ကလေးနှစ်ဦးသာ မှတ်ပုံတင်ရန် ကန့်သတ်ထားသော်လည်း ကလေးနှစ်ယောက် ဒေသန္တရမူဝါဒ အာဏာသက်ရောက်မှုသည် တစ်သမတ် တည်းမဟုတ်ပေ။ အစိုးရက မွေးစာရင်းထုတ်ပေးခြင်းကို ပြန်လည်စတင်ခဲ့သော်လည်း လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က မွေးဖွားခဲ့သော ရိုဟင်ဂျာများတွင် များသောအားဖြင့် မွေးစာရင်းမရှိကြကြောင်း အန်ဂျီအိုများက အစီရင်ခံကြသည်။

ရိုဟင်ဂျာများကို အိမ်များ သို့မဟုတ် ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်နိုင်စွမ်းကို ချုပ်ချယ် ထားသည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျားများအား ဗလီတက်ခွင့်ကို အာဏာပိုင်များက ဆက်လက် တားမြစ်ခဲ့သည်။

တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များသည် ၂၀၁၇ ခုနှစ်မှစတင်ကာ ရိုဟင်ဂျာကျေးရွာသားများအား ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့ကြပြီး ယင်းတို့ကို ယခုအစီရင်ခံစာပြုစုသည့်နှစ်အတွင်း မှတ်တမ်းတင်ထားသည်။ ထိုလုပ်ရပ်များတွင် တရားစီရင်ပိုင်ခွင့်ထက် ကျော်လွန်သတ်ဖြတ်မှုများ၊

အဓမ္မပြုကျင့်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ထင်သလိုဖမ်းဆီးမှုနှင့် ကျေးရွာရာပေါင်းများစွာ၊ ဘာသာရေး အဆောက်အအုံများနှင့် အခြားအဆောက်အအုံများကို မီးရှို့ခြင်းတို့ပါဝင်သည်။ ထိုရက်စက်ကြမ်းကြုတ်မှုများနှင့် ယှဉ်တွဲနေသောဖြစ်ရပ်များက အောက်တိုဘာလအထိ ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေခဲ့ပြီး ရိုဟင်ဂျာများကို လူမျိုးစုရှင်းလင်းရေးတို့ကို ဖြစ်ပေါ်စေခဲ့သည်။

အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လိင်မှုဆိုင်ရာရှေးရှုမှုကိုအခြေခံသော အခြားအလွဲသုံးမှုများနှင့် ကျား-မ သတ်မှတ်မှု လုပ်ရပ်များ။

နှစ်ဦးသဘောတူ လိင်တူချင်းဆက်ဆံမှုသည် ပြစ်မှုဆိုင်ရာဥပဒေအရ တရားမဝင်ဆဲတည်ရှိနေပြီး ထိုဥပဒေတွင် အမြင့်ဆုံးထောင် ၁၀ နှစ်နှင့် ငွေဒဏ်ချမှတ်နိုင်သော "ဓမ္မတာအတိုင်းမဟုတ်သောပြစ်မှုများ" နှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်တစ်ရပ်ပါရှိသည်။ ဥပဒေက "ဓမ္မတာအတိုင်းမဟုတ်သောပြစ်မှုများ" နှင့်ပတ်သက်၍ အမျိုးသားရော အမျိုးသမီးပါ တန်းတူအသုံးချသော်လည်း ထိုဥပဒေများက အာဏာသက်ရောက်ခဲလှသည်။ ရဲတပ်ဖွဲ့က ခြိမ်းခြောက် ငွေညှစ်ရန် တရားစွဲမည်ဟူသော ခြိမ်းခြောက်မှုကို အသုံးပြုလေ့ရှိကြသည်ဟု LGBTI များက ပြောကြားကြသည်။ အတင်းအကြပ်စေခိုင်းခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းတို့အတွက် ပြစ်မှုဆိုင်ရာဥပဒေကို ပိုမိုအသုံးပြုသော်လည်း LGBTI ပုဂ္ဂိုလ်များ အထူးသဖြင့် လိင်ပြောင်းထားသော အမျိုးသမီးများသည် နောက်ယောင်ခံခြင်းနှင့် ရုပ်ဖျက်ခြင်းဟုခေါ်သော ဥပဒေများဖြင့် မကြာခဏတရားစွဲဆိုခံကြရသည်။ ထိုဥပဒေများက ပုဂ္ဂိုလ်တစ်ဦးသည် ၎င်းတို့၏ဇီဝဗေဒဆိုင်ရာ လိင်နှင့်မညီဟု သိရှိထားသော နည်းလမ်းဖြင့် ဝတ်စားဆင်ယင်ခြင်း သို့မဟုတ် ပြုမူခြင်းကို "အယောင်ဆောင်ခြင်း" ဟု သတ်မှတ်ထားသည်။ လိင်ပြောင်းလဲထားသော အမျိုးသမီးများသည် LGBTI ၏ အခြားသော လူအဖွဲ့အစည်းများထက် ရဲတပ်ဖွဲ့၏ အလွဲသုံးမှုနှင့် ခွဲခြားဆက်ဆံမှုကို ပိုမိုမြင့်မားသော အဆင့်များဖြင့် ခံစားကြ ရကြောင်း ပြည်တွင်းအန်ဂျီအို အစီရင်ခံစာတစ်ခုအရ သိရှိရသည်။

မတ်လတွင် ရန်ကုန်ရှိအာဏာပိုင်များက လိင်တူချင်းဆက်ဆံသူ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးအား ၎င်း၏ အမျိုးသားဝန်ထမ်းတစ်ဦးကို လိင်မှုဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်သည့်စွပ်စွဲမှုအတွက် "ဓမ္မတာအတိုင်း မဟုတ်သာပြစ်မှုများ" ဥပဒေကိုအသုံးပြုခဲ့သည်။ ထိုအမှုကို နိုဝင်ဘာလအထိ ဆက်လက်စစ်ဆေးနေခဲ့သည်။

မကြာသေးမီနှစ်များအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများက LGBTI များအတွက်အများ ပြည်သူဆိုင်ရာ အခမ်းအနားများကျင်းပရေးနှင့် လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်ရေးတို့ကို ပိုမိုလွယ်ကူစေခဲ့သော်လည်း သာမန်ပြည်သူလူထုအကြား ခွဲခြားဆက်ဆံခြင်း၊ မနှစ်သက်ခြင်းနှင့် လက်ခံမှုနည်းခြင်းတို့ ဆက်လက်တည်ရှိ နေဆဲဖြစ်သည်။ အလုပ်အကိုင်တွင် လိင်မှုဆိုင်ရာရှေးရှုမှုနှင့် ကျား-မသတ်မှတ်မှုတို့အပေါ် အခြေခံသော ခွဲခြားဆက် ဆံမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာများရှိခဲ့သည်။ ဆေးကုသမှု စောင့်ရှောက်ပေးသူများထံမှ ခွဲခြားဆက်ဆံမှုများ ကို ကြုံတွေ့နေကြရသည်ဟု LGBTI ပုဂ္ဂိုလ်များက အစီရင်ခံကြသည်။

## အိပ်ချ်အိုင်ဗီ နှင့် အေ့ဒ်စ် စိတ်ဒဏ်ရာအမည်းစက်

အိပ်ချ်အိုင်ဗီ/အေ့ဒ်စ် ပုဂ္ဂိုလ်များအပေါ် အလုပ်အကိုင်ခွဲခြားဆက်ဆံမှုများအပါအဝင် လူ့အဖွဲ့အစည်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအစီရင်ခံစာများ ဆက်လက်ပေါ်ပေါက်ခဲ့ပါသည်။ လူမှုရေးစုရုံးမှုများနှင့် လှုပ်ရှားမှုများမှ ချန်လှပ်ထားခြင်းကဲ့သို့သော ဖြစ်ရပ်များနှင့် နှုတ်ဖြင့်စော်ကားခြင်း ဟန့်တားနှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းတို့အပြင် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းများ ဆက်လက်ဖြစ်ပွားခဲ့သည်။ အိပ်ချ်အိုင်ဗီ/အေ့ဒ်စ် ကူးစက်မှုမြင့် တက်သည့် စွန့်စားမှုနှင့်ဆက်နွယ်သည့် အပြုအမူများကို ပြစ်မှုအဖြစ် ပြဋ္ဌာန်းသောဥပဒေများ တည်ရှိဆဲဖြစ်ပြီး ယင်းဥပဒေများက အဆိုပါအပြုအမူများတွင် ပါဝင်ပတ်သက်သော ပုဂ္ဂိုလ်များအပေါ် မနှစ်သက်မှုနှင့်ခွဲခြားဆက်ဆံမှုကို တိုက်ရိုက်မီးလောင်ရာလေပင့်ပေးသကဲ့သို့ဖြစ်စေပြီး ၎င်းတို့၏ အိပ်ချ်အိုင်ဗီ ကြိုတင်ကာကွယ်မှု၊ ကုသမှုနှင့် စောင့်ရှောက်ရေးဝန်ဆောင်မှုများရရှိရေးကို အဟန့်အတား ဖြစ်စေပါသည်။

အမျိုးသမီးလိင်လုပ်သားများနှင့် လိင်ပြောင်းလဲထားသောအမျိုးသမီးများအားဆန့်ကျင်၍ မြင့်မားသော လူမှုရေး မနှစ်သက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့အဆင့်များက ၎င်းတို့၏ အိပ်ချ်အိုင်ဗီ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် စောင့်ရှောက်ရေးဝန်ဆောင်မှုများရရှိရေးကို အဟန့်အတားပြုလျှက်ရှိသည်။ လိင်လုပ်သားများအား ရဲတပ်ဖွဲ့က အနှောင့် အယှက်ပေးမှုသည် ထိုလုပ်သားများ ကွန်ဒုံးများသယ်ဆောင်ခြင်းကို အဟန့်အတားဖြစ်စေသည်။

## အခြားသောလူ့အဖွဲ့အစည်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု

မွတ်ဆလင်ဆန့်ကျင်ရေးသဘောထားနှင့် ခွဲခြားဆက်ဆံမှုတို့ တည်ရှိနေဆဲဖြစ်သည်။ မ-ဘ-သ အဖွဲ့ဝင်များ အပါအဝင် ဗုဒ္ဓဘာသာဝင် အမျိုးသားရေးဝါဒီအဖွဲ့ဝင်များက အစ္စလာမ်ဘာသာကို အပုပ်ချသည့်ပြင် မွတ်ဆလင် စီးပွားရေးလုပ်ငန်းများ သပိတ်မှောက်ရန်နှင့် "မွတ်ဆလင်မဲ့ကျေးရွာများ" ထူထောင်ရန် တောင်းဆိုခဲ့ကြသည်။

မွတ်ဆလင်ရပ်ရွာလူထုများက ရဲတပ်ဖွဲ့၏ မညီမျှသောပြုမူဆက်ဆံမှု၊ အစ္စလာမ်ဘာသာကို လျှို့ဝှက်စွာ ကျင့်သုံးမှုကို ဖိအားပေးမှုများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးတွက် အခက်အခဲဖြစ်မှု၊ ဒေသန္တရအစိုးရများက ၎င်းတို့၏ ခရီးသွားခြင်းကို အနီးကပ်စောင့်ကြည့်မှု သို့မဟုတ် ခရီးသွားရန်တောင်းဆိုမှုကို ငြင်းပယ်မှုများနှင့် ပညာရေး အခွင့်အလမ်းများကို ကန့်သတ်ပိတ်ပင်မှုများအကြောင်းကို တိုင်ကြားခဲ့ကြသည်။ ထို့ပြင် ပုဂ္ဂလိကများက အိမ်ငှားခြင်းအပေါ် ခွဲခြားဆက်ဆံခြင်းအား အချို့မွတ်ဆလင်များက ပြောကြား ခဲ့ကြသည်။

မွတ်ဆလင်ဆန့်ကျင်ရေးအမုန်းစကားသည် လူမှုကွန်ရက်မီဒီယာများ အထူးသဖြင့် မြန်မာနိုင်ငံတွင် ကျော်ကြားဆုံးလူမှုကွန်ရက်မီဒီယာဖြစ်သည့် ဖေ့စ်ဘွတ်ခ်တွင် ပျံ့နှံ့ခဲ့သည်။ လွတ်လပ်သောသတင်းပို့ချက်တစ်ရပ်က တပ်မတော်သည် အကောင့်တုများကို အသုံးပြု၍ အမုန်းစကားအကြောင်းအရာများကို ထုတ်လွှင့်ဝါဒဖြန့်ခြင်းအတွက် တာဝန် ရှိသည်ဟု ရည်ညွှန်းခဲ့သည်။

မွတ်ဆလင်များနှင့် ခရစ်ယာန်များအား ကန့်သတ်ပိတ်ပင်မှုများက ၎င်းတို့၏ အဆင့်မြင့်ပညာရေးအခွင့်အလမ်းများရရှိရေးနှင့် အဆင့်မြင့်အစိုးရရာထူးများရရှိရေးကို ဟန့်တားလျက်ရှိသည့်ပြင် မွတ်ဆလင်များသည် ရင်းနှီး မြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်းမရှိကြကြောင်း သတင်းရင်းမြစ်မျိုးစုံတို့က ဖော်ပြခဲ့ကြသည်။

**အပိုင်း ၇။ အလုပ်သမားအခွင့်အရေးများ**

**က။ လွတ်လပ်စွာသင်းဖွဲ့ခြင်းနှင့် စုပေါင်းညှိနှိုင်းခွင့်**

အလုပ်သမားများအား လွတ်လပ်သော သမဂ္ဂများဖွဲ့စည်းခွင့်နှင့် ပူးပေါင်းခွင့်၊ စုပေါင်းညှိနှိုင်းခွင့်နှင့် တရားဝင်သပိတ်မှောက်မှုများ ပြုလုပ်ခွင့်ကို ဥပဒေက ပေးထားသည်။ သမဂ္ဂလှုပ်ရှားမှုအတွက် အလုပ်ထုတ်ခံရသော အလုပ်သမားများအား ပြန်လည်ခန့်ထားရန် တောင်းဆိုခြင်းကို အလုပ်သမားအဖွဲ့အစည်းများအား ဥပဒေက ခွင့်ပြုထားသည်။ သို့ရာတွင် ရာထူးအဆင့်လျှော့ချခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာဖြင့် ပြောင်းရွှေ့ခြင်းပုံစံတွင် သမဂ္ဂအပေါ် ခွဲခြားဆက်ဆံမှုကို အတိအလင်း တားမြစ်ခြင်းမရှိသကဲ့သို့ သမဂ္ဂတစ်ခုဖွဲ့စည်းရန် ကြိုးပမ်းသော အလုပ်သမားများအတွက် အကာအကွယ်ပေးမှုကိုလည်း အတိအလင်းဖော်ပြထားခြင်းမရှိပါ။ သမဂ္ဂကို တရားဝင်မှတ်ပုံတင်မပြီးမီ အလုပ်သမားများအား ထုတ်ပစ်ခြင်းအတွက် လုံလောက်သော ကာကွယ်ပေးမှုအား ဥပဒေက ပြဋ္ဌာန်းထားခြင်းမရှိပေ။

အစိုးရထမ်းများ၊ လုံခြုံရေးလုပ်ငန်းများနှင့် ရဲတပ်ဖွဲ့မှ ပုဂ္ဂိုလ်များအား သမဂ္ဂများဖွဲ့စည်းခြင်းကို ဥပဒေများက တားမြစ်ထားသည်။ အလုပ်သမားများအား ၎င်းတို့၏ကုန်သွယ်မှု သို့မဟုတ် လုပ်ငန်းအမျိုးအစားအတွင်းရှိ သမဂ္ဂများတွင်သာ ဥပဒေက ပါဝင်ခွင့်ပြုထားပြီး ကုန်သွယ်မှု သို့မဟုတ် လုပ်ငန်း၏အဓိပ္ပာယ်သည် ရှင်းလင်းမှုမရှိပါ။ အခြေခံအလုပ်သမားအဖွဲ့အစည်းများတွင် အနည်းဆုံးအလုပ်သမား ၃၀ ဦးရှိရမည်ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမားဝန်ကြီးဌာန) ၏ မှတ်ပုံတင်အရာရှိချုပ်နှင့်အတူ မြို့နယ်မှတ်ပုံတင်အရာရှိမှတစ်ဆင့် မှတ်ပုံတင်ကြရမည် ဖြစ်သည်။ မြို့နယ်အလုပ်သမားအဖွဲ့အစည်းများသည် မှတ်ပုံတင်ရန် သက်ဆိုင်ရာ အခြေခံအလုပ်သမားအဖွဲ့အစည်းများ၏ အနည်းဆုံး ၁၀% လိုအပ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းများသည် သက်ဆိုင်ရာမြို့နယ် အလုပ်သမားအဖွဲ့အစည်းများ၏ အနည်းဆုံး ၁၀% လိုအပ်သည်။ အဆိုပါ

ပိုမိုအဆင့်မြင့်သော သမဂ္ဂတစ်ခုချင်းစီတွင် တူညီသော ကုန်သွယ်မှု သို့မဟုတ် လုပ်ငန်းအတွင်းရှိ အဖွဲ့အစည်းများသာ ပါဝင်ရမည်။ အလားတူစွာပင် ဖက်ဒရေးရှင်းများနှင့် ကွန်ဖက်ဒရေးရှင်းများသည်လည်း တရားဝင်မှတ်ပုံတင်ရန် ပို၍နိမ့်သော နောက်တစ်ဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမား အဖွဲ့အစည်းများ (၁၀% နှင့် ၂၀% အသီးသီး) ၏ အနည်းဆုံးအရေအတွက် လိုအပ်သည်။ အလုပ်သမား ဖက်ဒရေးရှင်းများနှင့် ကွန်ဖက်ဒရေးရှင်းများအား နိုင်ငံတကာဖက်ဒရေးရှင်း သမဂ္ဂများ၊ ကွန်ဖက်ဒရေးရှင်း သမဂ္ဂများနှင့် အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခြင်းကို ဥပဒေကခွင့်ပြုထားသည်။

အလုပ်သမားကိစ္စရပ်များကို ဆောင်ရွက်နေသည့် အန်ဂျီအိုများအပါအဝင် ပြည်တွင်း အန်ဂျီအိုများကို ဆန္ဒအလျှောက် မှတ်ပုံတင်ခွင့် ဥပဒေကခွင့်ပြုထားသည်။ မှတ်ပုံတင်ရန် ရွေးချယ်သောအဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာ နည်းဥပဒေများနှင့် ဖွဲ့စည်းမှုအထောက်အထားများကို အစိုးရထံသို့ပေးပို့ရန် လိုအပ်သည်။ လွတ်လပ်စွာ စုရုံးခွင့်နှင့်ပတ်သက်သော ကျယ်ပြန့်သည့်ကန့်သတ်ချက်များ ချမှတ်ထားဆဲဖြစ်သည် (အပိုင်း ၂၊ ခ ကိုကြည့်ပါ)။

သမဂ္ဂများအနေဖြင့် အလုပ်သမားများအား ကိုယ်စားပြုခွင့်၊ စေ့စပ်ညှိနှိုင်းခွင့်၊ အလုပ်သမားများနှင့်စု ပေါင်းညှိနှိုင်းခွင့်များကို ဥပဒေကပေးထားသည့်အပြင် ညှိနှိုင်းရေးအဖွဲ့ သို့မဟုတ် ညှိနှိုင်းရေးခုံအဖွဲ့သို့ ကိုယ်စားလှယ်များ စေလွှတ်ခွင့်ပြုထားသည်။ သို့ရာတွင် သမဂ္ဂခေါင်းဆောင်များ၏ စုရုံးခွင့်များကိုမူ သမဂ္ဂအား မှတ်ပုံတင်ပြီးမှသာ အကာအကွယ်ပေးထားသည်။ ဥပဒေတွင် ညှိနှိုင်းရေးလုပ်ငန်းစဉ်၏ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အပြင်ကင်းစွာညှိနှိုင်းရန် ပြဋ္ဌာန်းချက်၊ ညှိနှိုင်းရေးဘောင် သတ်မှတ်ချက်၊ မှတ်ပုံတင်ခြင်း၊ သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် စုပေါင်းသဘော တူညီချက်များ၏ အာဏာသက်ရောက်မှုတို့ကဲ့သို့သော အသေးစိတ်လုပ်ငန်းများ မပါဝင်ပါ။ အစိုးရ၊ စီးပွားရေးလုပ်ငန်းနှင့် အလုပ်သမားတို့၏ ကိုယ်စားလှယ်များပါဝင်သော အမျိုးသားသုံးပွင့်ဆိုင်ဆွေးနွေးမှုဖိုရမ် (NTDF) သည် ယခုအစီရင်ခံစာပြုစုသည့် နှစ်အတွင်း သုံးကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။ NTDF သည် အလုပ်သမားမှတ်ပုံတင်ရေး ပြန်လည်သုံးသပ်မှုနှင့်ပတ်သက်၍ လွှတ်တော်နှင့် တိုင်ပင်ဆွေးနွေးသည်။

အထူးစီးပွားရေးဇုန်များရှိ အငြင်းပွားမှုများကို မူရင်းသဘောတူစာချုပ်များနှင့် တည်ရှိဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်ဟု ဥပဒေကပြဋ္ဌာန်းထားသည်။ အစိုးရသည် ထိုသို့သော ဇုန်တစ်ခုချင်းစီအတွက် အလုပ်သမား စစ်ဆေးရေးမှူးတစ်ဦးကိုခန့်ထားပြီး လုပ်ခအဆင့်များသတ်မှတ်ရေးနှင့် ပြည်တွင်းနှင့် နိုင်ငံခြား အလုပ်သမားအချိုးကို စောင့်ကြည့်ရေးအတွက် တာဝန်ရှိသော ဇုန်ဆိုင်ရာသုံးပွင့်ဆိုင် ကော်မတီများကို ဖွဲ့စည်းထားသည်။

မေလတွင် လွှတ်တော်က အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ပြင်ဆင်ချက်ဥပဒေကို အတည်ပြုခဲ့ သော်လည်း စည်းမျဉ်းများအကောင်အထည်ဖော်ရေးမှာ မူကြမ်းအဆင့်တွင်ပင် ရှိသေးသည်။ ဥပဒေသည် ကဏ္ဍ အများစုတွင် အလုပ်သမားအများစု၏ မဲဆန္ဒ၊ သက်ဆိုင်ရာ အလုပ်သမားဖက်ဒရေးရှင်းများ၏

ခွင့်ပြုချက်နှင့်အသေး စိတ်သတင်းအချက်အလက်နှင့်အတူ အလုပ်ရှင်နှင့်သက်ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့သို့ သုံးရက်ကြိုတင် အကြောင်းကြား ကာ သပိတ်မှောက်ခွင့်ပြုထားသည်။ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများတွင် သပိတ်မှောက် ခြင်းများ သို့မဟုတ် အလုပ်ပိတ်ထားခြင်းများကို ဥပဒေက ခွင့်မပြုပါ။ "ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ" (သယ်ယူပို့ဆောင်ရေး၊ ကုန်တင်လေယာဉ်နှင့် ကုန်တင်သင်္ဘောများ၊ စာတိုက်လုပ်ငန်း၊ သန့်ရှင်းရေး၊ သတင်းနှင့် ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်၊ ရေနံနှင့် ဘဏ္ဍာရေးကဏ္ဍများပါဝင်သော) အတွက် သက်ဆိုင်ရာအလုပ်သမား အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးအဖွဲ့တို့သို့ ၁၄ ရက် ကြိုတင်အကြောင်းကြားကာ အလုပ်ပိတ်ခွင့်ပြုထားသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သပိတ်မှောက်ခြင်းသည် ယေဘုယျအားဖြင့် အခြားကဏ္ဍများရှိ အလားတူလုပ်ငန်းများ ကဲ့သို့ပင်ဖြစ်သော်လည်း အနိမ့်ဆုံးဝန်ဆောင်မှုအဆင့်များ ထိန်းသိမ်းမှုကို ဆုံးဖြတ်ရန်အတွက် သပိတ်မှောက်ခြင်းမပြုမီ ၁၄ ရက် ကြိုတင်အကြောင်းကြားကာ အလုပ်သမားများနှင့် စီမံအုပ်ချုပ်သူတို့အကြား စေ့စပ်ညှိနှိုင်းခြင်း ပြုလုပ်ရမည်။ အလုပ်သမားကိစ္စများနှင့် တိုက်ရိုက်မပတ်သက်သော ပြဿနာများကို ဖြေရှင်းရေးအတွက် သပိတ်မှောက် ခြင်းကို ဥပဒေက တားမြစ်သည်။

ပြင်ဆင်သောဥပဒေသည် တိုင်ကြားချက်များကို "တစ်ဦးချင်း" သို့မဟုတ် "စုပေါင်းသော" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသော်လည်း "အခွင့်အရေးများအခြေခံသော" သို့မဟုတ် "အကျိုးကျေးဇူးများကိုအခြေခံသော" ဟူ၍ ဖွင့်ဆိုထားသည်။ "အခွင့်အရေးများအခြေခံသော" အငြင်းပွားမှုများတွင် အလုပ်သမားဥပဒေကို ချိုးဖောက်မှုများ ပါဝင်ပြီး "အကျိုးကျေးဇူးများကိုအခြေခံသော" အငြင်းပွားမှုများတွင် လုပ်ငန်းခွင်အခြေအနေများနှင့် သက်ဆိုင်သည်။ ပြင်ဆင်သောဥပဒေအရ "အခွင့်အရေးများအခြေခံသော" အငြင်းပွားမှုများသည် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်မှတစ်ဆင့် သို့မဟုတ် ခုံသမာဓိကြားနာခြင်းမှတစ်ဆင့်မသွားဘဲ တရားရုံးကြားနာမှုများသို့ တိုက်ရိုက်သွားသည်။ ပြင်ဆင်သည့် ဥပဒေသည် လုပ်သမားဥပဒေချိုးဖောက်မှုများအတွက် ဒဏ်ငွေများကို သိသာထင်ရှားစွာ တိုးမြှင့်ထားသော်လည်း ချိုးဖောက်မှုများအတွက် ထောင်ဒဏ်ကို ပယ်ဖျက်ထားသည်။

အလုပ်သမားအဖွဲ့များက ထိုဥပဒေ၏ မှတ်ပုံတင်ရေးပြဋ္ဌာန်းချက်များကြောင့် ကုမ္ပဏီပေါင်းစုံနှင့်အလုပ်သမားမှုဘောင်သဘောတူညီချက်များ ဝင်ရောက်ရေးအတွက် မရှိမဖြစ်ထားရှိရန်လိုအပ်သည့် ဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ကြောင့် အမျိုးသားအဆင့်တွင် မှတ်ပုံတင်နိုင်စွမ်း မရှိကြောင်း ဆက်လက်အစီရင်ခံခဲ့ကြသည်။ သမဂ္ဂများဖွဲ့စည်းသော သို့မဟုတ် သမဂ္ဂများတွင်ပါဝင်သော အလုပ်သမားများအား အလုပ်ရှင်များက အလုပ်ထုတ်ခြင်း သို့မဟုတ် အခြားပုံစံဖြင့် လက်တုံ့ပြန်ခြင်းတို့က နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီး (ILO)၊ အလုပ်သမား လှုပ်ရှားသူများနှင့် မီဒီယာတို့က စိုးရိမ်ကြောင်း ဆက်လက်ဖော်ပြခဲ့ကြသည်။ အလုပ်သမားသမဂ္ဂများက အစီရင်ခံသောအမှုများတွင် အလုပ်သမားများအား စွဲဆိုသောပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများမှာ ၎င်းတို့၏ သပိတ်မှောက်ရန် အခွင့်အရေးကို ကျင့်သုံးမှုများပင် ဖြစ်သည်။ အလုပ်သမားအခွင့်အရေးများနှင့်ပတ်သက်၍ ဆန္ဒပြပွဲများကျင်းပသောအခါ ငြိမ်းချမ်းစွာစုရုံးခြင်း

ဥပဒေကို ချိုးဖောက်မှုဖြင့် ကုန်သွယ်ရေးသမဂ္ဂဝင်များအား ဖမ်းဆီးတရားစွဲဆိုခဲ့ကြသည်။ ဒေသခံအလုပ်သမားရုံးများက သမဂ္ဂမှတ်ပုံတင်ရေးအတွက် ဥပဒေနှင့်မညီသော မလိုအပ်သည့် ဗျူရိုကရေစီ ပြဋ္ဌာန်းချက်များကို သတ်မှတ်ကြသည်ဟု အလုပ်သမားအဖွဲ့အစည်းများက ပြောကြားခဲ့ကြသည်။

အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂများက ဆက်လက်အစီရင်ခံကြသည်မှာ အလုပ်သမားဝန်ကြီးဌာနက အလုပ်ရှင်များအား စေ့စပ်ညှိနှိုင်းရန် တိုက်တွန်းအားပေးရာတွင် အကူအညီဖြစ်သည်ကို တွေ့ရှိရသည်ဟု ဆိုသော်လည်း အလုပ်ရှင်များက သမဂ္ဂအပေါ် ခွဲခြားဆက်ဆံမှုများကို ပြုလုပ်ကြကြောင်း တစ်သမတ်တည်း ဖော်ပြသော အစီရင်ခံစာများရှိခဲ့သည်။

**ခ။ အတင်းအကြပ်အလုပ်စေခိုင်းမှု သို့မဟုတ် မလုပ်မနေရ အလုပ်စေခိုင်းမှု**

အတင်းအကြပ်အလုပ်စေခိုင်းမှု သို့မဟုတ် မလုပ်မနေရ အလုပ်စေခိုင်းမှုပုံစံအားလုံးကို ဥပဒေများကတား မြစ်ထားသော်လည်း ယင်းကို တပ်မတော်နှင့် ပြစ်မှုဆိုင်ရာ အဖွဲ့စည်းများတွင် ခွင့်ပြုထားသည်။ အခြားသူ များအား အတင်းအကြပ်အလုပ်စေခိုင်းသော ပုဂ္ဂိုလ်အပေါ် ပြစ်ဒဏ်ကို ဥပဒေက ပြဋ္ဌာန်းထားသည်။ သို့ရာတွင် အစိုးရက ဥပဒေကို ထိရောက်စွာ သက်ရောက်အောင် ဆောင်ရွက်ခြင်းမရှိပါ။

ဥပဒေသည် အတင်းအကြပ်အလုပ်စေခိုင်းမှု ချိုးဖောက်ခြင်းအတွက် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်များမှာ တပ်မတော်၊ အစိုးရ သို့မဟုတ် ပုဂ္ဂလိက နိုင်ငံသားကျူးလွန်သော ချိုးဖောက်မှုအပေါ်မူတည်၍ ကွဲပြားခြားနားပါသည်။ အဆိုပါပြစ်ဒဏ်များသည် အတင်းအကြပ်အလုပ်စေခိုင်းမှုကို ဟန့်တားရန် လုံလောက်မှုမရှိပါ။

အစိုးရက ပိုမိုပြည့်ဝသောစနစ် ဖွံ့ဖြိုးရေးကိုရည်ရွယ်၍ သမ္မတရုံး၏လုပ်ပိုင်ခွင့်အရ ကြားဖြတ်တိုင်ကြားမှုများ စနစ်တစ်ရပ်ကို ထူထောင်ခဲ့သည်။ အစိုးရ၏ထိုစနစ်သည် ခံရသူများအတွက် အကာအကွယ်ပေးမှုများကို ဖြည့်ဆည်း မပေးနိုင်ခြင်းအား စိုးရိမ်ကြောင်း ILO နှင့် သမဂ္ဂများက ထုတ်ဖော်ပြောကြားခဲ့သည်။

အတင်းအကြပ်အလုပ်စေခိုင်းမှု တိုင်ကြားချက်များအရေအတွက်မှာ ကျဆင်းလျှက်ရှိသည်ဟု ILO က အစီ ရင်ခံခဲ့သည်။ ပဋိပက္ခများအတွင်းနှင့် အပစ်အခတ်ရပ်စဲထားသောဧရိယာများအတွင်း အပါအဝင် နိုင်ငံတစ်ဝန်း အတင်းအကြပ်အလုပ်စေခိုင်းမှုများနှင့် ထင်ရှားသောလက်နက်ကိုင်ပဋိပက္ခများနှင့်အတူ ပြည်နယ်များတွင် ထိုဖြစ်ရပ်များ ပျံ့နှံ့ မှုမြင့်မားသည့် အစီရင်ခံစာများရှိခဲ့သည်။

ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် တပ်မတော်က အတင်းအကြပ် အလုပ်စေခိုင်းမှုများအသုံးပြုခြင်းကို ILO အရသိရှိရသည်။ အတင်းအကြပ်အလုပ်စေခိုင်းမှု အစီရင်ခံစာများတွင် အထမ်းသမားအဖြစ် အတင်းအကြပ် စေခိုင်းခြင်းနှင့် တပ်မတော်၏ ကိုယ့်အားကိုယ်ကိုးမူဝါဒနှင့် ဆက်စပ်သောလုပ်ငန်းများပါဝင်သည်။ ကိုယ့်အားကိုယ် ကိုးမူဝါဒအရ ၎င်းတို့ကိုယ်ပိုင်ရိက္ခာရယူခြင်းနှင့် ဒေသခံကျေးရွာသားများထံမှ

လုပ်အားထောက်ပံ့မှုများအတွက် တပ်မတော် တပ်ရင်းများတွင်တာဝန်ရှိပြီး ယင်းသည် အတင်းအကြပ် အလုပ်စေခိုင်းခြင်းနှင့် အခြားအလွဲသုံးမှုများကို အထောက်အပံ့ပြုနေသော အဓိကအကြောင်းရင်းဖြစ်သည်။

တပ်မတော်နှင့် အစိုးရတို့သည် တိုင်ကြားရေးစနစ်မှ မှတ်တမ်းတင်ထားသော တိုင်ကြားမှုများကို လက်ခံရရှိခဲ့ကြသော်လည်း တပ်မတော်က မည်သည့်ကျူးလွန်သူကမျှ အရပ်ဘက်တရားရုံးတွင် စီရင်ခံရခြင်းမရှိပေ။ အရာရှိများနှင့် အခြားအဆင့်တပ်မတော်သားများအား စစ်တရားရုံးတွင်သာ စီရင်ရမည်ဟု တပ်မတော်က အခိုင်အမာဆိုထားသည်။

နိုင်ငံ၏ အလုပ်စခန်း ၄၈ ခုရှိ အကျဉ်းသားများသည် အတင်းအကြပ်အလုပ်စေခိုင်းမှုတွင် ပါဝင်နေပါသည် (အပိုင်း ၁၊ ဂ အကျဉ်းထောင်နှင့် ထိန်းသိမ်းရေးစခန်းများ အခြေအနေကို ကြည့်ပါ)။

ILO က ပုဂ္ဂလိကကဏ္ဍရှိ အတင်းအကြပ်အလုပ်စေခိုင်းသည့် အစီရင်ခံစာများကို လက်ခံရရှိခြင်းမရှိခဲ့ပါ။ အိမ်စေအလုပ်သမားများသည်လည်း အိမ်တွင်းကျွန်ဖြစ်သည့်အန္တရာယ်တွင် ရှိနေဆဲဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ "လူကုန်ကူးမှုအစီရင်ခံစာ" ကို http://www.state.gov/trafficking-in-person s-report/. တွင်ကြည့်ပါ။

## ဂ။ ကလေးအလုပ်သမားကို တားမြစ်ခြင်းနှင့် အလုပ်အတွက်အနိမ့်ဆုံးအသက်အရွယ်

ကလေးအလုပ်သမား၏ အဆိုးဝါးဆုံးပုံစံအားလုံးကို အစိုးရက တားမြစ်ထားခြင်းမရှိပါ။ ဇူလိုင်လတွင် လွှတ်တော်က ကလေးသူငယ်ဥပဒေကို အတည်ပြုခဲ့ရာ ထိုဥပဒေက အချို့ဈေးဆိုင်များ၊ အဖွဲ့အစည်းများနှင့် စက်ရုံများတွင် အလုပ်လုပ်ရေးအတွက် အနိမ့်ဆုံးအသက်အရွယ်ကို ၁၄ နှစ်ဟု သတ်မှတ်ထားသည်။ ၁၄ နှစ်ထက်ကြီးသောက လေးသူငယ်များအတွက် "လူငယ်အလုပ်သမား" ဟူသော အထူးပြဋ္ဌာန်းချက်တစ်ရပ်ကို ချမှတ်ထားသည်။ သို့ရာတွင် စိုက်ပျိုးရေးနှင့် ရိုးရိုးအလုပ်များအပါအဝင် ကဏ္ဍအားလုံးအတွက် မည်သည့်ကလေးငယ်များ အလုပ်လုပ်ရမည်ဟူသော အနိမ့်ဆုံးအသက်ကန့်သတ်ချက်မပါရှိပါ။ သီးခြားကဏ္ဍ ဥပဒေအချို့က အသက် ၁၈ နှစ်ထက်ငယ်သော ကလေးများအတွက် လုပ်ငန်းများကို ခွဲခြားသတ်မှတ်ထားသည်။ အသက် ၁၆ နှစ်အောက် အလုပ်သမားများအား ဘေးအန္တရာယ်ရှိသောဝန်းကျင်တွင် အလုပ်စေခိုင်းခြင်းမပြုရန် ဥပဒေက ပြဋ္ဌာန်းထားပြီး ကလေးအလုပ်သမားအား အထူးသဖြင့် တားမြစ်ထားသည့် အန္တရာယ်ရှိသော အလုပ်အကိုင်အမည်စာရင်းတစ်ခုကို အစိုးရက ပြုစုထားသည်။

စက်ရုံနှင့်အထွေထွေအလုပ်သမားဥပဒေများ စစ်ဆေးဦးစီးဌာနမှ လေ့ကျင့်ထားသော စစ်ဆေးရေးမှူးများသည် အဆိုပါစည်းမျဉ်းဥပဒေများအား အသုံးချမှုကို စောင့်ကြည့်ကြီးကြပ်ကြသော်လည်း ၎င်းတို့၏ ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်မှာ စက်ရုံများအထိသာ ဖြန့်ကျက်နိုင်ပါသည်။ ထို့ပြင် စစ်ဆေးရေးမှူးများကို အထွေထွေ အရင်းအမြစ်များ မရှိမှုက ဟန့်တားထားသည်။

အလုပ်သမားဝန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများနှင့်အတူ တည်ရှိဆဲကလေးအလုပ်သမားဆိုင်ရာ ပိုမိုကောင်းမွန်သော အချက်အလက်များကောက်ယူရန် ဆောင်ရွက်ခဲ့ပြီး ကလေးအလုပ်သမား အန္တရာယ်များ၏ အသိအမြင်မြှင့်တင်ရေးနှင့် ကလေးများရရှိနိုင်သော အခြားပညာရေးရွေးချယ်မှုများဆိုင်ရာ သတင်းအချက်အလက်များပေးရန် မိဘများအား ဦးတည်သည့်လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ အလုပ်သမားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်အတူ အစီအစဉ်နှစ်ခုကို ဆောင်ရွက်ခဲ့သည်။ တစ်ခုမှာ ကလေးသူငယ်များအား လုပ်ငန်းခွင်မှခေါ်ထုတ်ကာ ကျောင်းများတွင်ထည့်သွင်းရန်ရည်ရွယ်ပြီး အခြားအစီအစဉ်မှာ ကလေးစစ်သားဟောင်းများအား ကျောင်းပညာရေးရရှိရေး သို့မဟုတ် အသက်မွေဝမ်းကျောင်း သင်တန်းရရှိရေးတို့တွင် အကူအညီပေးရန်ဖြစ်သည်။ အလုပ်သမားဝန်ကြီးဌာနသည် အန္တရာယ်မရှိသော ပတ်ဝန်းကျင်များရှိ အလုပ်အကိုင်များအတွက် လူငယ်လုပ်သားများကို လေ့ကျင့်ပေးရန် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများကို ထောက်ပံ့ပေးခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများတွင်အသုံးပြုရန် ကလေးသူငယ်များအား ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးမှုများနှင့် လူသစ်စုဆောင်းမှုများရှိကြောင်း ILO ကဖော်ပြခဲ့သည်။ ဥပဒေအရပြစ်ဒဏ်များနှင့် ယင်းတို့၏ အာဏာသက်ရောက်မှုသည် အခြားသော ကလေးအလုပ်သမား ချိုးဖောက်မှုများကို ဟန့်တားရန် လုံလောက်မှုမရှိပေ။

ဥပဒေအာဏာသက်ရောက်စေရန် ထိရောက်စွာဆောင်ရွက်ခြင်းကို အစိုးရက မပြုခဲ့ပါ။ ကလေးအလုပ်သမားသည် ပျံ့နှံ့ဆဲဖြစ်ပြီး အများအပြားတွေ့မြင်နိုင်သည်။ ကလေးသူငယ်များသည် ဆင်းရဲမှုကြောင့် အချို့သောမိဘများက မသင်မနေရ ပညာရေးမပြီးဆုံးခင်တွင် ကျောင်းမှထုတ်ခြင်းနှင့်အတူ မြင့်မားသော စွန့်စားရမှုကိုကြုံတွေ့နေကြရသည်။ မြို့ကြီးများတွင် ကလေးသူငယ်များသည် များသောအားဖြင့် လမ်းဘေးဈေးသည်များ သို့မဟုတ် အမှိုက်ကောက်သူများ၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များတွင် အကူများအဖြစ်အပြင် အိမ်စေများအဖြစ် အလုပ်လုပ်ကြရသည်။ ကလေးများသည် အထည်ချုပ်လုပ်ငန်းများတွင်လည်း အလုပ်လုပ်ကြရသည်။

ကလေးသူငယ်များသည် တရားမဝင်သောစီးပွားရေးလုပ်ငန်းတွင် အလုပ်လုပ်ကြရပြီး အချို့ဖြစ်ရပ်များတွင် မူးယစ်ဆေးဝါးများနှင့် အသေးအဖွဲ့ခိုးမှုများ၊ ဖမ်းဆီးခံရမှုအန္တရာယ်၊ စီးပွားဖြစ်လိင်မှုဆိုင်ရာအမြတ်ထုတ်မှုနှင့် အိပ်ချ်အိုင်ဗွီ/အေ့ဒ်စ်နှင့် အခြားသော လိင်မှုဆိုင်ရာကူးစက်ရောဂါများ ဖြစ်ပေါ်လာစေခဲ့သည်။ (အပိုင်း ၆ ကိုကြည့်ပါ)။

ကလေးသူငယ်များသည် လက်ဖက်ရည်ဆိုင်များ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် တောင်းရမ်းခြင်းတို့တွင် အတင်းအကြပ်အလုပ်စေခိုင်းမှုကို ကာကွယ်နိုင်စွမ်းမရှိကြပေ။ ကျေးလက်ဒေသများတွင် ကလေးများသည်

မိသားစုစိုက်ပျိုး ရေးလုပ်ငန်းများတွင် ပုံမှန်အလုပ်လုပ်ကြရပြီး ရံဖန်ရံခါ အတင်းအကြပ်စေခိုင်းခံရသော အခြေအနေများတွင် အလုပ် လုပ်ကြရသည်။

အလုပ်သမားဝန်ကြီးဌာန၏ ကလေးအလုပ်သမား၏ အဆိုးဝါးဆုံးပုံစံများဆိုင်ရာ တွေ့ရှိချက်များ အစီရင်ခံ စာကို http://www.dol.gov/agencies/resources/reports/child-labor/finding နှင့်အလုပ်သမားဝန်ကြီးဌာန၏ ကလေးလုပ်အားဖြင့် ထုတ်လုပ်သောကုန်ပစ္စည်းများ သို့မဟုတ် အတင်းအကြပ်အလုပ်စေခိုင်းမှုကို http://www.dol. gov/ agencies/ilab/report/child-labor/list-of-goods တွင်ကြည့်ပါ။

## ဃ။ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှု

အလုပ်သမားဥပဒေများနှင့် စည်းမျဉ်းဥပဒေများသည် အထူးသဖြင့် အလုပ်အကိုင်ခွဲခြားဆက်ဆံမှုကို တားမြစ်ထားခြင်းမရှိပါ။

ရိုးရာအစဉ်အလာအရ အမျိုးသားများ အများစုကြီးစိုးသော အလုပ်အကိုင်များ (သတ္တုတူးဖော်ရေး၊ သစ်တော လုပ်ငန်း၊ လက်သမားအလုပ်၊ ပန်းရံလုပ်ငန်းနှင့် ငါးဖမ်းခြင်း) တွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ခွင့်မရရှိကြဘဲ အချို့သော ကျွမ်းကျင်မှုလုပ်ငန်းများတွင် တားမြစ်ခံကြရသည်။

အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များက မွတ်ဆလင်ဆန့်ကျင်သော ခွဲခြားဆက်ဆံမှုများကို ကျင့်သုံးခဲ့ကြပြီး ယင်းသည် မွတ်ဆလင်ပိုင် စီပွားရေးလုပ်ငန်းများလည်ပတ်မှုကို ဟန့်တားထားပြီး ၎င်းတို့၏ အလုပ်သမား ငှားရမ်းထိန်းသိမ်းနိုင်စွမ်း၊ သင့်တော်သော အလုပ်စံနှုန်းများထိန်းသိမ်းနိုင်စွမ်းနှင့် အစိုးရနှင့် ပုဂ္ဂလိက စာချုပ်များအား စိတ်ချနိုင်စွမ်းတို့အပေါ် ဆန့်ကျင်ဘက်အကျိုးသက်ရောက်စေသည်ဟူသော အစီရင်ခံစာများရှိသည်။ LGBTI ပုဂ္ဂိုလ်များအား ရာထူးတိုးမြှင့်ရန် ငြင်းဆိုခြင်းနှင့် အလုပ်မှ ထုတ်ပစ်ခြင်းအပါအဝင် အလုပ်အကိုင်တွင် လိင်မှုဆိုင်ရာကိုရွေးရှု၍ လိင်ခွဲခြား သတ်မှတ်မှုအပေါ်အခြေခံသော ခွဲခြားဆက်ဆံသည့် သတင်းများရှိခဲ့သည်။ လိင်တူဆက်ဆံသူများနှင့် အမျိုးသမီးချင်း လိင်တူဆက်ဆံသူများစွာ တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ကန့်သတ်ချုပ်ချယ်ထားပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ပံ့ပိုးကူညီမှုမရှိကြောင်း လှုပ်ရှားသူများကပြောကြားခဲ့ကြသည်။ အထွေထွေလူမှုရေးခွဲခြားဆက်ဆံမှုနှင့် ပတ်သက်၍ အိပ်ချ်အိုင်ဗီ/အေ့ဒ်စ် ပုဂ္ဂိုလ်များသည် စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အရ မဖြစ်မနေ ဆောင်ရွက်ရသော လုပ်ငန်းခွင် အိပ်ချ်အိုင်ဗီ စစ်ဆေးမှုတွင် ကူးစက်ကြောင်း အဖြေထွက်ပြီးနောက် ရာထူးချခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုအပါအဝင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးတွင် အလုပ်အကိုင်ခွဲခြားဆက်ဆံမှုကို ကြုံတွေ့ကြရသည်ဟု တက်ကြွလှုပ်ရှားသူများက အစီရင်ခံကြသည်။

## င။ အလုပ်အကိုင်၏ လက်ခံနိုင်သော အခြေအနေများ

တရားဝင်အနိမ့်ဆုံးလုပ်ခသည် ဆင်းရဲမွဲတေမှုသတ်မှတ်ချက်ထက် ကျော်လွန်သည်။ အနိမ့်ဆုံးလုပ်ခသည် ကဏ္ဍအားလုံးနှင့် စက်မှုလုပ်ငန်းအားလုံးတစ်လျှောက် တစ်နေ့လျှင် ၈ နာရီစံနှုန်းကိုလွှမ်းခြုံမိပြီး အလုပ်သမား ၁၅ ဦး ထက်နည်းသော စီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများမှအပ အလုပ်သမားအားလုံးကို သက်ရောက်သည်။ အနိမ့်ဆုံးလုပ်ခကို နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ်ရန် ဥပဒေကပြဋ္ဌာန်းထားသည်။ ၂၀၁၈ ခုနှစ် မေလတွင် တိုးမြှင့်ပေးသော အနည်းဆုံးလုပ်ခသည် အလုပ်သမားများအတွက် မြင့်တက်လာသော လူနေမှုစရိတ်ကို ကာမိခြင်းမရှိအောင် နည်းပါးလွန်းသည်ဟု အလုပ်သမားသမဂ္ဂများနှင့် လှုပ်ရှားသူများက ဝေဖန်ခဲ့ကြသည်။

အလုပ်သမား ၁၀၀ သို့မဟုတ် ၁၀၀ အောက်ရှိသောကုမ္ပဏီများအတွက် အလုပ်သမားများအား လစာပေးချေရန် ကျရောက်သည့်နေ့တွင် အလုပ်ရှင်က လစာပေးရန် ဥပဒေကပြဋ္ဌာန်းထားသည်။ အလုပ်သမား ၁၀၀ နှင့်အထက်ရှိသော ကုမ္ပဏီများအတွက် လစာပေးရန်သတ်မှတ်ထားသောနေ့မှ ၅ ရက်အတွင်းပေးချေရန် ပြဋ္ဌာန်းထားသည်။ အချိန်ပိုသည် တစ်ပတ်လျှင် ၁၂ နာရီထက် မပိုရ၊ ညသန်းခေါင်ကို မကျော်လွန်စေရ၊ အထူးအခါသမယများတွင်သာ တစ်ပတ် လျှင် ၁၆ နာရီကျော်လွန်နိုင်သည်။ အလုပ်သမားတစ်ဦး၏ စုစုပေါင်းအလုပ်ချိန်သည် တစ်နေ့လျှင် ၁၁ နာရီ ထက်မကျော်လွန်ရဟု ဥပဒေက ပြဋ္ဌာန်းထားသည်။ (အချိန်ပိုနှင့် နားချိန်တစ်နာရီအပါအဝင်)။ ဆိုင်များ၊ စီးပွားရေး လုပ်ငန်းများနှင့် ပြည်သူ့ဖျော်ဖြေရေးလုပ်ငန်းများနှင့်လည်း ဥပဒေကအကျုံးဝင်သည်။

အလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့အတွက် လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များနှင့် အခြေအနေများကို ဥပဒက ပြဋ္ဌာန်းထားသည်။ အလုပ်သမားများသည် ၎င်းတို့၏ အလုပ်အကိုင်ကို မထိခိုက်စေဘဲ ၎င်းတို့၏ကျန်းမာရေး သို့မဟုတ် ဘေးကင်းမှုကို အန္တရာယ်ဖြစ်စေသော အခြေအနေများမှ ၎င်းတို့ကိုယ်တိုင် ရွှေ့ပြောင်းနိုင်ခြင်း ရှိ၊ မရှိမှာ တိကျရှင်းလင်းမှုမရှိပါ။

အလုပ်သမားဝန်ကြီးဌာန၏ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ စစ်ဆေးရေးဌာနသည် ပုဂ္ဂလိကကဏ္ဍရှိ အလုပ်သမားအခြေအနေများကို ကြီးကြပ်သည်။ ဥပဒေအာဏာသက်ရောက်စေရန် အစိုးရက ထိရောက်စွာဆောင်ရွက်ခြင်းမပြုခဲ့ပါ။ ဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမားဥပဒေ စစ်ဆေးသူများနှင့် အလုပ်ရုံစစ်ဆေးသူများ အရေအတွက်သည် အလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစံနှုန်းများ၊ လုပ်ခ၊ လစာ၊ အချိန်ပိုနှင့် အခြား ကိစ္စများကို ပြည့်စုံစွာဖြေရှင်းရန် လုံလောက်မှုမရှိပါ။ အချို့သောကဏ္ဍများတွင် အခြားဝန်ကြီးဌာနများက အလုပ်အကိုင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးဥပဒေများကို ပြဋ္ဌာန်းထားသည်။ (ဥပမာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ အစိုးရ၏စစ်ဆေးမှုများသည် ဖြစ်ခဲလှပြီး ရက်ပေါင်းများစွာ ကြိုတင်အကြောင်းကြားထားသဖြင့် အလုပ်ရုံပိုင်ရှင်များက လိုက်နာရန် အထောက်အကူများကို ယာယီအားဖြင့် ဆောင်ရွက်ထားခွင့်ရရှိသည်ဟု အလုပ်သမားများက

စွပ်စွဲပြောဆိုခဲ့ကြသည်။ စစ်ဆေးသူများ၏ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပုဂ္ဂလိကကဏ္ဍသည် အလုပ်သမားဥပဒေများကို လက်တွေ့လေးစားလိုက်နာရဖွယ်ရှိပြီး ပုဂ္ဂလိကကုမ္ပဏီများတွင် ချိုးဖောက်မှုများ မကြာခဏဖြစ်ပွားခဲ့သည်။ အလုပ်သမားများက သက်ဆိုင်ရာအစိုးရ အေဂျင်စီများနှင့် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများသို့ တိုင်ကြားမှုများကို ဆက်လက်တင်ပြခဲ့ကြသည်။

စက်မှုလုပ်ငန်းဆိုင်ရာ ပြင်းထန်သော မတော်တဆမှုအချို့ ယခုအစီရင်ခံစာပြုစုသည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည်။ ဥပမာ ဧပြီလတွင် ကျောက်စိမ်းမိုင်းတွင်းတစ်ခု၏ မတော်တစ်ဆဖြစ်ရပ်တစ်ခုတွင် မိုင်းအလုပ်သမား ၅၀ ကျော်သေဆုံးခဲ့သည်။